ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (23-4-2014) (၇၁၃၉)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့် နေ့အပူချိန်များ

မော်လိုက်	၄၃ ဒီဂရီစင်တီဂရိတ်
ကန့်ဘလူ	၄၃ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၃ ဒီဂရီစင်တီဂရိတ်
ရေဦး	၄၃ ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီး	၄၃ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါ	၄၃ ဒီဂရီစင်တီဂရိတ်
ပြည်	၄၃ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်

ဥပဒေများ ပြဋ္ဌာန်းပြီးသော်လည်း လုပ်ထုံးလုပ်နည်းများ ပေါ်ထွက်လာခြင်းမရှိသေးသည့်ကိစ္စရပ်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သော ဥပဒေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တို့မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳

ယနေ့ မာတိကာ

အသိဉာဏ် ပွင့်လင်းစီးဆင်းရာ
စာမျက်နှာ - ၂

တရုတ်နှင့်တောင်ကိုရီးယား တို့ကို ဒေါသဖြစ်စေသည့် ဂျပန်ဝန်ကြီးချုပ်၏ ယာဆူကူနီဂျူဗိမာန် ဂါရဝပြုမှု
စာမျက်နှာ - ၅

ကမ်းလင့်လက်ရည် ဘက်စုံလူငယ်ဆီ
စာမျက်နှာ - ၆

မုတ္တမပင်လယ်ကွေ့အား ရေတိမ်ဒေသသတ်မှတ်နိုင်ရေးဆောင်ရွက်မည်

မော်လမြိုင် ဧပြီ ၂၂

မုတ္တမပင်လယ်ကွေ့တွင် ငှက်အရေအတွက် ၂၀၀၀၀၀ ခန့်သည်နှစ်စဉ်လာရောက်ဆောင်းခိုလျက်ရှိပြီး တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၅၀၀ ခန့်သာကျန်တော့သည့် မျိုးသုဉ်းရန် အစိုးရိမ်ရဆုံးအခြေအနေသို့ ရောက်ရှိနေသော ရေညှောင့်နှုတ်ဝိုင်းငှက်များလည်း နှစ်စဉ်လာရောက်ဆောင်းခိုကာ ထူးခြား၍ အရေးပါလှသည့် ရေတိမ်ဒေသတစ်ခုဖြစ်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအရင်းအမြစ်များ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◯

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အိမ်ထောင်စု ၁၁ သန်းခန့် စာရင်းကောက်ယူပြီးစီးခဲ့

နေပြည်တော် ဧပြီ ၂၂

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်မှ စတင်၍ ၁၂ ရက်ကြာ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၀ ရက် ညနေ ၆ နာရီအထိ အိမ်ထောင်စု ၁၀၇၁၉၈၈၇ စုကို ကောက်ယူပြီးစီးခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကောက်ယူပြီးစီးမှုမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၂၅၁၈၂၄ စု၊ ကယားပြည်နယ်တွင် ၅၇၈၆၆ စု၊ ကရင်ပြည်နယ်တွင် ၃၀၄၂၅၁ စု၊ ချင်းပြည်နယ်တွင် ၈၃၆၂၀ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၁၀၀၄၈၂ စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၈၃၆၆၈ စု၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တွင် ၆၃၁၇၀၃ စု၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၅၀၆၂၁၃ စု၊ မကွေးတိုင်းဒေသကြီးတွင် ၉၂၁၉၈၂ စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၃၂၇၂၄၄ စု၊ မွန်ပြည်နယ်တွင် ၄၁၄၆၆၀ စု၊ ရခိုင်ပြည်နယ်တွင် ၄၅၉၂၁၇ စု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၅၉၁၈၇၈ စု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၂၆၂၇၃ စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ၅၁၄၈၀၉ စု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၃၉၈၄၂၂စု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄၈၃၁၃၁ စု၊ နေပြည်တော်ကောင်စီတွင် ၂၆၂၆၄၂ စုတို့ဖြစ်ကြသည်။

ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သော ကချင်ပြည်နယ်ရှိ ကျေးရွာ ၂၃၁ ရွာအနက် ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ တပ်မတော်လုံခြုံရေးအစောင့်အရှောက်ဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ ကျေးရွာ ၁၁၀ သာ စာရင်းကောက်ယူရန် ကျန်ရှိခဲ့သည်။

ရခိုင်ပြည်နယ်တွင် စာရင်းကောက်ယူရန် ကျန်ရှိသော ကျေးရွာများရှိ အိမ်ထောင်စုအချို့အား Technical Delay အဖြစ် စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းချုပ်အတိအကျအား ပြုစုပြီးစီးပါက ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
အမှတ်(95/A)ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်ထပ်မံ
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း: - 01- 577755, 569416

ကြေးမုံစာတည်းရှုထောင့် ၂၃-၄-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

အသိဉာဏ်ပွင့်လင်းစီးဆင်းရာ

"သတင်းစာဟူသည် အသိဉာဏ်ပွင့်လင်းမှုများစီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာဖြစ်သည်"ဟု ကမ္ဘာကျော် သမိုင်းပညာရှင် ပါမောက္ခတွိုင်းဗီး (Prof.A.Toynbee) က ဆိုထားပါသည်။

အမှန်တရားကို ပေါ်လွင်ထင်ရှားစေသော သတင်းများ၊ အသိဉာဏ်ကို ပွင့်လင်းစေသော ပညာပေးဆွေးနွေးချက်များ၊ ထင်မြင်ချက်ကို ဖော်ထုတ်ပေးသော သုံးသပ်ချက်များ၊ နိုင်ငံရေးစနစ်ကို ကာကွယ်စောင့်ရှောက်ပေးသော စည်းရုံးလှုံ့ဆော်မှုများ၊ အစိုးရနှင့် ပြည်သူအကြား စကားပေါက်စေသော ပေါင်းကူးဆက်သွယ်မှုများ၊ ဘဝ၏သာယာချမ်းမြေ့မှုကို တည်ထွန်းတိုးပွားစေသော ဖျော်ဖြေနှစ်သိမ့်မှုများ၊ ကိစ္စများမြောင် လူတို့ဘောင်၏ ထောင်သောင်းသိန်းသန်း အကြောင်းအရာများ၊ ဆိုးကောင်းရောရာ ဘဝသင်ခန်းစာများအနက်မှ အဆိုးနုတ်၊ အကောင်းထုတ်နိုင်ရန် လမ်းညွှန်သော ရေးဖွဲ့ဖော်ပြမှုများ စသည့် သတင်းစာနှင့် ပတ်သက်သည့်အချက်များကို သတင်းစာဆရာကြီး ဦးဝင်းတင်က ဖွင့်ဆိုထားပါသည်။

မှန်ပါပေသည်။ သတင်းစာဟူသည် ကောင်းရာသင့်ရာသတင်းများ၊ ကောင်းနိုးရာရာ ထင်မြင်ယူဆချက်များ၊ လူမှုဘဝ၏ နိစ္စဓူဝ ကြုံတွေ့ဖြစ်ပျက်သမျှအနက်တို့မှ သင်ခန်းစာယူစရာ၊ မှတ်သားစရာများ၊ ပြည်သူတို့၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုများ စသည်တို့ကို သတင်းစာတည်းဟူသော မြစ်ကြီးမှတစ်ဆင့် စာဖတ်သူတို့ထံ နေ့စဉ်အရောက်ပို့ဆောင်ပေးရသည့် အလုပ်ဖြစ်ပြီး မွန်မြတ်သော အများပြည်သူဝန်ဆောင်မှု အလုပ်တစ်ခုလည်းဖြစ်ပါသည်။

အသိပညာ ဗဟုသုတရလိုကြသည့် မြို့ပေါ်နေပြည်သူများနှင့် လက်လှမ်းမီရာ ကျေးလက်နေပြည်သူများက အဆိုပါသတင်းစာများကို နေ့စဉ်မှာယူဖတ်ရှုနေကြရာ၌ နိုင်ငံအတွင်းရှိ သတင်းစာဖတ်ရှုနိုင်သော လူဦးရေနှင့်နှိုင်းစာကြည့်လျှင် စာဖတ်ပရိသတ် လွန်စွာနည်းပါးသေးသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ နည်းရခြင်းသည် စာဖတ်သူများထံသို့ သတင်းစာ လက်ရောက်ပို့ဆောင်ပေးနိုင်မှု အားနည်းသောကြောင့် လည်းကောင်း၊ အချို့ငွေကြေးမတတ်နိုင်၍သော်လည်းကောင်း၊ အချို့သတင်းစာမဖတ်လို၍သော်လည်းကောင်း သို့မဟုတ် သတင်းစာဖတ်လေ့ဖတ်ထ မရှိသောကြောင့်သော်လည်းကောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုး ရှိပေလိမ့်မည်။

မည်သို့ပင်ရှိစေကာမူ သတင်းစာဟူသည် အထက်ကပညာရှင်ကြီးများ အဓိပ္ပာယ်ဖွင့်ဆိုထားသကဲ့သို့ အသိဉာဏ်ပွင့်လင်းမှုများစီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာဖြစ်၍ ပြည်သူများအနေဖြင့် မဖြစ်မနေဖတ်ရှုသင့်သည့်အပြင် သတင်းစာများကို ဖတ်ရှုသည့်အလေ့အထများရရှိအောင်၊ သတင်းစာများကို စဉ်ဆက်မပြတ် ဖတ်ရှုနိုင်အောင် အကျိုးဆောင်ပေးရမည် ဖြစ်၍ မွန်မြတ်သော အလုပ်တစ်ခုဖြစ်ပါသည်။

သတင်းစာမဖတ်ဖြစ်သော အကြောင်းအမျိုးမျိုးရှိသည့်အနက် မြို့ပေါ်နေပြည်သူများ သတင်းစာမဖတ်ဖြစ်သည်ကို မဆိုချင်သော်လည်း သတင်းစာမဖတ်နိုင်သော ကျေးလက်နေပြည်သူများ သတင်းစာဖတ်နိုင်အောင် ဆောင်ရွက်ပေးခြင်းသည် အသိပညာဉာဏ်မျက်စိ ဖွင့်ပေးခြင်းဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများဘဝ မြင့်မားတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်သဖြင့် ကျေးလက်ပြည်သူများ သတင်းစာဖတ်ရှုနိုင်ရေးဆောင်ရွက်မှုကို ကြိုဆိုပါသည်။

မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့မှ ဒေသခံပြည်သူများ နေ့စဉ်ထုတ်သတင်းစာများကို တစ်နှစ်ပတ်လုံးဖတ်ရှုနိုင်အောင် ပညာဒါနအလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်ခဲ့ပြီး အဆိုပါကျေးရွာများရှိ စာကြည့်တိုက်များ၊ အခြေခံပညာကျောင်းများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ထားရှိပေးသွားမည်ဟုသိရပြီး ဆက်လက်၍လည်း ပျော်ဘွယ်၊ ကောလင်း၊ ဝန်းသိုမြို့နယ်များအတွင်းရှိ ကျေးရွာများသို့လည်း လှူဒါန်းပေးသွားဦးမည်ဟု သိရှိရသဖြင့် များစွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

သတင်းစာဖတ်ရှုခြင်းဖြင့် ပြည်သူများ အသိပညာဗဟုသုတနှင့် လူမှုဘဝအကျိုးစီးပွားများ ဖြစ်ထွန်းစေပါသည်။ သတင်းစာများကလည်း ပြည်သူများအကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်သလို ပြည်သူများကလည်း သတင်းစာများကို ဖတ်ရှုသင့်ပါသည်။ တစ်နိုင်ငံလုံးတွင် သတင်းစာမဖတ်နိုင်သော၊ သတင်းစာဖတ်လေ့ဖတ်ထမရှိသော ပြည်သူများ အမြောက်အမြား ရှိနေပါသေးသည်။ ထို့ကြောင့် သတင်းစာများကို မြို့ပြများတွင်သာမက ကျေးလက်များအထိပါ ရောက်ရှိခရီးပေါက်အောင် သက်ဆိုင်သူများ၊ စေတနာရှင် အလှူရှင်များ၊ ပို့ဆောင်ပေးသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ဆန္ဒပြုပါသည်။ ။

ပုသိမ်ထီးများဖြင့် တစ်မူထူးခြားနေသော သာစည်မြို့မှ ရှင်ပြုအလှူ

သာစည် မေ ၂၂

မြန်မာတို့၏ ရှင်ပြုအလှူပွဲများတွင် အလှူဝတ်လှည့်ရာ၌ မိန်းမပျိုလေးများမှ ကွမ်းတောင်၊ ပန်းတောင်များကိုင်၍ လှည့်လည်သည်မှာ အလေ့အထတစ်ခုဖြစ်သော်လည်း သာစည်မြို့ အလှူပွဲတစ်ခုတွင်မူ ကွမ်းတောင်၊ ပန်းတောင်များအစား ပုသိမ်ထီးများကိုင်၍ လှည့်လည်သည်ကို တစ်မူထူးခြားလှပစွာဖြင့် တွေ့မြင်ရသည်။

"ကျွန်တော်တို့မြို့မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ အလှူဝတ်လှည့် အတော်များများ တွေ့ဖူးပါတယ်၊ မြင်းလှည်းတစ်စီးလောက်နဲ့ ဘုန်းကြီးကျောင်းသွားကန်တော့တဲ့ အလှူဝတ်အလှည့်ကအစ၊ ကားတွေ၊ မြင်းတွေ၊ ဆင်တွေနဲ့ ဝန်းခင်းလှည့်တဲ့ အလှူဝတ်လှည့်တွေ၊ နောက်ပြီး ကျေးရွာတွေမှာ လှည်းယာဉ်တွေ၊ မြင်းတွေနဲ့လှည့်တဲ့ အလှူဝတ်လှည့်တွေအဆုံး ဘယ်လောက်စည်ကားတဲ့ အလှူဝတ်လှည့်တွေဖြစ်ဖြစ် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မိန်းမပျိုလေးတွေပဲ တွေ့ဖူးတယ်၊ အခုတော့ ထူးထူးခြားခြား ပုသိမ်ထီးရောင်စုံလေးတွေဆောင်းပြီး လှည့်တာဆိုတော့ ကြည့်လို့ကောင်းတယ်၊ သူများတွေထက်လည်းထူးတော့ မြို့ပေါ်ကလူတွေ အကုန်ထွက်ကြည့်ကြတာ၊ စည်ကားထူးခြားလှပတဲ့ မြင်ကွင်းလေးပါပဲ"ဟု အလှူဝတ်လှည့်ကို ကြည့်ရှုနေသူတစ်ဦးက ပြောပြသည်။

ထွန်းထွန်း(သာစည်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၂

ရန်ကုန်	ရွှေဈေး	၆၆၂၅၀၀	-	၆၆၃၅၀၀
မန္တလေး	ရွှေဈေး	၆၆၂၅၀၀	-	၆၆၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၈. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၆၄
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၈၄၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၅. ၇၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၉၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၈. ၀၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၅၈၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၉. ၀၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၈. ၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၂

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးစိစစ်ရွေးချယ်ရွေးကော်မတီ၊ စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ သက်ဆိုင်ရာဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်ဆု ခြောက်ဆု ရွေးချယ်နိုင်ရန်အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ သက်ဆိုင်ရာဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ပဏာမရွေးချယ်ခဲ့မှုအခြေအနေများ၊ စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဝင်များမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့မှုအခြေအနေများ၊ လုပ်ငန်းကော်မတီဝင်များမှ စိစစ်ရွေးချယ်ခဲ့မှုအခြေအနေများအား အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြကြပြီး စီးပွားရေးဆိုင်ရာ ဆုခြောက်ဆုအတွက် ပဏာမရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ မဟာသင်္ကြန်နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ မြန်မာ့ရိုးရာ မဟာသင်္ကြန် နှစ်သစ်ကူးမင်္ဂလာ သက်ကြီးပူဇော်ပွဲအဖြစ် မေ ၂၂ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၏ ဇနီး ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများဖြစ်သည့် သရဖီနှင့် ကံ့ကော်အိမ်ရာတို့သို့ လှည့်လည်၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင် သက်ကြီးအဘိုးအဘွား ၁၃ ဦးအား တစ်အိမ်တက်ဆင်း ပူဇော်ကန်တော့ကြပြီး အလှူငွေနှင့် အာဟာရ စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေ့စား၊ လပေးခန့်ထားခဲ့သော ဆရာ ဆရာမများ ဆရာဖြစ်မွမ်းမံသင်တန်းဖွင့်

နေပြည်တော် မေ ၂၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေ့စား၊ လပေးခန့်ထားခဲ့သော ဆရာ ဆရာမများ၏ ဆရာဖြစ်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ ၃၇၀ ကျော်တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက မူလတန်းအဆင့် သင်ကြားရန် နေ့စား၊ လပေးဆရာ ဆရာမများအား စတင်ခန့်အပ်ခဲ့ပြီး ယခုနှစ်တွင် ဆင့်ပွားမွမ်းမံသင်တန်းများပေး၍ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

"နေ့စား၊ လပေးဆရာ ဆရာမ ၂၉၃၅၃ ဦးကို အမြဲတမ်းဝန်ထမ်းအနေနဲ့ ခန့်မယ်၊ ဒီနှစ်ထဲမှာ အမြဲတမ်း ဝန်ထမ်းဖြစ်ကြမှာပါ"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။ အခြေခံပညာကျောင်းများတွင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီးဟူ၍ သတ်မှတ်ထားပြီး နေ့စား၊ လပေးများကို ဒေသခံများကရွေးချယ်၍ ဒီနှင့် အီးအဆင့်ကျောင်းများတွင် ဦးစားပေးခန့်အပ်ထားကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ခန့်အပ်ပြီးသော နေ့စား၊ လပေး ဆရာ ဆရာမများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်မည့်အပြင် လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေ့စားဆရာ ဆရာမများကိုခေါ်ယူနေပြီဖြစ်ပြီး မူလတန်းအဆင့်ကျောင်းများတွင် အနည်းဆုံး ဆရာ ဆရာမ ငါးဦး တာဝန်ထမ်းဆောင်နိုင်ရန်စီစဉ်နေပြီဖြစ်ကြောင်း၊ လက်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားနှင့်ဆရာအချိုးကွာဟချက်ကြီးမားနေပြီး အထူးသဖြင့် မူလတန်းအဆင့်တွင် ဆရာဆရာမလိုအပ်ချက်မြင့်မားနေကြောင်း ပညာရေးဝန်ကြီးဌာန၏ စာတမ်းများအရ သိရသည်။

သန်းဦး(လေးမျက်နှာ)

ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်သွားမည်

ရန်ကုန် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်စေပြီး စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအား အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်ဘူတာကြီးဧရိယာ ၂၅ ဒသမ ၃ ဟက်တာ ၆၂ ဒသမ ၄၈၆ ဧကပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်များနှင့် စီးပွားရေးလုပ်ငန်းများပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနှင့်အညီ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း ပြည်ပလုပ်ငန်းရှင် ကုမ္ပဏီများအား မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အသေးစိတ်ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို မေ ၂၆ ရက် (စနေနေ့)ညနေ ၄ နာရီတွင် ရန်ကုန်ဘူတာကြီး စခန်းသာ ဧည့်ခန်းမ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ ထုတ်ပြန်ချက်အရ သိရသည်။

(စိုးဝင်း-MLA)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၂၂ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်၌ မေ ၂၁ ရက် နံနက် ၇ နာရီတွင် ကျင်းပသည်။ အဆိုပါသင်တန်းကို မေ ၂၀ ရက်မှ မေ ၂၃ ရက်ထိ နံနက် ၇ နာရီမှ ၁၀ နာရီထိ (စနေ၊ တနင်္ဂနွေမပါ) ဆရာဦးဝေမြင့် (မင်္ဂလာဓမ္မဇောတိကဓဇ)နှင့် ဆရာမဒေါ်ခင်မေနွေး (ရှင်အဘိဓမ္မိက ကလျာဏဉာဏဓဇ) တို့က ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာမြန်မာစာ၊ အဘိဓမ္မာဘာသာတို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(အောင်ကြည်)

ထိုင်းဝန်ကြီးချုပ် ခုခံကာကွယ်နိုင်ရေး အချိန်ပိုပေးရန် သင့်၊ မသင့် တရားရုံး ဆုံးဖြတ်မည်

ဗန်ကောက် ဧပြီ ၂၂

ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာအား အာဏာအလွဲသုံးမှုဆိုင်ရာ စွဲချက်များဖြင့် တရားရုံးတွင် ရုံးတင်စစ်ဆေးသည့်အခါ ၎င်းအနေဖြင့် ခုခံကာကွယ်ပိုင်ခွင့်အရ အချိန်ပိုမိုပေးရန် သင့်၊မသင့် တရားသူကြီးများက ယခုရက်သတ္တပတ်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းဝန်ကြီးချုပ်အပေါ် စွဲချက်တင်ခြင်းနှင့် ပတ်သက်၍ ၎င်းအနေဖြင့် ခုခံကာကွယ်နိုင်ရန် ၎င်းအား လုံလောက်သောအချိန်ပေးရန် သင့်၊ မသင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဧပြီ၂၃ရက်တွင် ဆုံးဖြတ်မည်ဖြစ်သည်။

၂၀၁၁ ခုနှစ်က အမျိုးသားလုံခြုံရေး အေဂျင်စီအကြီးအကဲ သာဝီပတ်ယန်ခရီအား နေရာရွှေ့ပြောင်းခဲ့ခြင်းသည် ယင်လပ်၏ ပါတီအား နိုင်ငံရေးအရ အကျိုးအမြတ်ရရှိစေရန်လုပ်ဆောင်ခြင်းဖြစ်သည်ဟု အတိုက်အခံများက စွပ်စွဲထားသည်။

ယင်လပ်နှင့် ၎င်း၏ အစိုးရအဖွဲ့တို့၏ ကံကြမ္မာသည် ထိုင်းနိုင်ငံ၏ နိုင်ငံရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

အစိုးရအဖွဲ့၏ ဆန်စပါး ဝယ်ယူရေး အစီအစဉ်ကို ဝန်ကြီးချုပ် ယင်လပ်က ကြီးကြပ်ဆောင်ရွက်ရာတွင် တာဝန်လစ်ဟင်းမှုရှိသည်ဟုလည်း ၎င်းအနေဖြင့် စွဲချက်တင်ခံထားရသည်။ အကယ်၍ တရားရုံးက ယင်လပ်အား အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက ၎င်းအနေဖြင့် ရာထူးမှ ဆင်းပေးရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

အာဏာအလွဲသုံးမှုဆိုင်ရာ စွဲချက်များဖြင့် ရင်ဆိုင်နေရသည့် ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် မြို့တော်ဝန် ပစ်သတ်ခံရ

မနီလာ ဧပြီ ၂၂

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ဧပြီ ၂၁ရက်က ရဲတပ်ဖွဲ့ဝတ်စုံများ ဝတ်ဆင်ထားသော လက်နက်ကိုင် ၁၅ ဦး မြို့တော်ဝန်ရုံးအတွင်း ဝင်ရောက်ကာ ပစ်ခတ်ကြောင်း၊ မြို့တော်ဝန်နှင့် ကိုယ်ရံတော်နှစ်ဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကာဂါယန်ပြည်နယ် ဂွန်ဇာဂါမြို့ရှိ မြို့တော်ဝန်ရုံးသို့ သေနတ်သမားများ ဗင်ကားနှစ်စီးဖြင့် ရောက်ရှိလာပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဧပြီ ၂၁ ရက် နံနက် ၇နာရီခွဲခန့်တွင် အလံတင်အခမ်းအနား ကျင်းပချိန်အတွင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ရဲတပ်ဖွဲ့နှင့် အမှတ် ၅၀၂ ခြေလျင်တပ်ရင်းတို့မှ တပ်ဖွဲ့ဝင်များက သေနတ်သမားများကို လိုက်လံချေမှုန်း တိုက်ခိုက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

နျူစက်ရုံတည်ဆောက်မှု ဖျက်သိမ်းပေးရေး တရုတ်(တိုင်ပေ) ဝန်ကြီးချုပ်ပယ်ချ

တိုင်ပေ ဧပြီ ၂၂

တရုတ်(တိုင်ပေ)၌ တည်ဆောက်မှုလုပ်ငန်းပြီးစီးလုနီး အခြေအနေတွင်ရှိနေသော နျူကလီးယားဓာတ်အားပေးစက်ရုံအား ဖျက်သိမ်းပေးရန် အဓိကအတိုက်အခံပါတီ၏ တောင်းဆိုချက်ကို ဝန်ကြီးချုပ် ကျန်ယီဟွာက ဧပြီ ၂၁ ရက်တွင် ပယ်ချလိုက်သည်။

အစိုးရအဖွဲ့က ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ကာ နျူကလီးယားစက်ရုံ တည်ဆောက်မှုကို ရပ်ဆိုင်းရန် ပြုလုပ်နိုင်မည်မဟုတ်ကြောင်း အတိုက်အခံဒီမိုကရက်တစ်တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဆုကျန်းချန်နှင့် တံခါးပိတ်ဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ကျန်က သတင်းထောက်များအား ပြောကြားသည်။

တရုတ်(တိုင်ပေ)၌ စတုတ္ထမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှုနှင့် ပတ်သက်၍ ဒီမိုကရက်တစ် တိုးတက်ရေးပါတီက အပြင်းအထန် ကန့်ကွက်လျက်ရှိပြီး ယင်းပါတီမှ ပါတီဝင်များက အစာငတ်ခံဆန္ဒပြမှုပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

နျူကလီးယား စက်ရုံသစ်ကို ဖွင့်လှစ်ရခြင်းမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်ကြောင်း အာဏာရ ကူမင်တန်ပါတီက ပြောကြားသည်။

ရိုက်တာ။

ဧဝရက်တောင်တက် လမ်းပြများသေဆုံးမှု လျော်ကြေးပေးရန်တောင်းဆို

ခတ္တမန္ဒူ ဧပြီ ၂၂

ကမ္ဘာပေါ်တွင်အမြင့်မားဆုံးတောင်ထွတ်တစ်ခုဖြစ်သည့် ဧဝရက်တောင်ပေါ်သို့ တက်ရောက်သည့် တောင်တက်အဖွဲ့များအား လမ်းပြအဖြစ်ဆောင်ရွက်ခဲ့သူ ၁၆ ဦးသည် လွန်ခဲ့သည့်ရက်သတ္တပတ်က ဆီးနှင်းခဲပြိုကျမှုကြောင့် သေဆုံးခဲ့ရပြီးနောက် သေဆုံးခဲ့သူ တောင်တက်လမ်းပြများ၏ မိသားစုဝင်များအား လျော်ကြေးငွေပေးအပ်ရန် နီပေါနိုင်ငံမှ တောင်တက်လမ်းပြအသင်းက တောင်းဆိုခဲ့ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင်ဖော်ပြသည်။

ယင်းဖြစ်စဉ်၌ သေဆုံး(သို့မဟုတ်) ပျောက်ဆုံးခဲ့သည့် တောင်တက်လမ်းပြ ၁၆ ဦး၏ မိသားစုများအား အသက်အာမခံကြေးငွေနှစ်ဆအထိ တိုးပေးရေးကိုလည်း ၎င်းအဖွဲ့က အစိုးရထံ တောင်းဆိုခဲ့သည်။

တောင်တက်လမ်းပြများ သေဆုံးခဲ့မှုအတွက် နီပေါအစိုးရအဖွဲ့က ဈာပနစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၄၀၀ ခန့်ကို အလျင်အမြန်ထောက်ပံ့ပေးခဲ့သည်ဟုဆိုသည်။

တောင်တက်လမ်းပြများအား ငှားရမ်းသုံးစွဲသည့် နိုင်ငံတကာတောင်တက်ခရီးသွားအဖွဲ့အစည်းများအနေဖြင့် တောင်တက်လမ်းပြများ အသက်ဆုံးရှုံးရသည့်ဖြစ်ရပ်များတွင် သဒ္ဓါစွမ်းအားတတ်စွမ်းသမျှသာ ငွေကြေးထောက်ပံ့မှုပြုလုပ်လေ့ရှိပြီး ယင်းသို့ သေဆုံးမှုအတွက် ဥပဒေကြောင်းအရ တရားဝင် လျော်ကြေးပေးအပ်ရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဘီဘီစီ။

ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးရေး

ကမ္ဘောဒီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

ကမ်ပုံဘီပုံ(ကမ္ဘောဒီးယား) ဧပြီ ၂၂

ဒေသတွင်း၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘောဒီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၁၀ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီ ၂၁ ရက်တွင် စတင်ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နှစ်စဉ်ပြုလုပ်မြဲ စစ်ရေးလေ့ကျင့်မှုဖြစ်သည့် အန်ကာကင်းသမားများ ၂၀၁၄ ဟု အမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှု စတင်ခြင်းဆိုင်ရာ အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်၏ အကြီးဆုံးသားဖြစ်သူ ကမ္ဘောဒီးယားတပ်မတော် ဒုတိယဦးစီးချုပ် ဗိုလ်ချုပ် ဟွန်မာနက်က ကမ္ဘောဒီးယား ကြည်းတပ်ဌာနချုပ်၌ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းအခမ်းအနားသို့ အမေရိကန်ကြည်းတပ်၏ ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဂျွန်ဂွတ်ဒဲလ် တက်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားလက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၃၇၀ကျော်နှင့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀ကျော်တို့သည် ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုအရ အကူအညီများပေးနိုင်ရန် လေ့ကျင့်ကြမည်ဖြစ်သည်။

ဆင်ဟွာ။

ခရိုင်းမီးယား၌ လောင်းကစားဇုန် ထူထောင်ရန် အဆိုတင်

မော်စကို ဧပြီ ၂၂

ခရိုင်းမီးယားသမ္မတနိုင်ငံ၌ လောင်းကစား ပြုလုပ်နိုင်သော ဇုန်နယ်မြေတစ်ရပ် ထူထောင်ရန်ဖော်ပြသည့် ဥပဒေကြမ်းတစ်ရပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်လွှတ်တော်သို့ တင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရိုင်းမီးယားသမ္မတနိုင်ငံ၌ ထူထောင်မည့်လောင်းကစားပြုလုပ်နိုင်သော ဇုန်နယ်မြေသည် ရုရှားဖက်ဒရေးရှင်း၏ ပဉ္စမမြောက် လောင်းကစားဇုန်ဖြစ်သည်။

ဥပဒေအရ သတ်မှတ်ပေးခဲ့သော လောင်းကစားဇုန်နယ်မြေ လေးခုမှာ အယ်လ်တိုင်နယ်မြေ၊ ကရာစနိုဒါနယ်မြေ၊ ပရီမော်စကီးနယ်မြေနှင့် ကာလီနင်ဂရက်ဒေသတို့ဖြစ်သည်။

ခရိုင်းမီးယား သမ္မတနိုင်ငံအတွင်း တည်ရှိမည့် လောင်းကစားဇုန်နယ်မြေ၏ နယ်နိမိတ်မျဉ်းကြောင်းကို ဒေသဆိုင်ရာ အစိုးရ အာဏာပိုင်များက သတ်မှတ်ပေးရန် ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

ပီတီအိုင်။

တရုတ်နှင့် တောင်ကိုရီးယားတို့ကို ဒေါသဖြစ်စေသည့် ဂျပန်ဝန်ကြီးချုပ်၏ ယာဆူကူနီဂူဗိမာန် ဂါရဝပြုမှု

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ အတိတ်ကစစ်ပွဲများနှင့် ပတ်သက်ဆက်နွှယ်နေပြီး စစ်အာဏာသုံးဝါဒ၏ ပြယုဂ်တစ်ခုဖြစ်သည့် ယာဆူကူနီဂူဗိမာန်ကို မေ ၂၁ ရက်တွင် ရိုးရာဓလေ့အရ ဂါရဝပြုခဲ့မှုကြောင့် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ အနေဖြင့် ဒေါမနဿဖြစ်ကြရပြီး ဒေသတွင်းဆက်ဆံရေးတွင် အဖုအထစ်ဖြစ်စေခဲ့သည်။

ယခုကဲ့သို့ အာဘေးက ယာဆူကူနီဂူဗိမာန်သို့ ဂါရဝပြုပူဇော်မှုမှာ အမေရိကန်သမ္မတ ဘာရက်အိုဘားမား ဂျပန်နိုင်ငံသို့လာရောက်မည့် သုံးရက်ကြာခရီးစဉ် မတိုင်မီတွင် ပြုလုပ်ခြင်းဖြစ်သည်။ အာဘေးသည် ယာဆူကူနီဂူဗိမာန်သို့ ၎င်းဦးဆောင်သော အစိုးရသက်တမ်း တစ်နှစ်ပြည့်နှစ်ပတ်လည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ ထိုစဉ်ကလည်း တောင်ကိုရီးယားနှင့် တရုတ်အပါအဝင် နိုင်ငံအတော်များများက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ဂျပန်နိုင်ငံ၏ အဓိကမဟာမိတ် အမေရိကန်နိုင်ငံက အာဘေး၏ ယာဆူကူနီဂူဗိမာန်သို့ သွားရောက်မှုသည် ဂျပန်နိုင်ငံ၏ ဒေသတွင်းအိမ်နီးချင်း တရုတ်၊ တောင်ကိုရီးယားတို့နှင့်ဆက်ဆံရေး ပိုမိုဆိုးရွားစေသည်ဟု မှတ်ချက်ပြုခဲ့သည်။

မစ္စတာအာဘေးအနေဖြင့် ယာဆူကူနီဂူဗိမာန်ကို ပူဇော်ဂါရဝပြုခြင်းမှာ ၎င်း၏ လက်ရှိဝန်ကြီးချုပ်သက်တမ်းတွင် ကွန်ဆာဗေးတစ်များ၏ထောက်ခံမှုကို အခိုင်အမာရရှိထားမှုကြောင့် သံတမန်ရေးနှင့် ပြည်တွင်းနိုင်ငံရေးကို ထိန်းညှိရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်သည်။

ဂျပန်ပြည်သူ့ အမျိုးသားလုံခြုံရေးကော်မရှင် ကီဂျိဖာယူယာသည် အဆိုပါဂူဗိမာန်သို့ မေ ၂၀ ရက်တွင် သွားရောက်ခဲ့သလို ဂျပန်ပြည်ထဲရေးဝန်ကြီး ယိုရှိတာကာ ရှင်ဒိုသည်လည်း မေ ၁၂ ရက်တွင် သွားရောက်ခဲ့ကြသည်။ အလားတူအလုပ်သမားနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး နာရီရှိဆာ တာမူရာသည်လည်း မေ ၂၁ ရက်တွင် ယာဆူကူနီဂူဗိမာန်ကို ဂါရဝပြုခဲ့ကြသည်။

နွေဦးပွဲတော်ကာလတွင် သွားရောက်လေ့ရှိကြသည့် ယာဆူကူနီဂူဗိမာန်သို့ ဂျပန်လွှတ်တော်အမတ် ၁၅၀ ခန့်သည် မေ ၂၂ ရက်တွင် သွားရောက်ခဲ့ကြပြီး အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီနှင့် အဓိကအတိုက်အခံ ဂျပန်ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များနှင့် အခြားပါတီမှ လွှတ်တော်အမတ်များလည်း ပါဝင်သည်။ လွန်ခဲ့သည့်နှစ်က အဆိုပါဂူဗိမာန်သို့ လွှတ်တော်အမတ် ၁၆၈ ဦး လာရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်နောက်ပိုင်း လာရောက်မှုများတွင် အများဆုံးအရေအတွက်ဖြစ်သည်။

ယာဆူကူနီဂူဗိမာန်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ထိပ်တန်းစစ်ရာဇဝတ်ကောင် ၁၄ ဦးအပါအဝင် ဂျပန်စစ်သည်များကို ဂုဏ်ပြုတည်ဆောက်ထားသည့် ဂူဗိမာန် ဖြစ်သည်။ ဂျပန်ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ယာဆူကူနီဂူဗိမာန်သို့ မကြာခဏသွားရောက်မှုများသည် ဂျပန်နိုင်ငံက စစ်အတွင်း ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် အဓိကအနှောင့်အယှက်အဟန့်အတားဖြစ်စေသည်။

ဂျပန်နိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ပိုင်နက်နယ်မြေအငြင်းပွားမှုများ သာမက ယာဆူကူနီဂူဗိမာန်ပြဿနာ အပါအဝင် အတိတ်က စစ်ပွဲများကို ဦးတည်စေသည့် ဂျပန်နိုင်ငံ၏သဘောထားများကြောင့် ယင်းနိုင်ငံများနှင့် ဆက်ဆံရေးမှာ ကတောက်ကဆတ်ဖြစ်ရသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် ယင်းသို့သော တင်းမာမှုများဖြစ်ပွားနေသည့်ကြားမှ ရှန်ဟိုင်းမြို့ရှိ တရုတ်ရေကြောင်းသွားလာရေးဆိုင်ရာတရားရုံးတစ်ခုက ဂျပန်နိုင်ငံ မစ်ဆူအီအိုအက်စ်ကေသင်္ဘောကုမ္ပဏီပိုင် သင်္ဘောတစ်စင်းကို စစ်ပွဲကာလအတွင်းက ပေးရန်ကျန်ရှိသည့်ကြွေးကျန် အဖြစ်ဖမ်းဆီးလိုက်ကြောင်း မေ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ယင်းလုပ်ရပ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံရှိ ဂျပန်စီးပွားရေးလုပ်ငန်းများ ဆိုးဆိုးရွားရွား ထိခိုက်နိုင်ကြောင်း သတိပေးခဲ့သည်။

တရုတ်နိုင်ငံက အာဘေး၏ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်သော ယာဆူကူနီဂူဗိမာန်ကို ဂါရဝပြုမှုသည် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုခြိမ်းခြောက်ပြီး ဂျပန်ခေါင်းဆောင်များ၏ အနီးကပ်မိတ်ဆွေများကို စော်ကားမှုတစ်ခုဖြစ်သည်ဟု ပြစ်တင်ရှုတ်ချခဲ့သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အလားတူတုံ့ပြန်မှုမျိုး ပြုလုပ်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ကိုလိုနီဝါဒကို အမွှမ်းတင်သည့် အပြုအမူနှင့် ယာဆူကူနီဂူဗိမာန်ကို ဂါရဝပြုခြင်းကို မိမိတို့အနေဖြင့် စိတ်မကောင်းဖြစ်ရကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ရှင်ဇိုအာဘေးကမူ မိမိအရင်တာဝန်ယူသွားသည့် ဂျပန်ဝန်ကြီးချုပ်များသည်လည်း ယာဆူကူနီဂူဗိမာန်သို့ သွားရောက်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ကို ၂၀ ရာစုတွင် ဂျပန်နိုင်ငံက ကိုလိုနီပြုသိမ်းပိုက်ခဲ့မှုကိုလည်း မိမိအနေဖြင့် အလေးအနက်ထား စာနာနားလည်ပါကြောင်း ပြောကြားခဲ့သည်။

စစ်ပွဲကာလတွင် သေဆုံးသွားသူများ၏ ဆွေမျိုးများအပါအဝင် လူဦးရေ ၂၇၃ ဦး ပါဝင်သည့် ဂျပန်အရပ်ဘက်အဖွဲ့အစည်းတစ်ခုကလည်း ရှင်ဇိုအာဘေး၏ ယာဆူကူနီဂူဗိမာန်သို့ သွားရောက်ဂါရဝပြုမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ပြည်တွင်းရေးနှင့် ဒေသတွင်းအခြေအနေကို မတည်ငြိမ်အောင် ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် အာရှတွင် အမေရိကန်၏ အရေးပါသောမိတ်ဖက်နိုင်ငံများဖြစ်ကြပြီး အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဟာအင်အားကြီးနိုင်ငံများ ဆက်ဆံရေးကဏ္ဍသစ်တည်ဆောက်ရန်ကြိုးပမ်းနေကြသည်ဖြစ်ရာ ရှင်ဇိုအာဘေး၏ လုပ်ရပ်သည် အမေရိကန်နိုင်ငံ၏ စိတ်ဝင်စားမှုကို ခြိမ်းခြောက်လာနိုင်ကြောင်း၊ အမေရိကန်နိုင်ငံသည်ပင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ဖက်ဆစ်ဝါဒ၏ဒဏ်ကို ခံခဲ့ရသည့်အတွက် ဝါရှင်တန်သည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်း၍ အာဘေး၏ အပြုအမူကို ရှုတ်ချလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင်ဖော်ပြထားသည်။

ယာဆူကူနီဂူဗိမာန်သည် ဂျပန်နိုင်ငံအတွက် အနုတ်လက္ခဏာဆောင်သော ပိုင်ဆိုင်မှုတစ်ခုသာဖြစ်ကြောင်း၊ ဂျပန်ခေါင်းဆောင်များအနေဖြင့် အဆိုပါပိုင်ဆိုင်မှုကို ဆက်လက်ဖက်တွယ်ထားမည်ဆိုပါက တန်ဖိုးပိုမိုကျဆင်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ယာဆူကူနီဂူဗိမာန်ကို တွေ့ရစဉ်။

အေဝမ်းစိုး

ဆိုမာလီနိုင်ငံတွင် လွှတ်တော်အမတ်တစ်ဦး အသတ်ခံရပြန်

မိုဂါဒစ်ရှူး မေ ၂၂ - ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်တွင် မေ ၂၂ ရက်က အမည်မသိသေနတ်သမားတစ်ဦးက လွှတ်တော်အမှတ်တစ်ဦးကို ပစ်ခတ်သတ်ဖြတ်သွားကြောင်း၊ အဆိုပါသတ်ဖြတ်ခံရမှုမှာ ၂၄ နာရီအတွင်း လွှတ်တော်အမတ်တစ်ဦး ဒုတိယအကြိမ် သတ်ဖြတ်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း မိုဂါဒစ်ရှူး ရေဒီယိုအသံလွှင့်ဌာနက ထုတ်ပြန်ကြေညာသည်။ လွှတ်တော်အမတ် အဗ္ဗဒီလာဇစ် အီဆက် မော်ဆယ်သည် မိုဂါဒစ်ရှူးမြို့ရှိ ၎င်း၏ နေအိမ်မှအထွက်တွင် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်နေရာသို့ ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များရောက်ရှိသွားချိန်တွင် သေနတ်သမားမှာ ကားတစ်စီးဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း မိုဂါဒစ်ရှူး ရေဒီယိုက ထုတ်ပြန်ကြေညာသည်။

အဆိုပါတိုက်ခိုက်ခံရမှုမှာ ဆိုမာလီလွှတ်တော်အမတ်တစ်ဦးဖြစ်သည့် အီဆက် မိုဟာမတ် ရီနိုသည် ၎င်း၏ ကားအောက်တွင် ချိတ်ဆွဲထားသောဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးရသည့်နောက်တစ်နေ့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

ကမ်းလင့်လက်ရည် ဘက်စုံလူငယ်ဆီ

နွေ ရောက်ပြီလေ။
ဂိမှာန်နွေရောက်ပြီမို့ . ပန်းပိတောက်နှင့်ငုဝါတွေလည်း ပွင့်ကြလေပြီ။
နွေသဘာဝနှင့် နွေအလှကို ပန်းဝါဝါတို့က ပိုလို့ ပီပြင်စေသည်။ ပိုလို့ လှစေသည်။

ဝင်းအောင်
(ရေကြောင်းကျောင်းဆရာ)

သည်နွေသည် ကျွန်တော့်ဘဝအတွက် အမှတ်တရများစွာရှိသော နွေဖြစ်သည်။ သည်နွေသည် ငယ်စဉ်က နွမ်းပါးခဲ့သော ကျွန်တော့်ဘဝအတွက် ဘဝခွန်အားများကို ဖြစ်ထွန်းစေခဲ့သောနွေလည်း ဖြစ်ပါသည်။

ကျွန်တော့်ဖခင်ကြီးမှာ အလယ်တန်းပြ အငြိမ်းစားကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။ အဖေတို့ခေတ်က ၅၅ နှစ်တွင် ပင်စင်ယူရသည်ဖြစ်ရာ အငယ်ဆုံးကလေးဖြစ်သည့် ကျွန်တော် သူငယ်တန်းစတက်သည့်နှစ်မှာပင် အဖေ ပင်စင်ယူခဲ့သည်။ သို့ဖြစ်လေရာ ကျွန်တော်၏ငယ်ဘဝသည် မပြည့်စုံမှု၊ ရုန်းကန်ရမှုများနှင့် လက်တွဲဖော်ဖြစ်ခဲ့ရသည်မှာလည်း တကယ်တော့ မဆန်း။ အဖေသည် စာအလွန်ဖတ်သော ကျောင်းဆရာတစ်ဦးဖြစ်ပါသည်။အဖေ ပင်စင်ယူတော့ နိုင်ငံတော်ကပေးထားသည့် ဝန်ထမ်းအိမ်ရာကနေ ကိုယ်ငှားနေသည့် ရပ်ကွက်ထဲကို အိမ်ပြောင်းခဲ့ရပါသည်။ ပြောင်းရွှေ့ရသည့် အိမ်အသုံးအဆောင်ကဖြင့် နည်းနည်း၊ ထောင်ချီရှိသော စာအုပ်များထည့်ထားသည့် သေတ္တာက များများဖြစ်သည်။

ကျွန်တော့်ကို စာဖတ်ဝါသနာပါအောင် အဖေက မွေးမြူလေ့ကျင့်ပေးခဲ့ပါသည်။ သည့်အတွက်လည်း အဖေ့ကို ယနေ့ထိ မမေ့ပါ။ ကျေးဇူးကြီးပါသည်။ ကျွန်တော့်သားများကိုလည်း စာဖတ်ခြင်းကိုချစ်မြတ်နိုးအောင် ပြင်ပဗဟုသုတများအောင်၊ မအအောင် အဖေ့သဘောထားအတိုင်း ပြုစုပျိုးထောင်ပေးပါသည်။ စာဖတ်များသည့်အတွက် ပြင်ပဗဟုသုတဆိုသည်မှာ ထူးထူးထွေထွေ လေ့လာကျက်မှတ်နေစရာ ကျွန်တော့်အတွက်မလိုခဲ့။ သည်အတွက်ကြောင့်လည်း ၁၉၇၄ ခုနှစ် သတ္တမတန်းအရောက် လူရည်ချွန်စီမံကိန်းအရ လူရည်ချွန်ရွေးချယ်ရာတွင် အထွေထွေဗဟုသုတဘာသာရပ်ကို မြို့နယ်အဆင့်တွင် လွယ်လွယ်နှင့်ဖြတ်သန်းနိုင်ခဲ့သလို ခရိုင်အဆင့်တွင်လည်း အတန်အသင့် ဝါယမစိုက်ရုံဖြင့်ပင် အောင်မြင်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်က မန္တလေးမြို့ ဆရာအတတ်သင်သိပ္ပံ လေ့ကျင့်ရေးကျောင်း အလကတွင် ပညာသင်ကြားနေစဉ်ဖြစ်ပါသည်။

ကျွန်တော်တို့ခေတ် အစပိုင်းဆီက လူရည်ချွန်စခန်း နှစ်ခုသာရှိပါသည်။ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းနှင့် ငပလီလူရည်ချွန်စခန်းတို့ဖြစ်ပါသည်။ လူရည်ချွန်များကို အုပ်စုခွဲရာတွင်လည်း(၇)၊ (၈)၊ (၉)တန်း လူရည်ချွန်များကို တစ်အုပ်စု၊ ဆယ်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်သိပ္ပံလူရည်ချွန်များကို တစ်အုပ်စု ဖြစ်ပါသည်။ စခန်းဝင်ရာတွင် ယခုနှစ် ကျောင်းသားအငယ်အုပ်စုက အင်းလေးခေါင်တိုင်စခန်းကိုသွားလျှင် ကျောင်းသားအကြီးအုပ်စုက ငပလီစခန်းကိုသွားသည်။ နောက်နှစ်ကျတော့ ကျောင်းသားငယ်လူရည်ချွန်များက ငပလီသွားပြီး ကျောင်းသားကြီးလူရည်ချွန်များက အင်းလေးခေါင်တိုင်စခန်းကို သွားသည်။ နောက်ပိုင်းတွင် သုံးကြိမ်နှင့်အထက် လူရည်ချွန်များအတွက် နယ်လှည့်စခန်းဆိုပြီး တိုး၍စီစဉ်လာပါသည်။ မြစ်မင်းရောနယ်လှည့်လူရည်ချွန်စခန်းတွင် ဧရာဝတီသွားသင်္ဘောကြီးတစ်စင်းနှင့် ဧရာဝတီမြို့နယ်များအနှံ့ ခြေဆန့်ပြီး ပြည်သူ့ဘဝကို လေ့လာခဲ့ရဖူးပါသည်။ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံကြီးများတည်ဆောက်ရေးမှာ အုတ်၊ သဲ သယ်ပြီး လုပ်အားပေးခဲ့ဖူးပါသည်။

လူရည်ချွန်များအဖြစ် ရွေးချယ်ရာတွင် ကျောင်းတွင်ပြဋ္ဌာန်းသည့်စာသာ ထူးချွန်ရသည်မဟုတ်၊ ပြင်ပဗဟုသုတကလည်းရှိရသည်။ ဉာဏ်ရည်ထက်၊ မထက် ဉာဏ်စမ်းပဟေဠိများ ဖြေရသလို၊ မှတ်ဉာဏ်ကောင်း၊ မကောင်းလည်း နည်းအသွယ်သွယ်ဖြင့် စစ်ဆေးခံရသေးသည်။ ဉာဏ်ရည်က မြင့်သော်လည်း ကာယစွမ်းရည်မှာ ချို့တဲ့ပြီး ရှူနာရှိုက်ကုန်းဖြစ်နေလျှင်လည်း လူရည်ချွန် မဖြစ်နိုင်၊ သတ်မှတ်ထားသည့် ကာယလေ့ကျင့်ခန်းများကို သတ်မှတ်ချိန်အတွင်း စံချိန်မီလုပ်ပြနိုင်ကြောင်း အစစ်ဆေးခံနိုင်ရသေးသည်။

ကျောင်းတိုင်းမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကျောင်းသားများ စေလွှတ်ပြီး မြို့နယ်အဆင့်ကို ပြိုင်ရသည်။ မြို့နယ်အဆင့် တစ်မြို့နယ်ချင်းဆီမှာ ပထမ၊ ဒုတိယ၊ တတိယ သုံးဦးရွေးထုတ်ပြီးမှ ခရိုင်အဆင့်ထပ်ပြိုင်ရသည်။ ခရိုင်တွင် ပထမရသူတစ်ယောက်တည်းကိုသာ လူရည်ချွန်အဖြစ်ရွေးချယ်ပါသည်။

ကျွန်တော်တို့ခေတ်ဆီက မန္တလေးတွင် လေးမြို့နယ်ရှိသည်။ အရှေ့တောင်မြို့နယ်၊ အရှေ့မြောက်မြို့နယ်၊ အနောက်တောင်မြို့နယ်၊ အနောက်မြောက်မြို့နယ်ဟူ၍ဖြစ်သည်။ အထက်တန်းကျောင်း ၂၅ ကျောင်းနှင့် အလယ်တန်းကျောင်းပေါင်း ၁၁ ကျောင်းရှိသည်ဟု မှတ်မိနေသေးသည်။

လူရည်ချွန်စီမံကိန်းနှင့် ရင်းနှီးမှုမရှိသူများက လူရည်ချွန်စီမံကိန်းသည် ထိုစဉ်ကာလက အာဏာရပါတီဖြစ်သည့် လမ်းစဉ်ပါတီ၏ အမြုတေကျောင်းသားများ မွေးထုတ်နေသည်ဟု ဆိုတတ်ပါသည်။

ရေပေါ်ဆီကျောင်းသားများဟု အမြင်လွဲနေသူတို့လည်း ရှိပါသည်။ ထိုသူတို့၏အဆိုးမြင်မှုကို ကျွန်တော်တို့ ခွင့်လွှတ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူရည်ချွန်စီမံကိန်း၏ အနှစ်သာရနှင့် စခန်းတွင်းလုပ်ငန်းစဉ်တို့ကို သူတို့ ထဲထဲဝင်ဝင်မသိမြင်ခဲ့ရသည့်အတွက် မြင်ခြင်း၊ ပြောခြင်းဖြစ်ပါသည်။

ပထမအချက်ကို ရှင်းပြရလျှင် လမ်းစဉ်ပါတီအတွက် အမြုတေကျောင်းသားများမွေးထုတ်သည်မှာ လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်း ဖြစ်ပါသည်။ နွေရာသီတိုင်းမှာ တစ်ပြည်လုံးရှိ မြို့နယ်အသီးသီးမှ လမ်းစဉ်လူငယ်ခေါင်းဆောင်များကို ရွေးချယ်ပြီး ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်ပါသည်။

လူရည်ချွန်ရွေးချယ်မှုကတော့ဖြင့် လမ်းစဉ်လူငယ်ခေါင်းဆောင်ရွေးချယ်ပုံနှင့် အခြေခံကစ မတူကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါသည်။ လူရည်ချွန်သည် ပါတီအစွဲဖြင့် မွေးမြူထားသည့် လူငယ်များမဟုတ်ပါ။ လူရည်ချွန်ရွေးချယ်ခံရသည့် ကျောင်းသားတွေထဲမှာ ရှေ့ဆောင်လူငယ်မဝင်သူ၊ လမ်းစဉ်လူငယ်မဝင်သူ လူငယ်များကိုလည်း ထူးချွန်လျှင် ရွေးချယ်ခဲ့ပါသည်။ ကိုယ်တွေ့ဖြစ်ပါသည်။ လူရည်ချွန်ရခဲ့သည့်နှစ်များတွင် ကျွန်တော် လမ်းစဉ်လူငယ်အဖွဲ့ဝင် မဟုတ်ခဲ့ပါ။

ဒုတိယအချက်ဖြစ်သည့် ရေပေါ်ဆီကျောင်းသားများဟု ထင်မြင်ခြင်းမှာလည်း နားလည်ခွင့်လွှတ်နိုင်စရာ အကြောင်းရှိပါသည်။ သတင်းစာများ၊ ရေဒီယိုသတင်းများတွင် လူရည်ချွန်များ အင်းလေးခေါင်တိုင်စခန်းတွင် အပန်းဖြေအနားယူနေကြစဉ်၊ လူရည်ချွန်များ ငပလီစခန်းတွင် အပန်းဖြေအနားယူကြစဉ်ဆိုသည့် စကားမျိုးကို ကြားနေရသည်မှာ များသည့်အတွက်ဖြစ်ပါသည်။

အမှန်တကယ်က အချိန်နှင့်ထ၊ အချိန်နှင့်လုပ်၊ စည်းနှင့်ကမ်းနှင့် စခန်းဝင်နေရခြင်းဖြစ်ပါသည်။ အများနှင့် ပေါင်းသင်းဆက်ဆံတတ်အောင် နိုင်ငံတစ်ဝန်းပူတာအိုမှ ကော့သောင်းထိကျယ်ပြန့်သည့် ဒေသအသီးသီးမှ ကျောင်းသားလူငယ်များ မိတ်ဆွေဖြစ်အောင် တိုင်းရင်းသားညီညွတ်မှု စိတ်ဓာတ်ဖြစ်တည်အောင် စီစဉ်ပေးခဲ့သလို အဖွဲ့အစည်း၊ အမိန့်နှင့်စည်းကမ်းကို နားလည်သည့် စိတ်ဓာတ်ရှိအောင် တပ်စိတ်၊ တပ်စု၊ တပ်ခွဲ ဖွဲ့ပြီး လေ့ကျင့်ပေးခြင်း၊ ယှဉ်ပြိုင်စေခြင်းများလည်း စခန်းကာလအတွင်းလုပ်ခဲ့ရပါသည်။ စခန်းပတ်ဝန်းကျင်ရှိ မြို့ရွာများသို့ ဒေသန္တရဗဟုသုတရအောင် လေ့လာရေးဆင်းခဲ့ရသလို၊ စက်ရုံအလုပ်ရုံများသို့ သွားရောက်ပြီး လုပ်ငန်းခွင်ဗဟုသုတရအောင် လေ့လာခဲ့ရသည်များလည်း ရှိပါသည်။ တပ်မတော်တပ်ရင်းတပ်ဖွဲ့များသို့ သွားရောက်ပြီး စစ်ဆင်ရေးသရုပ်ပြလေ့ကျင့်နေသည်များကိုလည်း လေ့လာခဲ့ရပါသေးသည်။

အိပ်ရာထဲမှာ ဇိမ်နှင့်နှပ်ပြီး ထချင်သည့်အချိန်မှ ထခဲ့ရသည့် ဘဝမျိုးမဟုတ်ပါ။ စခန်းကာလ ရက်သတ္တပတ်များအတွင်း စနစ်တကျ စီစဉ်ထားသော အချိန်ဇယားများအောက်မှာ ပြေးလွှားလုပ်ကိုင်လေ့လာနေရသည့်ဘဝ ဖြစ်ပါသည်။ ချွေးထွက်ဖော်ချွေးထွက်ဖက်၊ ပြေးဖော် ပြေးဖက်တွေဖြစ်သည့်အတွက် နှစ်ပါင်း (၂၀) (၃၀)ကျော် ကြာသည့်တိုင် တစ်ယောက်နှင့်တစ်ယောက်မမေ့၊ တွေ့တာနှင့် မင်းနဲ့ငါ ရင်းရင်းနှီးနှီးပြောကြ၊ ငယ်ပေါင်းကြီးဖော်များလို ယနေ့ထိ နွေးနွေးထွေးထွေးဆက်ဆံနေကြဆဲ။

ပွင့်ပွင့်လင်းလင်းသုံးသပ်ရလျှင် ကာလယန္တရားကို ဖြတ်သန်းအပြီးမှာ လူရည်ချွန်တိုင်း အောင်မြင်ကျော်ကြားနေသည်တော့ မဟုတ်ပါ။ နိုင်ငံရပ်ခြားကို ရောက်နေသူများလည်း ရှိပါသည်။ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပညာရေးဆုံးခန်းမတိုင်ခဲ့သူများလည်းရှိပါသည်။ စီးပွားရေးနယ်ပယ်မှာ အောင်မြင်နေသူများလည်း ရှိပါသည်။ ရရစားစားဘဝဖြင့် ရုန်းကန်နေရသူများလည်း ရှိပါသည်။ သို့သော် လူရည်ချွန်အများစုသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ခဲ့ကြသည်။ နိုင်ငံ့ဝန်ထမ်းနေကြသည်ဟုတော့ ရဲရဲပြောရဲပါသည်။

ကျွန်တော်တို့ မြန်မာပြည်အနှံ့မှ ကျောင်းသားလူငယ်များ တွေ့ဆုံခဲ့ရသော၊ ဝင်ခဲ့ရသော လူရည်ချွန်စခန်းများသည် ကျွန်တော်တို့ကို လူရည်ချွန်စိတ်ဓာတ်ရှိအောင် ပြုစုပျိုးထောင်ပေးခဲ့ပါသည်။ စာသံပေသံနှင့်တော့ ကျွန်တော်မပြောတတ်၊ လိုရင်းတိုရှင်းပြောရလျှင် လူရည်ချွန်စိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်ကို ချစ်သောစိတ်၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ရင်းနှီးချစ်ခင်သောစိတ်၊ ရိုးသားကြိုးစားလျှင် အောင်မြင်နိုင်သည်ဆိုသည့်စိတ်တို့ကို ပြုစုပျိုးထောင်ပေးခဲ့ပါသည်။ ကျွန်တော်တို့လည်း ရခဲ့ပါသည်။ ကျွန်တော်တို့အားလုံးကိုခြုံကြည့်လျှင် ရုပ်ဝတ္ထုအရ ချမ်းသာသည့်သူလည်း ရှိမည်။ ဆင်းရဲသည့်သူလည်းရှိမည်။ သို့သော် ကျွန်တော်တို့အားလုံးလိုလိုသည် စိတ်ဓာတ်ပိုင်းဆိုင်ရာမှာတော့ မဆင်းရဲကြပါ။

ခပ်ကျဉ်းကျဉ်းကြည့်မည်ဆိုလျှင်တော့ လက်တစ်ဆုပ်စာ လူငယ်လေးတွေကို အထူးပြုနေခြင်းမှာ မကောင်းဟုမြင်နိုင်ပါသည်။ ဥပမာတစ်ခု ပေးခွင့်ပြုပါ။ ကျောင်းများတွင် ပညာရည်ချွန်ဆုပေးသည့် အခမ်းအနားရှိပါသည်။ အင်မတန်ကောင်းသည့်အစီအစဉ်ဖြစ်ပါသည်။ ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်သည့် ကလေးများ၊ ကျောင်းသားများကို ကျောင်းသားအားလုံးရှေ့တွင် ဆုပေးခြင်းကို မကောင်းဟု မည်သူဆိုရဲပါသနည်း။ သာမန်အမြင်ဖြင့် ကြည့်လျှင် ဆုရသည်မှာ ကျောင်းသားငယ် လက်တစ်ဆုပ်စာဖြစ်ပါသည်။ သို့သော် ကြည့်နေသူအား အားကျနေသူ ကျောင်းသားအားလုံး သို့တည်းမဟုတ် အများစု၏ရင်ထဲမှာ ငါလည်း သူ့လိုဖြစ်အောင်ကြိုးစားမယ်။ ကြိုးစားရင် ဒီလို ဆုချီးမြှင့်ခြင်းခံရမယ်ဆိုသည့် အားကျစိတ်၊ ကြိုးစားလိုစိတ်မှာ တိုင်းတာလို့မရသည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အကျိုးအမြတ်ဖြစ်ပါသည်။ ထိုဥပမာနှင့် လူရည်ချွန်စီမံကိန်း၏ ရည်ရွယ်ချက်တူညီပါသည်။

ပညာရေးဝန်ကြီးဌာနမှ ဘက်စုံပညာထူးချွန်လူငယ်များ စီမံကိန်းကို ယမန်နှစ်က စတင်ခဲ့သည်။ ယခုနှစ်မှာလည်း ဆက်လက်အကောင်အထည်ဖော်မည်ဟု သိရပါသည်။ သည်သတင်းကိုကြားကတည်းက ဝမ်းသာမိပါသည်။ လူငယ်မျိုးဆက်သစ်တို့ကို စိတ်ဓာတ်ခွန်အား၊ ပေါင်းသင်းဆက်ဆံရေး၊ တိုင်းရင်းသားချင်း ချစ်ခင်စည်းလုံးရေး၊ ကိုယ်ကာယလှုပ်ရှားမှု၊ ပတ်ဝန်းကျင်လေ့လာရေးအသိတို့ကို မြှင့်တင်သင်ကြားပေးနိုင်မည့်အတွက် ဖြစ်သည်။

သည်ဘက်စုံပညာထူးချွန်လူငယ် (လူရည်ချွန်)များကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းကျောင်းသားများကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့် အဆင့်သုံးဆင့်ဖြင့် ကျောင်းစာ၊ ပြင်ပဗဟုသုတ၊ ကာယစွမ်းရည်အစရှိသဖြင့် ကဏ္ဍအလိုက်၊ ရေးဖြေ၊ နှုတ်ဖြေ မေးမြန်းစိစစ်ပြီး စနစ်တကျရွေးချယ်ခဲ့သည်ဟု သိရှိရပါသည်။

> **လူရည်ချွန်စိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်ကို ချစ်သောစိတ်၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ရင်းနှီးချစ်ခင်သောစိတ်၊ ရိုးသားကြိုးစားလျှင် အောင်မြင်နိုင်သည်ဆိုသည့်စိတ်တို့ကို ပြုစုပျိုးထောင်ပေးခဲ့။**

အရွေးချယ်ခံ ဒသမတန်းထူးချွန်ကျောင်းသား ကျောင်းသူ လူငယ်များကို (ငွေဆောင်စခန်း)၊ နဝမတန်းထူးချွန်ကျောင်းသား ကျောင်းသူလူငယ်များကို (အင်းလေးစခန်း)နှင့် အဋ္ဌမတန်းထူးချွန်ကျောင်းသားကျောင်းသူ လူငယ်များကို(ပုဂံစခန်း)တို့တွင် စခန်းသွင်းပြီး လူထုဘဝလေ့လာရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ခင်မှုကို တည်ဆောက်ရင်း အနားယူကြရန် စီစဉ်ထားကြောင်း ကြားသိရပါသည်။

သည်ဘက်စုံပညာထူးချွန်လူငယ်များကို လူရည်ချွန် ၁၉၆၄-၁၉၈၈ အဖွဲ့ဝင်များမှ တွေ့ဆုံနှုတ်ဆက်မည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ပါသည်။ သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ မိမိတို့ခေတ်ဆီက လူငယ်တို့၏ နိုင်ငံချစ်စိတ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ချစ်ခင်သည့် စိတ်ဓာတ်တို့နှင့် လူငယ်တို့၏အတွေးအမြင်များကို ယနေ့ခေတ်သစ်လူငယ်များကိုဝေမျှပြီး အတွေးအမြင်ဖလှယ်နိုင်မည်ဖြစ်သည်။

ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်ဦးရေ ၁၇၄ ဦးက ငွေဆောင်စခန်းကို ဝင်ကြမည်ဖြစ်ပါသည်။ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်ဦးရေ ၁၇၅ ဦးက အင်းလေးစခန်းကို ဝင်ကြမည်ဖြစ်သလို အဋ္ဌမတန်း ဘက်စုံပညာထူးချွန်လူငယ်ဦးရေ ၁၇၆ ဦးက ပုဂံစခန်းကို ဝင်ကြပေမည်။ စခန်းအားလုံး၏ဖွင့်ပွဲကို ဧပြီလ ၂၈ ရက် ၂၀၁၄ ခုနှစ်မှာ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။ စခန်းအားလုံးကို လူရည်ချွန်ဆုရခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်ဖွင့်လှစ်ပေးကြမည်ဟုလည်း ကြားသိရပါသည်။

သည်စီမံကိန်းကိုဖြင့် ရင်ထဲက လှိုက်လှိုက်လှဲလှဲကြိုဆိုပါသည်။ နိုင်ငံအတွက်၊ အနာဂတ်အတွက် လာခြင်းကောင်းသော ခြေလှမ်းသစ်တစ်ခုဟု ဆိုပါရစေ။ ။

ကလေး-ဂန့်ဂေါ ရထားလမ်း အဆင့်မြှင့်ပြုပြင်ဆောင်ရွက်လျက်ရှိ

ကလေး ဧပြီ ၂၂

ကလေး-ဂန့်ဂေါ ရထားလမ်းကို ၅-၂-၁၉၉၆ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါရထားလမ်းသည် ခရီးသွားပြည်သူများကို အခကြေးငွေသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနေဆဲပင်ဖြစ်သည်။ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးဘူတာမှ တာဝန်ခံအရာရှိများ လိုက်ပါလျက် ဧပြီ ၂၀ ရက်တွင် ကလေး-ဂန့်ဂေါ ရထားလမ်းမှ ကလေးခရိုင်အတွင်းရှိ ရထားလမ်းများ ကြံ့ခိုင်မှုအခြေအနေနှင့် ရထားဘူတာများ ဥပမိရုပ်ကောင်းမွန်မှု ရှိ၊ မရှိကို သွားရောက်စစ်ဆေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကလေး၊ ဂန့်ဂေါ၊ မွေ့လည်၊ ရေမျက်နီ ဘူတာများ၌ ကွန်ကရစ်ဇလီဖားတုံးများဖြင့် လဲလှယ်ခြင်း၊ တောင်ခရမ်းနှင့် မြောက်ခရမ်းအကြား ရထားလမ်း၌ ကွန်ကရစ်ဇလီဖားတုံးများဖြင့် လဲလှယ်ခြင်းများ ဆောင်ရွက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ကလေး-သာစည်လေးဘူတာအကြား၊ မြောက်ခရမ်းနှင့် ဟံသာဝတီဘူတာအကြား၊ ဟံသာဝတီနှင့် နှမ်းခါးဘူတာများအကြား ကွန်ကရစ်ဇလီဖားတုံးများဖြင့် ပြုပြင်လဲလှယ်ခြင်းနှင့် နတ်ချောင်း၊ စည်းပေါင်၊ ဟံသာဝတီနှင့် ကံ ဘူတာများ ပြုပြင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ကလေးမြို့မှ ဂန့်ဂေါမြို့သို့ မှန်လုံယာဉ်များ ပြေးဆွဲလျက်ရှိရာ ကလေး-ဂန့်ဂေါ ခရီးသည်တစ်ဦးလျှင် ကျပ် ၆၀၀၀ နှုန်း၊ ဂန့်ဂေါ-ကလေး ကျပ် ၁၀၀၀၀ နှုန်း ပေးဆောင်နေရကြောင်း၊ သို့ရာတွင် ရထားနှင့်သွားပါက ကျပ် ၁၅၀၀ သာ ပေးဆောင်ရသဖြင့် ခရီးသွားပြည်သူများက ရထားကိုသာ အားကိုးနေရကြောင်း၊ ရထားနှင့် အဆင်ပြေနေကြောင်း ဂန့်ဂေါ သွားမည့် ခရီးသည်တစ်ဦးက ပြောပြသည်။

ကလေးဘူတာမှ နေ့စဉ် ကလေး-ဂန့်ဂေါ၊ ကလေး-မွေ့လည်၊ ကလေး-ဟံသာဝတီ၊ ကလေး-နတ်ချောင်းသို့ တစ်ရက်လေးကြိမ် ပြေးဆွဲလျက်ရှိပြီး ခရီးသည်ဦးရေ တစ်နေ့လျှင် ၁၃၀၀မှ ၁၈၀၀ အထိရှိကြောင်းနှင့် ယခင်က ခရီးသည်များအား လက်မှတ်ရောင်းချပေးရာတွင် ထိုင်ခုံနံပါတ် ပေးမထားဘဲ ယခုနှစ် ဧပြီ၁၈ ရက်မှစ၍ ခရီးသည်များ ပိုမိုချောမွေ့စွာ လိုက်ပါနိုင်ရေးအတွက် ထိုင်ခုံနံပါတ်ပေးသည့် စနစ်ဖြင့် ရောင်းချနေပြီဖြစ်ကြောင်း ကလေးဘူတာမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

(ချင်းတွင်းသား)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့တွင်းလမ်းသွယ်များတွင်
လမ်းကြောင်းပြောင်းပြန် ဝင်ထွက်နေမှုများ တားဆီးပေးရန်လို

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့တွင်း နံပါတ်တပ် လမ်းသွယ်များတွင် တစ်လမ်းမောင်း သွားလာခွင့်ပြုထား၍ လမ်းထိပ်များတွင် သိသာသော အမှတ်အသားများ၊ ယာဉ်ရပ်နားထားသည့် အနေအထားများရှိသော်လည်း လမ်းပြောင်းပြန်ဝင်နေသည့် ယာဉ်များ ရှိနေသည့်အတွက် အရေးယူပေးစေလိုသည်ဟု ရန်ကုန်မြို့တွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

လမ်းသွယ်များအတွင်း စည်းကမ်းမဲ့မောင်းနှင်သွားလာမှုများကို ခွင့်ပြုထားလျှင် လမ်းသွားလမ်းလာများ အထူးသဖြင့် ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အန္တရာယ်ကြုံတွေ့လာနိုင်ကြောင်း၊ လမ်းသွယ်များအပြင် ကားလမ်းမကြီးများတွင် ဆိုက်ကား၊ ဂါလီအနွေးယာဉ်၊ စက်ဘီးများပါ လမ်းပြောင်းပြန်သွားလာနေမှုများရှိနေရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတွင် အထူးအရေးကြီးသဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြော ပြောင်းပြန်သွားလာမှုများအပေါ် အရေးယူသင့်ကြောင်း ရန်ကုန်မြို့တွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ တစ်လမ်းမောင်းလမ်းသွယ်များတွင် ပွဲရုံပိုင်ရှင်များ၏ ကိုယ်ပိုင်ယာဉ်များကို လမ်းကြောင်းပြောင်းပြန် သွားလာခွင့်ပြုထားပြီး အခြားခေါက်တို ကုန်ပို့ယာဉ်များအပါအဝင် ယာဉ်များ ဖမ်းဆီးအရေးယူခြင်းရှိသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းသို့ ကုန်ပို့သူတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

သင်္ကြန်ကာလအတွင်း ခါးပိုက်နှိုက်သူများအား ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေတွင် သင်္ကြန်ကာလအတွင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ ရေကစားမဏ္ဍပ်များတွင် အသွင်ယူစောင့်ကြည့်ခဲ့ရာ ရွှေပိတောက်ရေကစားမဏ္ဍပ်တွင် ခါးပိုက်နှိုက် သက်နိုင်ထွန်း (ခ)အာပြဲနှင့် မျိုးဇော်တို့အားလည်းကောင်း၊ ပိတောက်ဦးရေကစားမဏ္ဍပ်တွင် ခါးပိုက်နှိုက် အောင်ကျော်သူနှင့် မျိုးသန့်တို့အား လည်းကောင်း၊ X_2O ရေကစားမဏ္ဍပ်ရှေ့တွင် ခါးပိုက်နှိုက် အုန်းရွှေ(ခ) ရန်နိုင်ထွန်း၊ တင်မြင့်နှင့် ဇော်မျိုးနိုင်တို့အား လည်းကောင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါခါးပိုက်နှိုက်ခုနစ်ဦးတို့အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

**မီးမှန်သမျှ
သုံးတတ်က
မချမ်းဘေး
စဉ်ကင်းဝေး**

အောင်လံမြို့နယ်တွင် ဦးလေးဖြစ်သူအား ရဲတင်းဖြင့်ခုတ်သဖြင့် သေဆုံးမှုဖြစ်ပွား

အောင်လံ ဧပြီ ၂၂

အောင်လံမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာတွင် ဧပြီ ၂၀ ရက်က တူဖြစ်သူက ဦးလေးဖြစ်သူအား ရဲတင်းဖြင့် ခုတ်သဖြင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အဆိုပါနေ့ ညနေ ၃ နာရီက အုတ်ရှစ်ကုန်းကျေးရွာနေ ဇော်ထွန်းသည် ၎င်း၏နေအိမ်အောက်တွင် ရဲတင်းဖြင့်ထွန်သွားချွန်နေစဉ် တစ်ရွာတည်းနေ ဦးလေးတော်စပ်သူ ဦးသိန်းရွှေရောက်ရှိလာပြီး ဇော်ထွန်းအား မဖွယ်မရာပြုလုပ်ပြသည့်ကိစ္စနှင့်ပတ်သက်၍ စကားများကြရာမှ တူဖြစ်သူက ထွန်သွားချွန်နေသည့် ရဲတင်းဖြင့် ဦးလေးဖြစ်သူအား ခုတ်ခဲ့သဖြင့် ဦးလေးဖြစ်သူတွင် ရင်ညွန့်အောက် ငါးလက်မခန့်ပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ (မကွေး)

ဒလ ဧပြီ ၂၂

ဒလမြို့နယ်အတွင်း ဧပြီ ၂၂ ရက် ညနေပိုင်းက ရန်ကုန်မြစ်ကမ်းစပ်တွင် လွှန်းတင်ထားသော ငါးဖမ်းသင်္ဘော၏ ဝမ်းဗိုက်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က ဒလမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းမကြီးဘေး ရန်ကုန်မြစ်ကမ်းစပ်တွင် လွှန်းတင်ထားသော ငါးဖမ်းသင်္ဘော၏ ဝမ်းဗိုက်အတွင်း မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် ညနေ ၄ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဒန်မဆမ် ပိုင်ဆိုင်သော "ရွှေရတနာဝင်းဝင်း"အမည်ရှိ သင်္ဘောဝမ်းဗိုက်အတွင်း အအေးခန်းပြုပြင်ရန်အတွက် ဦးထွန်း(၄၂)နှစ် ၁၀/တောင် ၁၃ ရပ်ကွက် သာကေတမြို့နယ်နေသူက ကတ်တာဖြင့် ဖြတ်တောက်နေစဉ်

သင်္ဘောဝမ်းဗိုက်အတွင်း ကတ်တာဖြတ်တောက်စဉ် ဖော့တုံးများပေါ်သို့ မီးပွားကျပြီး မီးလောင်မှုဖြစ်ပွား

ဖော့တုံးများပေါ်သို့ မီးပွားကျပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ကြသဖြင့် ညနေ ၄ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုကြောင့် ဦးထွန်းအား ဒလမြို့မရဲစခန်းက (ပ)၁၇၀/၂၀၁၄ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(စိုးဝင်း-MLA)

ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ကန်ပက်လက် ဧပြီ ၂၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မြင့်သိန်းသည် ချင်းပြည်နယ်အစိုးရလူမှုရေးဝန်ကြီး ဒေါက်တာဘာမောင်နှင့်အတူ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဧပြီ ၁၉ ရက်တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ဧပြီ ၂၀ ရက်တွင် အမျိုးသမီးသတ်မွေးသင်တန်းကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ လည်းကောင်း၊ နတ်မတောင်အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးနှင့် ဝဥစိုက်ပျိုးရေးလုပ်ငန်းတို့ကို လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ မုတ္တမပင်လယ်ကွေ့မှ

ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း(BANCA)သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့ဒေသအား Ramsar Site အဖြစ် အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မုတ္တမပင်လယ်ကွေ့သည် ရေညှော်နွံတိုင်းငှက်များ အဓိကကျက်စားပြီး တစ်ကမ္ဘာလုံး၏ အကောင်ရေ ၇၀ ရာခိုင်နှုန်းကျော် လာရောက်ဆောင်းခိုလျက်ရှိကာ ကောက်ရေလှုပ်ရှားဆုံးရှုံးနိုင်သည့် ကျိုက်ထိုနှင့်ဘီးလင်းမြို့နယ်များကို ကနဦး ရေတိမ်ဒေသအဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

ရေညှော်နွံတိုင်း(ဒီလုံး)ငှက်များ ထိန်းသိမ်းနိုင်ရေးအတွက် Ramsar Site အဖြစ်သတ်မှတ်ခြင်းသည် ကောင်းမွန်သောအစီအစဉ်ဖြစ်ပြီး နယ်မြေသတ်မှတ်ရာတွင် ဒေသအတွင်း ဒီရေရောက်ရှိနိုင်သည့် အမြင့်ဆုံးအမှတ်ကို ရေစစ်ခန့်မှန်း၍ သတ်မှတ်ရန်နှင့် လူနေအိမ်များ လယ်ယာမြေများကို ရှောင်ကွင်း၍ သတ်မှတ်ရန်လိုကြောင်း၊ ငှက်များမျိုးသုဉ်းခြင်းမှ ကာကွယ်ရန် ဘေးမဲ့နက်အဖြစ်သတ်မှတ်ပြီး ဖမ်းဆီးခြင်းမပြုရန် ဒေသခံပြည်သူများအား အသိပညာပေးရန်လိုအပ်ကြောင်း၊ နယ်နိမိတ်သတ်မှတ်ရာတွင်လည်း ပြည်သူများ၏ သဘောထားဆန္ဒကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေတိမ်ဒေသသည် မြန်မာနိုင်ငံအတွက် အရေးကြီးထိန်းသိမ်းသင့်သော နေရာတစ်ခုဖြစ်ပြီး အသိအမှတ်ပြုပြီးပါက ဒေသခံများအတွက် ဂုဏ်ယူစရာဖြစ်သလို သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ၏ လူမှုဘဝ၊ စီးပွားရေးအခြေအနေများ တိုးတက်လာမှုအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်သည့်အပြင် ဒေသဖွံ့ဖြိုးရေးများ ပေါ်ထွက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဆက်နေမင်းအောင်)

စစ်ကျန် ၈၂ မမ ဗုံးသီးဟောင်း ခြောက်လုံးတွေ့ရှိ

ရေတာရှည် ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၂၀၀/၅) နှင့် (၂၀၀/၆)အကြား တံတားအမှတ် (၂/၂၀၁) ၏ အနောက်ဘက်ခြမ်းအောက်တွင် ဧပြီ ၂၂ ရက် နံနက် ၉ နာရီခွဲခန့်က ဗုံးသီးများကို ပလတ်စတစ်ကောက်သည့် ကလေးငယ်များက စတင်တွေ့ရှိခဲ့ပြီးနောက် ဆွာတောင်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ရှိန်ဆီသို့ သတင်းပို့ခဲ့သည်။ ဆက်လက်၍ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သောင်းစံ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အရှည် ၁၂ လက်မ၊ လုံးပတ် ၁၀ လက်မခွဲ(နောက်ဒလက်ပါ)စစ်ကျန် ၈၂ မမ ဗုံးသီးဟောင်း ခြောက်လုံးကို တွေ့ရှိခဲ့သဖြင့် နယ်မြေခံတပ်ရင်းမှ တပ်ရေးဗိုလ်ကြီးသန့်စင်စိုးနှင့်အဖွဲ့အား ဆက်သွယ်သတင်းပို့ကာ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

✱ နိုင်ငံတော်မှ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် နှစ်သစ်တွင် အများဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ လွှတ်တော်များက တာဝန်ယူဆောင်ရွက်သည့် ဥပဒေပြုရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများထဲမှ ပြင်ဆင်၊ ပယ်ဖျက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ပြီးပြတ်အောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တော်များ စတင်ခဲ့ချိန်မှ စ၍ ယနေ့ထိ သက်တမ်းအားဖြင့် သုံးနှစ်နှင့် နှစ်လကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းသက်တမ်းကာလအတွင်း ဥပဒေပေါင်း ၉၈ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း ၅၄ ခုကို ဆွေးနွေးဆဲဖြစ်ပါကြောင်း။

လွှတ်တော်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော် ဥပဒေပေါင်း ၁၃၄ ခု ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဥပဒေများကို ပြင်ဆင်ရန် ဆွေးနွေးဆဲဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်များ၏ ဆောင်ရွက်ချက်များကိုလည်း ပြန်လည်သုံးသပ်ရန် လိုပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေသော Procedure များသည် ဥပဒေပြုရေး နှောင့်နှေးမှုများ ဖြစ်စေပါက ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း။

ယနေ့ တက်ရောက်လာကြသူများသည် ပညာရှင်များ၊ အတွေ့အကြုံရှိသူများဖြစ်၍ အကြံဉာဏ်ကောင်းများ ပေးနိုင်သူများဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးမှ ပေါ်ထွက်လာမည့် သုံးသပ်ချက်များအရ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ရမည်ဖြစ်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆောင်ရွက်ဆဲ ဥပဒေဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဉာဏ်တို့က ဆောင်ရွက်ဆဲ ဥပဒေများ ပြင်ဆင်ရေး၊ ပယ်ဖျက်ရေးနှင့် အသစ်ရေးဆွဲရမည့် ဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ယင်းနောက် ဥပဒေ၊ စီမံရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေများ၊ လွှတ်တော်တွင် တင်သွင်းမည့်ဥပဒေများ၊ ဥပဒေပြုရေးဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးရာတွင် ပြည်ထောင်စုလွှတ်တော်အတွင်း ဆောင်ရွက်ဆဲ ဥပဒေကြမ်းများကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရမည့် ဥပဒေကြမ်းများ ပြင်ဆင်ရာတွင် Procedure အရ မည်သည့်အချက်များကို ဦးစားပေးရမည်ကို သုံးသပ်ရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများ ပိုမိုမြန်ဆန်စေရန် လွှတ်တော်ကော်မတီများ၏ ဆောင်ရွက်ချက်များကို ပြင်ဆင်သွားရန် လိုအပ်ကြောင်း၊ လွှတ်တော်များမှ ပြဋ္ဌာန်းသည့် ဥပဒေများကို အစိုးရအဖွဲ့က လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေများ ပြဋ္ဌာန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လိုလားချက်များနှင့်အညီ ဥပဒေများ ပေါ်ထွက်လာရေးအတွက် အားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ချင်းပြည်နယ်အတွင်းရှိ ပညာရည်ထူးချွန်သူ ၃၀ ကို ပညာသင်စရိတ်ထောက်ပံ့ပေးမည်

တီးတိန် ဧပြီ ၂၂

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ချင်းပြည်နယ်တစ်ဝန်းလုံးရှိ စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျောင်းသား ကျောင်းသူများအနက်မှ ပညာရည်ထူးချွန်သူ ၃၀ အား ပညာသင်စရိတ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် ကိုးမြို့နယ်မှ ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်စာဘာသာရပ်နှင့် ပြင်ပအထွေထွေဗဟုသုတများကို မိမိတို့မြို့နယ်အလိုက် ယှဉ်ပြိုင်စေပြီး အခြေခံပညာအလယ်တန်းကျောင်းသားကျောင်းသူ ၁၁ ဦး၊ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူ ၁၉ ဦး စုစုပေါင်း ၃၀ အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရွေးချယ်ခံကျောင်းသားများတွင် စတုတ္ထတန်းကျောင်းသားတစ်ဦးကို တစ်လလျှင် ငွေကျပ်နှစ်သောင်းစီ၊ အဋ္ဌမတန်းကျောင်းသားတစ်ဦးကို တစ်လလျှင် ငွေကျပ်သုံးသောင်းစီဖြင့် ဇွန်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

ပညာရည်ထူးချွန်သူများအား မြို့နယ်အလိုက် ကျောင်းအသီးသီးမှ အဆင့်ဆင့်ရွေးချယ်ပြီး အရည်အချင်းအပြည့်မီဆုံးကို ပြန်လည်စိစစ်ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိ နိုင်ငံတော်အစိုးရလက်ထက် ပညာရေးစနစ်သစ်များ အဆင့်လိုက် ပြုပြင်ပြောင်းလဲနေပြီး ပညာရေးဝန်ထမ်းအင်အားနှင့် စာသင်ကျောင်းတိုးချဲ့မှုများရှိလာပြီဖြစ်ကြောင်း တီးတိန်မြို့ပေါ်မှ ကျောင်းဆရာတစ်ဦးက ပြောကြားသည်။

ချင်းပြည်နယ်ပညာရေးဌာန၏ ယခင် ၂၀၁၃ ခုနှစ်စာရင်းအရ ချင်းပြည်နယ်တွင် အထက်တန်းကျောင်း ၃၀၊ အထက်တန်း(ခွဲ)ကျောင်း ၃၀၊ အလယ်တန်း ၃၅၂ ကျောင်း၊ အလယ်တန်း(ခွဲ) ၃၄ ကျောင်း၊ မူလတန်း(လွန်) ၁၅၂ ကျောင်း၊ မူလတန်း ၆၇၇ ကျောင်း၊ မူလတန်း(ခွဲ)ရှစ်ကျောင်း၊ တွဲဖက်မူလတန်း ၃၈ ကျောင်းရှိပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၁၂၂၃ ဦးရှိကြောင်း သိရသည်။ **ဇိုဟေဆာ(ချင်းတောင်ခြေ)**

စကားများရန်ဖြစ်ရာမှ တစ်ဦးသေဆုံး

ရေနံချောင်း ဧပြီ ၂၂

ရေနံချောင်းမြို့နယ် ညောင်ပင်အိုင့်ကျေးရွာအုပ်စု အုပ်လှကျေးရွာတွင် ဧပြီ ၁၈ ရက် ည ၁၀ နာရီခွဲက အဆိုပါ ကျေးရွာနေ တင်ရွှေနှင့်တစ်ရွာတည်းနေ အေးမြင့်တို့သည် ရွာလယ်လမ်းဆုံ၌ အရက်အတူ ထိုင်သောက်ပြီး စကားများရန်ဖြစ်ကြရာ အေးမြင့်က တင်ရွှေအား အရက်ပုလင်းနှင့် ရိုက်ခဲ့သဖြင့် တင်ရွှေတွင် ဝဲဘက်မျက်ခုံးစွန်းအထက်တွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး နေအိမ်၌ ဆေးကုသမှုခံယူနေစဉ် ဧပြီ ၁၉ ရက်က သေဆုံးသွားခဲ့သောကြောင့် အေးမြင့်အား ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်

နေပြည်တော် ဧပြီ ၂၂

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ The Hotel Royal ACE ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ ၂၀၁၄ ခုနှစ်အတွင်း မိမိတို့နိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ရာ မကြာခင်ကာလတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပသွားရန်ရှိကြောင်း၊ ၎င်းအစည်းအဝေးများကို နေပြည်တော်ရှိ ဧည့်ဂေဟာနှင့် ဟိုတယ်များ၌ ကျင်းပသွားမည်ဖြစ်သဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာကျွမ်းကျင်သောဝန်ထမ်းများ လိုအပ်ပါကြောင်း၊ ထို့အတူ ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင်လည်း အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ရာ အာဆီယံနိုင်ငံအသီးသီးမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်၍ ဟိုတယ်များအနေဖြင့် ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးစွမ်းနိုင်စေရန် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းနှင့် အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်းများသို့တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားလေ့လာသင်ယူကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ MICC(1) ၌ ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာန တာဝန်ခံများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရွှေမြို့၌ ကြက်ခြေနီနှင့်ကင်းထောက်သင်တန်း ဖွင့်လှစ်

ညောင်ရွှေ ဧပြီ ၂၂

ယနေ့ခေတ်လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်ရာ ကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်မြင့်မား၍ လူသားအချင်းချင်း စာနာထောက်ထားရိုင်းပင်းကူညီတတ်သည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ ကြက်ခြေနီနှင့်ကင်းထောက်သင်တန်းကို ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စုစုဟန်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်ဖေထူးတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၂ ရက်မှ ၃၀ ရက်ထိဖြစ်ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

အမုန်းတရားကို ပွားများစေသည့် ရေးသားဟောပြောချက်များ (Hate Speech) နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကျင်းပမည်

နေပြည်တော် ဧပြီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Friedrich Ebert Stiftung (FES) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Friedrich Ebert Stiftung (FES) မှ Media Law Consultant ဖြစ်သူ Senior Lecturer School of Law University of Ulster မှ Dr. Venkatlyer (B.Sc. Hons LLB, LLM, Ph. D, BL) ၏ အမုန်းတရားကို ပွားများစေသည့် ရေးသားဟောပြောချက်များ (Hate Speech) နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်နှင့် နေပြည်တော်တို့ ရှုံး/ထွက်အဆင့်သို့တက်ရောက်

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် ဧပြီ ၂၂

၂၀၁၄ AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စု (G)နောက်ဆုံးပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဗစ်ဆိုင်း(ဗီယက်နမ်)အသင်းတို့သည် ယနေ့ညနေ ၆ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဗစ်ဆိုင်းအသင်းက လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗစ်ဆိုင်း - လေးဂိုး

(ဒင်မန်သာ-နှစ်ဂိုး၊ ဘာရန်နှင့် ဗစ်ဆိုင်း)

ရန်ကုန် - တစ်ဂိုး

(ဆီဇာ - ပင်နယ်တီ)

စင်ကာပူနိုင်ငံတွင် ယှဉ်ပြိုင်ကစားသော တမ်ပနိစ်ဂိုဗာ(စင်ကာပူ)နှင့် နေပြည်တော်တို့ပွဲစဉ်တွင် နေပြည်တော်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်သွားသည်။ ရှုံး/ထွက်အဆင့်ကို မြန်မာကလပ်အသင်းနှစ်သင်းဖြစ်သည့် ရန်ကုန်အသင်းနှင့် နေပြည်တော်အသင်းတို့မှာ အုပ်စုဒုတိယများဖြင့် တက်ရောက်နိုင်ခဲ့သည်။

ရန်ကုန်အသင်းနှင့် ဗစ်ဆိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

●ကျောဖုံးမှ

ကွန်မြူနတီဒိုင်းလုပွဲတွင် ဝီဂန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ဖလားရရှိခဲ့သည့် မှတ်တမ်းသာရှိခဲ့သည်။ ယင်းနောက် ဘောလုံးရာသီစတင်ခဲ့သည့်အချိန်မှစတင်ကာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ အိမ်ကွင်းကစားခဲ့ရသည့် ပွဲစဉ်များတွင် ခြောက်ပွဲအထိ ရှုံးပွဲကြုံခဲ့ရသည်။ ဆွမ်ဆီးအသင်းအား ရှုံးနိမ့်ကာ အက်ဖ်အေဖလား တတိယအဆင့်မှ ထွက်ခဲ့ရခြင်း၊ ဆန်းဒါးလန်းအသင်းအားရှုံးနိမ့်ကာ ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရခြင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းအားရှုံးနိမ့်ကာ ချန်ပီယံလိဂ်ဖလား ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရခြင်းတို့သည် ဒေးဗစ်မိုယက်အတွက် မန်ယူအသင်းနည်းပြအဖြစ် ဆက်ရှိနေမည့် အခွင့်အလမ်းသည် မှေးမှိန်စပြုလာခဲ့သည့်အပြင် ပရီမီယာလိဂ်တွင်လည်း လက်ရှိချန်ပီယံဘွဲ့ထူးကိုပင် ဆက်မထိန်းနိုင်သည်ကို အသင်းတာဝန်ရှိသူများအနေဖြင့် အပြစ်မမြင်သော်လည်း လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်သည်ဝေးစွ၊ လက်ရှိအနေအထားဖြင့်ဆိုလျှင် ယူရိုပါလိဂ်ပါ ဝင်ခွင့်ပျောက်ဆုံးရမည့်အနေအထားတွင် ရှိနေသည်။ မန်ယူအသင်း၏ သမိုင်းတွင်လည်း ၁၉၉၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့်ဆုံးရှုံးခဲ့ရခြင်းလည်းဖြစ်သည်။

ထို့ကြောင့် အသင်းတာဝန်ရှိသူများအနေဖြင့် မန်ယူအသင်း၏ သမိုင်းတွင် တစ်ခါမျှ မတွေ့ကြုံဖူးသော ရှုံးနိမ့်ခြင်းကိုသာလျှင် နည်းပြဒေးဗစ်မိုယက်အနေဖြင့် ဆောင်ကြဉ်းပေးခဲ့သည်ဟုဆိုကာ အသင်းနည်းပြအဖြစ် ထုတ်ပယ်ခြင်းသည်သာ မန်ယူအသင်းနှင့် ပရိသတ်များအတွက် အကောင်းဆုံးသောဆုံးဖြတ်ချက်ဖြစ်မည်ဟု ဆိုကာ အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားကြေညာလိုက်ခြင်းဖြစ်သည်။

နိုင်လင်းကြည်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဧပြီ ၂၂

ယနေ့နံနက်၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်**မှာ ကော့သောင်းမြို့တွင် သုည ဒသမ ၁၆ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

ကျန်းမာစေရန် စက်ဘီးစီး

(သိပ္ပံမျိုးတင်)

၁၉၆၅ ခုနှစ်မှစ၍ သိပ္ပံနှင့်နည်းပညာ စာပေများ စတင်ရေးသားခဲ့ပါသည်။ ၁၉၆၈ ခုနှစ်မှ စတင်၍မူ ကျန်းမာရေးစာပေများကို ဇောက်ချရေးခဲ့ပြီး ကျန်းမာရေးပညာများကို မီဒီယာများမှ ဖြန့်ဝေခြင်း၊ ကိုယ်တိုင်ပြောကိုယ်တိုင်လည်း လုပ်ပြလေ့ကျင့်ခဲ့၍ အကုန်ကျန်းမာနေပါသည်။ နှလုံးနှိုးစက်တပ်ထားရသဖြင့် အခါအားလျော်စွာ ဒေါက်တာမြင့်စိုးဝင်းထံ သွားသွားပြရသည်။

တစ်ရက်တွင် ဆေးစစ်ရန် ညွှန်ကြားသဖြင့် သွားရောက်အစစ်ခံပါသည်။ ကျွန်တော့်အသက်အမှန်မှာ (၈၉) နှစ်နှင့် ခြောက်လခန့်ရှိ၍ သမီးက လူနာအမည်တွင် (၉၀) ဟု ရေးလိုက်ပါသည်။ သွေးဖောက်သည့် သူနာပြုသမီးငယ်က ကျွန်တော့်ကိုကြည့်ပြီး "၉၀ နဲ့ တူလည်းမတူဘူး" ဟု မှတ်ချက်ချသောကြောင့် အတန်စိတ်ချမ်းသာခဲ့ရပါသည်။

၁၈-၁-၁၄ ရက်တွင် လစဉ်ရေးပေးနေကြ ဝဲလ်နယ်စ်မဂ္ဂဇင်းသို့ "၉၀ နဲ့လည်းမတူ" ခေါင်းစဉ်ဖြင့် ကျွန်တော် ကျန်းမာနေရသည့်အကြောင်း ဆောင်းပါးရေးနေပါသည်။ ယနေ့ထုတ်ကြေးမုံသတင်းစာဖတ်နေစဉ် စာရေးဆရာမ ပေါက်ပေါက်မျှဝေသော "တကယ်ကျန်းမာချင်ပါသလား" စာတိုလေးဖတ်လိုက်ရသောအခါ တော်တော်ကျေနပ်သွားပါသည်။

သို့သော်ပထမနံပါတ်(၁)တွင်အရက်၊ဘီယာ၊ အားဖြည့်အချိုရည်များ လျှော့သောက်ပါဟု ရေးထားသည်ကိုမူ ကျွန်တော်ဘဝင်မကျပါ။ ယနေ့အခါ စာရေးဆရာများ သာမက ဆရာဝန်များကပါ အရက်၊ဘီယာများ အလွန်အကျွံမသောက်ပါနှင့်၊ အသင့်အတင့်သောက်လျှင် နှလုံးရောဂါကို ကာကွယ်နိုင်ပါသည်ဟု ယုံကြည်နေကြဆဲ ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်များတွင် သုတေသီနှစ်ဖွဲ့က အရက်၊ ဘီယာ အသင့်အတင့် သောက်သုံးပါက နှလုံးရောဂါ ကာကွယ်နိုင်သည်ဟု တင်ပြထားသည်ကို ယနေ့တိုင် ယုံကြည်နေကြခြင်းဖြစ်သည်။ မကြာသေးမီက နယူးဇီလန်မှ သုတေသီတို့က ထို ၈၀ ခုနှစ်များက သုတေသနစာတမ်းများကို ပြန်လှန်သုတေသနပြုကြည့်ကြသောအခါ အရက်၊ဘီယာ အသင့်အတင့်သည် နှလုံးရောဂါကို ကာကွယ်နိုင်သည်ဆိုသည်ကို ထောက်ခံသော လုံလောက်သည့် အချက်အလက်များမတွေ့ရ၍ အသင့်အတင့်သောက်သုံးလျှင်ပင် ရောဂါဖြစ်နိုင်ကြောင်း အတိအလင်း စာနယ်ဇင်းများမှ ရေးသားတင်ပြထားသည်။ အထူးသဖြင့် ထို ၈၀ ခုနှစ်များက သုတေသနပြုသူများသည် အရက် ချက်သောကုမ္ပဏီများနှင့် မကင်းကြောင်းတွေ့ရသည်ဟု စွပ်စွဲထားပါသည်။

ယင်းသတင်းကို မြန်မာမီဒီယာများမှ မည်သူမျှ ထပ်မံဖော်ပြခြင်းလုံးဝမရှိခဲ့ပါ။ ထိုနယူးဇီလန်မှ တွေ့ရှိချက်များကို မည်သူကမျှ ကန့်ကွက်ခြေဖျက်နိုင်ခြင်းမရှိပါ။ ဆိုဒင်တွင် ယခင်က အမှုထမ်းများတွင် အရက်အသင့်အတင့်မှီဝဲသူများ ကျန်းမာရေးပိုကောင်း၍ ခွင့်ရက်ပျက် မရှိသောကြောင့်ဟုဆိုကာ ယင်းတို့ကို အပိုဆုကြေးပေးခဲ့သည်။ ယခုအခါ အသင့်အတင့်သောက်သူများ ရောဂါကင်းမှုမရှိသည်ကို တွေ့ကြရရာ ဆုကြေးကို ဖြတ်လိုက်သည်ဟုလည်း သတင်းများပါရှိပြီးဖြစ်သည်။ ယင်းကိုမြန်မာမီဒီယာ၌ မည်သူမျှရေးသားဖော်ပြသတိပေး၊ အသိပေးမှုမရှိခဲ့ပါ။ ယနေ့ ဆေးသိပ္ပံမှသိရှိပြီးကြသည်မှာ ဘီယာ၊ အရက်သောက်သည်နှင့် ခုခံစွမ်းအားကျသည်။ ထိုအခါ ရောဂါပေါင်းစုံဖြစ်လာဖွယ်ရှိလာသည်။ အရက် ပထမတစ်ခွက်တွင်ပင် သွေးနီဥများ ပူးကပ်သွားတတ်သည်။ ဦးနှောက်ထဲဝင်သော သွေးပြန်ကြောများမှာ သွေးနီဥတစ်ခုစီသာ ဝင်နိုင်သည်။ ပူးဝင်သောအခါ သွေးကြောပိတ်သည်။ ပိတ်ပါများလျှင် လေဖြတ်မည်။ ဘီယာသောက်လျှင်လည်း ခုခံအားကျသည်။ အရက်သောက်သူနှင့် ဘီယာသောက်သူများ ယှဉ်ကာ ဘီယာသောက်သူများပို၍ အသည်းခြောက်ရောဂါဖြစ်တတ်ကြောင်း တွေ့ရှိကြပြီးဖြစ်သည်။

ပေါက်ပေါက်၏အမှတ်(၁)တွင် ဆေးလိပ်ဖြတ်ပါဆိုသည်ကို သဘောကျပါသည်။ ဆေးလိပ်ဖြတ်သကဲ့သို့ ကွမ်းဖြတ်ပါဟု ကျွန်တော်ကဖြည့်ချင်ပါသည်။ ကွမ်းထဲတွင် နိုင်ငံခြားမှသွင်းသော ဆေးရွက်ကြီးဆေးများမှာ စီးကရက်ဆေးရွက်ကြီး အာနိသင်ထက် ပြင်းထန်ပါသည်။ ၎င်းကိုစားလျှင် စီးကရက်ကြောင့်ဖြစ်သော ကင်ဆာရောဂါများအပြင် ထုံးဓာတ်ကြောင့် ကျောက်ကပ်တွင် ကျောက်တည်သည့်ရောဂါအပိုဖြစ်နိုင်ပါသည်။

ယခုအခါ ကျွန်တော်တို့၏ မျိုးဆက်သစ်များ ချည့်နဲ့ညှိုးဖျင်းသော အလုပ်သမားများဖြစ်စေရန် ဆိုင်တိုင်း၌ အရက်မျိုးစုံ၊ ဘီယာမျိုးစုံကို ရောင်းချနေကြပါပြီ။ လွန်စွာအန္တရာယ်ကြီးမားသော်လည်း အစိုးရ၊ မိဘ၊ ဆရာသမား၊ အရပ်သူ အရပ်သား၊ တာဝန်သိသူများ တစ်ဦးတစ်ယောက်ကမျှ ဤအန္တရာယ်ကို ကာကွယ်ရန် ကြိုးစားအားထုတ်မှု မပြုသည်ကို တွေ့နေရသည်မှာ များစွာတာဝန်မဲ့သည်ဟု ကျွန်တော်ထင်ပါသည်။

ထို့ကြောင့် ကျွန်တော့်မှာ မနေနိုင်မထိုင်နိုင် တစ်ကိုယ်ရေ လှုပ်ရှားမှုအဖြစ် "သိကြားစေ လှုပ်ရှားမှု" တစ်ရပ်လုပ်နေရပါသည်။ မြတ်စွာဘုရားလက်ထက်တော်မှစ၍ အရက်သေစာ သောက်သုံးမှုတားမြစ်ခဲ့သော်လည်း ယနေ့တိုင် သောက်သူက သောက်နေကြမြဲဖြစ်၍ မည်သည့်အခါမျှ တားရမည်မဟုတ်ပါ။

သို့သော် မျိုးဆက်သစ်များကို ဘီယာ၊ အရက်၊ ဆေးလိပ်၊ ကွမ်းတို့၏အန္တရာယ်ကိုမူ သတိပေးနေသည်ဟု ယူဆပါသည်။ ထို့ကြောင့် ပြုံးပျော်ပြိုပျက်သေအရက်၊ ဘီယာအရက်သောက်လျှင် အသည်းခြောက်သည်။ ကွမ်းစား၍ လျှာပါးစောင် ကင်ဆာရယူပါ။ ဆေးလိပ်သောက်လျှင် သေချင်းဆိုးနှင့်သေတတ်သည်ဟူသော ဆောင်ပုဒ်များ စတစ်ကာနှင့်ရိုက်ပြီး ရန်ကုန်တစ်ဝိုက် ပြေးဆွဲနေသော ဘတ်စ်ကားများပေါ်တွင် ကပ်နိုင်ရန် မထသ ဥက္ကဋ္ဌနှင့် သွားရောက်ဆွေးနွေးခဲ့ပါသည်။

ဥက္ကဋ္ဌဦးလှအောင်ကလည်း ယာဉ်မောင်းနှင့်ကားအကူများကို အခါအားလျော်စွာ အရက်အန္တရာယ်များဟောပြောနေသူဖြစ်ကြောင်း သိရ၍ ဝမ်းသာချီးကျူးရပါသည်။ ဥက္ကဋ္ဌမှ ဘတ်စ်ကားပိုင်ရှင်များနှင့်ဆွေးနွေး ရာ ဘတ်စ်ကားများပေါ်တွင် ကပ်မည်ဟု သဘောတူပါသည်။ ထို့ကြောင့် ကျွန်တော်တစ်ဦးတည်းအနေဖြင့် ဆောင်ပုဒ်များရိုက်ပြီး ပေးပို့လိုက်ရာ ဘတ်စ်ကားအစီး ၃၀၀ ပေါ်ကပ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ ၄၀၀၀ ကျော်ပြည့်အောင် ကြိုးစားရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူထံသို့လည်း ဆောင်ပုဒ်အစုံ ၁၀၀ ပေးပို့ပြီးဖြစ်ရာ စာပေရေချမ်းစင်များ၌ ကပ်မည်ဆိုပါ သည်။ စာကြည့်တိုက်တိုင်းတွင် ကပ်နိုင်စေရန်လည်း ကြိုးစားနေပါသည်။ စိတ်ဝင်စားသူများ များပြားလာပါက တစ်ပြည်လုံးအတိုင်းအတာဖြင့် ရွာတိုင်း၊ မြို့တိုင်း၊ ကျောင်းတိုင်း၊ ဘုရားကျောင်းကန်တိုင်းတွင် ကပ်နိုင်ရန် အားထုတ်ရဦးမည်ဖြစ်ပါသည်။

အမှတ် (၇)တွင် စိတ်ဖိစီးမှုနှင့် ပတ်သက်၍ ရေးထားရာ စိတ်ပျော်ရွှင်ကျန်းမာစေရန် ဒေါက်တာရောဘတ်အဒါ ဆိုသူက ဆိုက်ကိုနျူရိုအင်မြူနိုလော်ဂျီ နည်းပညာနှင့် အကြံပြုထားပါသည်။ အာနာပါနကမ္မဋ္ဌာန်း ရှုမှတ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းဖြင့် ဦးနှောက်ထဲမှ အင်ဒေါ်ဖင်ခေါ် စိတ်ပျော်ရွှင်ဆေးများထွက်လာကာ လူကိုပျော်ရွှင်စေပြီး ခုခံအားများကိုအားပေးသဖြင့် ရောဂါများမှ ကာကွယ်နိုင်သည်ဟု ထောက်ခံထားပါသည်။

အမှတ်(၉)တွင် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား လျှော့စီးပါ။ လမ်းများများလျှောက်ပါဟု အကြံပြုထားပါသည်။ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာသမ္မတဖြစ်စဉ်တွင် အမေရိကန်တို့ လေ့ကျင့်မှု (၁၄)ခုတွင် အကျိုးဖြစ်မှုများ သုတေသနပြုနိုင်ခဲ့ပါသည်။ ယင်းကို ထောက်ခံချက်တွင် အကောင်းဆုံးကျန်းမာရေးလေ့ကျင့်မှုမှာ ဂျော့ဂင်ခေါ် ပြေးလျှောက်ခြင်း၊ ဒုတိယအကောင်းဆုံးမှာ စက်ဘီးစီးခြင်း၊ အညံ့ဆုံးမှာ လမ်းလျှောက်ခြင်းဟု ထောက်ခံထားပါသည်။

စက်ဘီးကိုပြင်ပတွင် စီးနိုင်ပါသည်။ ယင်းစက်ဘီး၏ နောက်ဘီးကို ခုံပေါ်တင်ထားပါလျှင် အိမ်တွင်း၌ပင် မိသားစုအားလုံး စက်ဘီးစီး၍ ကျန်းမာရေးကျင့်နိုင်ပါသည်။ ကျွန်တော့်လေ့ကျင့်မှုမှာ ပြေးလျှောက်မှု လုပ်ရင်း အာနာပါန ရှုရိုက်မှုသတိနှင့်ပြုသောကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်အကျိုးရှိပါသည်။

တကယ်ကျန်းမာချင်ပါသလားဟု ပေါက်ပေါက်ရေးထားရာတွင် အထက်တွင် ကျွန်တော်အကြံပြုထားသည်များကို ဖြည့်စွက်အားထုတ်ကြပါက အမှန်တကယ်ပင် ကျန်းမာမည်ဟု အာမခံရဲပါသည်။ လိုအပ်သည်မှာ လူတိုင်းမမေ့မလျော့ အားထုတ်ကြရန်သာဖြစ်ပါသည်။ မြန်မာတိုင်း ကြိုးစားလေ့ကျင့်၍ လူရည်ညဏ်ရည်မြင့်မားသော ခေတ်သစ်မြန်မာ လူထွားကြီးများ ဖြစ်လာမည်မှာ မလွဲဖြစ်ပါသည်။ ။

မတူပီ-ပလက်ဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု ချင်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ဟားခါး မေ ၂၂

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဇန်ထောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့်အတူ မေ ၁၄ ရက်က မတူပီမြို့နယ် လိုင်လင်းပီကျေးရွာသို့ ရောက်ရှိပြီး လိုင်လင်းပီ ရဲစခန်း၊ တိုက်နယ်ဆေးရုံနှင့် အထက ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၁၅ ရက်တွင် လိုင်လင်းပီ - ပိုက်တေ - ပလက်ဝကားလမ်း ဖောက်လုပ်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၁၆ ရက်တွင် ပလက်ဝမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပလက်ဝမြို့ ရိက္ခာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါ ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၁၇ ရက်တွင် ပလက်ဝ-ဆမီး ကားလမ်းတစ်လျှောက် ကားလမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆမီးမြို့နယ်ခွဲရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ပြည်နယ်ဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဗဟိုအလုပ်အမှုဆောင် Myanmar Welding Engineering Development Committee ၏ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့် ဦးဆောင်၍ အဖွဲ့ဝင် ဦးတင်လတ် မန်နေဂျင်းဒါရိုက်တာ (ဆည်းဆာစိုးစံ) ကုမ္ပဏီ၊ ဦးသန်းထွန်းဇော် ဒါရိုက်တာ (Myanmar Insepction & Technology)၊ ဦးအောင်သန့်ဦး ဒါရိုက်တာ (ဆည်းဆာစိုးစံ) ကုမ္ပဏီတို့ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပမည့် အာရှဂဟေအဖွဲ့ချုပ်အစည်းအဝေးနှင့် Japan International Welding Show 2014 သို့ တက်ရောက်ရန် မေ ၂၀ရက်က ထွက်ခွာသွားရာ ဗဟိုအလုပ်အမှုဆောင် ဦးလှကြိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်စဉ်။ (ကြေးမုံ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၉)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း ပထမထပ် အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေပုဒ်မ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သဘာဝဘေးအန္တရာယ် သက်သာစေဖွယ်

နွေအလွန် မိုးဦးမုန်တိုင်းရာသီ ကျရောက်တော့မည်ဖြစ်သည်။ ရာသီစက်ဝန်းများသည် သဘာဝအတိုင်း လည်ပတ်လျက်ရှိရာ သာမန်မိုးရွာလေတိုက်ခြင်းများရှိသကဲ့သို့ လွန်ကဲသောမိုးကြီးခြင်း၊ မုန်တိုင်းများပြင်းထန်ခြင်းများနှင့်လည်း ကြုံတွေ့နိုင်ပေရာ သင့်လျော်သော အစီအမံများ လုပ်ဆောင်ထားရန် လိုပေသည်။ နာဂစ်မုန်တိုင်းကျရောက်ပြီးနောက် ကြီးမားသော မုန်တိုင်းများ၊ ဒီရေများ၊ ရေကြီးရေလျှံမှုများမှ ကာကွယ်ရန်၊ ခိုလှုံရန် မြေသားတာပေါင် ကုန်းမြင့်များ၊ ကွန်ကရစ်မုန်တိုင်းရှယ်(လ်)တာများ ဆောက်လုပ်ခဲ့၍ သဘာဝဘေးအန္တရာယ်များမှ ရှောင်ရှားခိုလှုံနိုင်ရန် စီမံထားသကဲ့သို့ ဆက်သွယ်ရေးကွန်ရက်များမှာလည်း နာဂစ်ကာလထက် ပိုမိုတိုးတက်လျက်ရှိပြီး ကျေးလက်များတွင်ပါ မိုဘိုင်းဖုန်းကိုင်ဆောင်သူဦးရေ များပြားလာပြီဖြစ်သည်။ ယင်းအားသာချက်ကလည်း ဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ပေသည်။

သဘာဝဘေးအန္တရာယ်များနှင့် မကြုံတွေ့ရခြင်းသည် အကောင်းဆုံးဖြစ်သည်။ သို့သော် မတော်တဆ ကြုံတွေ့ခဲ့ရပါက မလိုလားအပ်သော အသက်အိုးအိမ်များ မဆုံးရှုံးစေရန် ကြိုတင်၍ လှုံ့လသတိရှိကြရမည်ဖြစ်သည်။ အချို့သော ကျေးရွာများတွင် မုန်တိုင်းရှယ်(လ်)တာ တည်ဆောက်ထားသော်လည်း ရှယ်(လ်)တာသို့ သွားရာလမ်းတွင် ချုံနွယ်များ၊ မြောင်းရိုးများ ပိတ်ဆို့ကာဆီးလျက်ရှိသည်။ ထို့ကြောင့် လိုအပ်သော အချိန်တွင် လျင်မြန်စွာ သွားလာခိုလှုံနိုင်ရန် လမ်းကြောင်းများရှင်းလင်းခြင်း၊ ရှယ်(လ်)တာအတွင်း သောက်သုံးရေ၊ ရှေးဦးသူနာပြုပစ္စည်းများနှင့် အခြားလိုအပ်သော ပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ရိက္ခာနှင့် တိရစ္ဆာန်များအတွက် ရေလွတ်တာပေါင်များ မြှင့်တင်ကြံ့ခိုင်မှုများ လိုအပ်နေပါက ယခုအချိန်မျိုးမှ စတင်လုပ်ဆောင်ထားသင့်ပေသည်။ သက်ဆိုင်ရာနှင့် ရုပ်သံ၊ ရေဒီယို၊ သတင်းစာများမှ ထုတ်ပြန်သော ရာသီဥတုဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို ဂရုပြုနားထောင်ဖတ်ရှု၍ အချင်းချင်းမျှဝေဆက်သွယ်သတိပေးခြင်းများ ပြုလုပ်ရန်လည်း သတိရှိရမည်ဖြစ်သည်။

ရေတိုအတွက် အစီအမံများ ပြုလုပ်သကဲ့သို့ ရေရှည်အတွက်ဒီရေ လေပြင်းများဒဏ်မှ အကာအကွယ်ပေးနိုင်သော လေကာသစ်ပင်၊ သစ်တောများ၊ ဒီရေတောများကို အသစ်ပျိုးထောင် အဟောင်းစောင့်ရှောက်၍ သဘာဝဘေးအန္တရာယ်များမှ သက်သာစေနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

(ကိုကိုနေ)

ပုဗ္ဗသီရိမြို့နယ်တွင် ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်

နေပြည်တော် မေ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရွာတော် (တောင်) ရွာနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများသို့ ပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးနှင့် ကုန်ထုတ်ရာတွင် လွယ်ကူလျင်မြန်စေရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာချင်းဆက်လမ်းကို ရွာတော်(တောင်) ရွာမှ ချောင်းစောက်ကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ကြံဖိုစုကျေးရွာများသို့ဆက်သွယ်သော မြေသားလမ်း အကျယ် ၁၈ ပေနှင့် အရှည် တစ်မိုင်ခွဲခန့် အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်တံတားအလျားပေ ၃၀၊ အနံပေ ၂၀ ရှိ တံတား တစ်စင်းအား တည်ဆောက်လျက်ရှိသည်။

မြေသားလမ်းအတွက် ငွေကျပ်သိန်း ၅၀ ကို ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပြီး ကွန်ကရစ်တံတားအတွက် လိုအပ်လျက်ရှိသော အလှူငွေကို ရွာတော်(တောင်) ကျေးရွာရှိ ဦးကြာမြ-ဒေါ်ချိုမိသားစုမှ ပေးအပ် လှူဒါန်းပြီး လမ်းဥက္ကဋ္ဌဦးကျော်သောင်းနှင့် ကျေးရွာရှိ ဒေသခံပြည်သူများက ယခုနှစ် မေ ၂၀ ရက်မှစ၍ လုပ်အားဒါနများဖြင့် မေလကုန်တွင် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးသွားပါက ရွာတော်(တောင်)ကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊စက်ကုန်းကျေးရွာ၊ ကြံဖိုစုကျေးရွာများသို့ ရာသီမရွေး အများပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ပြောချင်လွန်းလို့ပါ

တက္ကသိုလ်လှမောင်(ရေတာရှည်)

အိတ်စိုက်သူဌေးများ အလိုရှိသည်-

သူဌေးဘယ်လို ဖြစ်လာသလဲ၊ ရှာကြသည်၊ ဖွေကြသည်၊ စုကြဆောင်းကြသည်၊ အစုအပုံတွေဖြစ်လာသည်၊ စည်းစိမ်ဥစ္စာရွှေငွေ အစုအပုံတွေ ပိုင်ဆိုင်လာကြသည်။ ထိုစည်းစိမ်ဥစ္စာ ရွှေငွေအမြောက်အမြား ပိုင်ဆိုင်သူများကို သူဌေးဟု ခေါ်ရသည်။

ရွှေငွေစည်းစိမ်ဥစ္စာ ဘယ်လိုစုဆောင်းသနည်း။ ရှေးအတိတ်ဘဝများကလည်း စုဆောင်းခဲ့သည်။ ယခုဘဝမှာလည်း စုဆောင်းကြသည်။ ရှာဖွေသည့်နေရာတွင်လည်း တရားသည်၊ မတရားသည်ကိုမမှု၊ နည်းမျိုးစုံ အသုံးပြုသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ သူတို့လက်ထဲမှာ ရွှေငွေပစ္စည်းများ စုပုံရောက်ရှိသွားပေပြီ။ ထိုချမ်းသာမှုများကို သူတို့မည်ကဲ့သို့ သုံးစွဲကြသနည်း။ မည်သည့်နေရာများတွင် ရင်းနှီးမြှုပ်နှံနေကြသနည်း။ ဤအချက်သာလျှင် အရေးကြီးဆုံးဖြစ်ပါသည်။

မည်သို့ဆိုစေ အများကောင်းကျိုးအတွက် မြှုပ်နှံအသုံးချနေသည်ဆိုပါလျှင် လူသာခုခေါ် နတ်သာခုခေါ် ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် တင့်ရှန်းကျက်သရေ ဖြာနေပါလိမ့်မည်။ အများအကျိုးအတွက်ဆိုလျှင် အိတ်ထဲက စိုက်ထုတ်မျှဝေဖြန့်ကြနေပါလျှင် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် ဆောင်ရွက်နေသော အိတ်စိုက်သူဌေးများဟု ကင်ပွန်းတပ် ဂုဏ်ပြုခေါ်ဝေါ်ချင်ပါသည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော အိတ်စိုက်သူဌေးများ အလိုရှိနေပါသည်။ ယဉ်ကျေးမှုလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများတွင် ထိုသူဌေးမျိုးများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်လှသည်။ အများပြည်သူကတော့ ထိုအိတ်စိုက်သူဌေးများ၏ အိတ်မှစိုက်ထုတ်မျှဝေဖြန့်ကြ အများအကျိုးဆောင်ရွက်နေသည့် မြင်ကွင်းများကို စောင့်စားကြိုဆိုလျက်ရှိပါသည်။ လက်တစ်ဖက်က သနားကြင်နာမှုကိုပေး၊ ကျန်လက်တစ်ဖက်က စားနပ်ရိက္ခာများကို ဖြန့်ဝေပေးနေစေချင်ပါသည်။

ဘာကြောင့် ချမ်းသာလာကြသလဲ၊ ဒါနကြောင့် ချမ်းသာလာကြသည်ဟု ယုံကြည်ပါသည်။ ပေးကမ်းစွန့်ကြဲ အလှူဒါနသည် ချမ်းသာခြင်း၏ အကြောင်းတရားတည်း။ မရှိလို့မလှူ မလှူလို့မရှိဟုဆိုပါသည်။ လှူလို့ရှိ ရှိလို့လှူ အလှူတွေကဲမောက်နေလျှင် လူမွဲဘဝဘယ်တော့မှ မရောက်တော့ပါ။ ချမ်းသာပြီးရင်းချမ်းသာ၊ ပေါများပြီးရင်းပေါများ ကြွယ်ဝနေမည်သာဖြစ်ပါ၏။ မြတ်ဘုရားလက်ထက်က ဇောတိက၊ ဇဋိလစသည့် သူဌေးကြီးများသည် ဘဝါဘဝက ဒါနအစုအပုံမကုန်မခမ်းရှိခဲ့ကြသောကြောင့်ပါတည်း။

ဒါနပြုစွန့်ကြဲမှုဝေရာမှာ တွန့်တိုနေလျှင် သူဌေးမဟုတ်တော့။ ဒုက္ခရောက်တော့မည်သာတည်း။ ထို့ကြောင့် ပိုက်ဆံရှိတိုင်း စည်းစိမ်ဥစ္စာအလျှံပယ်ဖြစ်နေတိုင်း သူဌေးဟုမခေါ်ဆိုထိုက်၊ သူဌေးဘွဲ့နှင့်မတန်၊ ရှင်လျက်နှင့် သေနေသူသာ ဖြစ်သတည်း။ ဒုက္ခဝဲစုပ်ဆွဲ အမြုပ်ခံရတော့မည့်သူများသာတည်း။

စေတနာသည်ကံဖြစ်ပါ၏။ အလှူဒါနအရာတွင်လည်း စေတနာအရင်းခံရ၏။ အကျိုးအမြတ်ကိုမတွက် စေတနာ သက်သက်သည်သာ မြင့်မြတ်ခြင်းပေတည်း။ စေတနာသည် ဒါန၏မူလ အားလုံးသောကောင်းမြတ်ခြင်းလုပ်ငန်းတို့၏ အခြေခံအကြောင်းတရားဖြစ်ပါသည်။ စေတနာသဒ္ဓါတရား မထက်သန်ပါလျှင် ကောင်းမှုကောင်းကျိုးလုပ်ငန်း မထိရောက်နိုင်။

ကျွန်တော့်ဇာတိ ရေတာရှည်မြို့လေးသည် နယ်မြို့လေးတစ်မြို့သာဖြစ်ပါသည်။ တောမြို့လေးတစ်ခုဟုခေါ် နိုင်ပါသည်။ ထိုမြို့လေးမျိုးတွင် သူဌေးဟုခေါ်ဆိုနိုင်လောက်သူ မရှိနိုင်ပါ။ မြို့ကြီးပြကြီးများမှ အရင်းအနှီးများစွာရှိသော သူဌေးကြီးများနှင့် မနှိုင်းယှဉ်သာပါ။ သို့သော် ထိုတောမြို့လေးတွင် သူဌေးတစ်ဦး ပေါ်ပေါက်သွားခဲ့ဖူးသည်။ ထိုသူသည် ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာကြီးကို အိတ်မှစိုက်ထုတ်အကုန်အကျခံ စေတနာ အနစ်နာများဖြင့် ကြိုးပမ်းတည်ထောင်သွားခဲ့သူဦးမြင့်ဖြစ်ပါသည်။ ဘိုးဘွားရိပ်သာနှင့် ပတ်သက်လာလျှင် သူသည် အိတ်စိုက်သူဌေးကြီးတစ်ဦးဖြစ်သည်။ နေ့စဉ်နှင့်အမျှ သူ့အိတ်ထဲက စိုက်ထုတ်အကုန်အကျခံသည်။ ရိပ်သာ ရန်ပုံငွေကို အထိခိုက်မခံ၊ ဆွမ်းအလှူရှင်မပေါ်လျှင် သူက အိတ်စိုက်သည်။ ဧည့်သည်များဧည့်ခံစရာရှိလျှင်လည်း သူ့အိတ်စိုက်၊ သူ့အိတ်စိုက်များအတွက် စာရင်းမှတ်ရန်မလို စာရင်းရေးရန်မလို၊ လိုသမျှကို လွတ်လွတ်လပ်လပ်ကြီး ပေးလှူစွန့်လွှတ်သွားသူသာ ဖြစ်ပါသည်။ ယခုတော့ သူကွယ်လွန်သွားချေပြီ။

ကျွန်တော်က ဘိုးဘွားရိပ်သာ၏ နာယကတစ်ဦးလည်းဖြစ်သည်။ ဓမ္မဆောင်းပါးများကိုလည်း ရေးသားနေသူဖြစ်သည်။ ဘိုးဘွားရိပ်သာသို့ ဓမ္မစာအုပ်အများအပြား လှူဒါန်းခဲ့သည်။ သို့သော် စာအုပ်များကို စနစ်တကျထားသိုထိန်းသိမ်းရန် နေရာမရှိခဲ့။ အိတ်စိုက်သူဌေးကြီး ဦးမြင့်ရှိစဉ်က စာကြည့်ဆောင်လေးဆောက်လုပ်ရန် နေရာသတ်မှတ်ပေးခဲ့သည်။ သူကိုယ်တိုင်ဆောင်ရွက်ပေးမည့် အစီအစဉ်လည်းရှိသည်။ ယခုတော့ သူကွယ်လွန်သွားချေပြီ။

ဘဝနေညို အဘိုးအိုတစ်ယောက်ဖြစ်လာတဲ့စာရေးသူရဲ့ ရင်ထဲမှာ ထိုစာကြည့်ဆောင်လေး ပေါ်လာစေချင်သည့် စိတ်ဆန္ဒပြင်းပြလျက်ရှိပါသည်။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဓမ္မအလှူပေးလှူရခြင်းသည် အလှူအားလုံးတို့တွင် အမြတ်ဆုံးဖြစ်ပါသတဲ့။ မြို့ကြီးပြကြီးနှင့် လက်လှမ်းမမီသော တောရပ်ဒေသမြို့နယ်လေးတစ်ခုတွင် ဓမ္မစာပေတို့ ပြန့်ပွားစေချင်သည်။ ဓမ္မအသိတို့ကျယ်ပြန့်လာစေချင်သည်။

ထို့ကြောင့် အိတ်စိုက်သူဌေးများ အလိုရှိသည်ဟူ၍ ကျွန်တော် ဟစ်အော်ကြွေးကြော် လိုက်မိခြင်းဖြစ်ပါသည်။ အိတ်စိုက်သူဌေးများသည်သာ မြန်မာတစ်နိုင်ငံလုံး၏ လူမှုရေး ယဉ်ကျေးမှုလုပ်ငန်းများကို အကြားအလပ်မရှိ ဆောင်ရွက်နိုင်စွမ်းရှိပါ၏လို့လည်း လှစ်ဟချင်ပါသည်။

စာကြည့်ဆောင်လေးအတွက် အများကောင်းမှု ပါဝင်စေရန် **ဒုဗိုလ်မှူးကြီး လှမောင်(ငြိမ်း) (နာယက)၊ ဦးခင်မောင်ထွေး (အတွင်းရေးမှူး) ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ဖုန်း-၀၅၄-၈၀၄၁၅** မှ ဆက်သွယ်လှူဒါန်းမှုများကို ငံ့လင့်ကြိုဆိုနေပါကြောင်း။

အင်္ဂပူမြို့နယ်မှ ထူးကြီးကျေးရွာအုပ်စုအား ထူးကြီးမြို့အဖြစ် အဆင့်တိုးမြှင့်

အင်္ဂပူ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာအုပ်စုအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၉၉၇/၂၀၁၃)ဖြင့် ကျေးရွာအုပ်စုအဆင့်မှ မြို့အဖြစ်အဆင့်တိုးမြှင့် သတ်မှတ်ခဲ့ကြောင်း သိရသည်။ "ထူးကြီးကျေးရွာအုပ်စု"အား "ထူးကြီးမြို့" အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က ဖွင့်လှစ်ပေးခဲ့သည်။

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

ရွှေတောင်မြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်

ရွှေတောင် မေ ၂၂

ရွှေတောင်မြို့နယ်တွင် မေ ၁၂ရက် ညနေ ၆ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည့် ရုတ်တရက်လေပြင်းတိုက်ခိုက်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ အိမ်ထောင်စု ၅၂ စုရှိ လူဦးရေ ကျား ၈၃ဦး၊ မ ၁၀၄ဦး ပေါင်း ၁၈၇ ဦးတို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီမှ ဆန်ရိက္ခာထောက်ပံ့မှုအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ကသစ်တိုင်းအုပ်စု ကသစ်တိုင်းရွာ၊ စမ်းရွာနှင့် မီးလောင်အုပ်စု အင်္ဂလိုင်ဂါ ကျေးရွာတို့တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်း၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်၊ မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လေဘေးသင့်အိမ်ထောင်စု ၅၂ စုရှိ အိမ်ထောင်ဦးစီးများ စုစုပေါင်းအင်အား ၁၂၀ ဦးခန့် တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စု ၅၂ စုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် စုစုပေါင်းကျပ် ၂၆၀၀၀၀၀ နှင့် မြို့နယ် သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီမှ ထောက်ပံ့သည့် တစ်အိမ်ထောင် ဆန် ၁၀ ပြည်နှုန်းဖြင့် စုစုပေါင်း ဆန်ပြည် ၅၂၀ တို့အား လေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စက်စု(စက်ဆန်း)အထက ဘိုကလေးမြို့နယ်ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

စက်ဆန်း အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် စက်ဆန်းအထကတွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား/သူဟောင်းများ မပျက်မကွက်တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

သက်ပြည့်၊ ဆေးပင်စင် ယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အကြောင်းကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း - ၀၉-၈၅၉၂၂၁၇၊ ကိုဇော်လွင် - ၀၉-၈၅၉၅၉၂၉
ကိုသက်လွင်ဦး - ၀၉-၅၀၅၈၇၅၅

ကျောင်းသား/သူဟောင်းများအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက အထက်ပါဖုန်းများတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

လူပျောက်ကြော်ငြာ

ဦးစိန်ဝင်း၏ဇနီးဒေါ်ခင်သူဇာ အသက်(၅၀)[၁၂/ဥကတ(နိုင်)၀၆၂၆၂၈] ကိုင်ဆောင်သူသည် ၁၅-၄-၂၀၁၄ ရက် (၉း၃၀)နာရီတွင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖျားယောင်း၍ လက်ခံထားရှိသူကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပါမည်။

ဆက်သွယ်ရန်-
ဦးစိန်ဝင်း ဖုန်း-၀၉-၄၂၀၀၂၄၇၀၇၊
၀၉-၂၅၀၆၇၇၂၈၂၊ ၀၉-၃၁၀၂၄၁၅၂

မီး သတိပြု

Invitation for Expression of Interest (EOI) for Consulting Services for Procurement

Ministry of Communications & Information Technology (MCIT) is going to implement the Telecom Sector Reform Project with the support from World Bank. In this context, the Ministry is looking for the consulting services to support MCIT with all procurement under the project,and other programs being undertaken by the MCIT. The consultant will need to closely work as member of the team in MCIT, and will be responsible for assisting MCIT in all related procurement matters including providing support to help implement the project successfully.

Individual consultants who intend to submit Expression of Interest(EOI) are requested to deliver the documents to the address below (in person,or by mail,or by fax, or by e-mail) by April 30,2014

Ministry of Communications and Information Technology
Post and Telecommunications Department
Attn: Mr. Than Htun Aung , Building Number 2,
Ministry of Communications and Information Technology,Nay Pyi Taw, Myanmar
Tel: (+95 67 407435)
Fax: (+95 67 407539)
E-mail:htunaung@mptmail.net.mm,thanhtunaung @ mptngw.net.mm



စပိန်ရုပ်ရှင်လောကတွင် ဒုတိယဝင်ငွေအများဆုံး ဇာတ်ကားဖြစ်လာခဲ့သည့် Eight Basque Surnames

မတ် ၁၄ ရက်က စတင်ဖြန့်ချိပြသခဲ့သော စပိန်ဒါရိုက်တာ Emilio Martinez Lazaro ၏ လက်ရာဖြစ်သည့် စပိန်အချစ်ဟာသဇာတ်မြူး Eight Basque Surnames ဇာတ်ကား၏ ရုံဝင်ငွေသည် မမျှော်လင့်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ကြောင်း ဇာတ်ကားဖြန့်ချိသူများက တနင်္လာနေ့က တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဇာတ်ကားသည် စပိန်တွင် ကြည့်ရှုသူပရိသတ်ပေါင်း ၆ ဒသမ ၆ သန်းကျော်ရရှိခဲ့ပြီး ရုပ်ရှင်ရုံများတွင် လူကြည့်အများဆုံးဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အဆိုပါဇာတ်ကားရိုက်ကူးစဉ်က ကုန်ကျငွေမှာ ယူရို သုံးသန်းသာရှိခဲ့သော်လည်း ယခုလက်ရှိတွင် ရုံဝင်ငွေ ယူရို၃၈ သန်းကျော် ဝင်ငွေရရှိနေပြီး စပိန်ရုပ်ရှင်လောကတွင် ဒုတိယ ဝင်ငွေအများဆုံး ဇာတ်ကားလည်းဖြစ်ခဲ့သည်။

Eight Basque Surnames ဇာတ်ကားသည် ဒါရိုက်တာ Emilio အတွက် ဒုတိယအကြိမ် အအောင်မြင်ဆုံးဇာတ်ကားဖြစ်ခဲ့ပြီး ၎င်းသည် ၂၀၀၂ ခုနှစ်ကလည်း The other side of the bed ဇာတ်ကားဖြင့် ယခုကဲ့သို့ အောင်မြင်မှုမျိုးပိုင်ဆိုင်ဖူးသူ ဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းသည်

ဟောလိဝုဒ်၏ဝါရင့်အနုပညာရှင်နှစ်ဦး ပေါင်းစပ်ဖန်တီးမည့် ဇာတ်ကားသစ်

ယမန်နှစ်က ထွက်ရှိခဲ့သည့် Saving Mr. Banks ဟာသဒရာမာဇာတ်ကားနှင့် Captain Phillips သည်းထိတ်ရင်ဖိုဇာတ်ကားတို့တွင် ပရိသတ်၏ အားပေးနှစ်သက်မှုအထူးရရှိခဲ့သည့် ဝါရင့်အမေရိကန်မင်းသားတစ်ဦးဖြစ်သူ Tom Hanks က ယခုအခါ ဟောလိဝုဒ်၏ အထင်ကရဒါရိုက်တာတစ်ဦးဖြစ်သူ စတီဗင်စပီးလ်ဘတ်ခ်နှင့် တွဲဖက်ကာ စစ်အေးတိုက်ပွဲအကြောင်း ပုံဖော်ထားသည့် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်ထိ ဇာတ်ကားသစ်အတွက် အမည်သတ်မှတ်ရခြင်းမရှိသေးဘဲ ယင်းဇာတ်ကားတွင် Tom Hanks သည် စစ်အေးတိုက်ပွဲကာလအတွင်း စီအိုင်အေနှင့် လက်တွဲဆောင်ရွက်သည့် အမေရိကန်ရှေ့နေ ဂျိမ်းစ်ဒိုနိုဗန်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ထို့အပြင် ၎င်းတို့နှစ်ဦးသည် ယခင်က Saving Private Ryan ဇာတ်ကား၊ Catch Me If You Can ဇာတ်ကားနှင့် The Terminal ဇာတ်ကားများအပြင် HBO ၏ မီနီစီးရီးနှစ်ခုတွင်လည်း အတူလက်တွဲခဲ့ကြသူများ ဖြစ်သည်။

ဂျပန်ဇာတ်ကားအတွက် သီချင်းရေးစပ်ပေးရသည့် ပထမဆုံးသော ထိုင်ဝမ်ဂီတအဖွဲ့

ထိုင်ဝမ်ရော့ခ်ဂီတအဖွဲ့ Mayday သည် ဂျပန်ဒရာမာဇာတ်ကားအတွက် ဇာတ်ဝင်သီချင်း ရေးစပ်ပေးရသည့် ပထမဆုံးသော ထိုင်ဝမ်ဂီတအဖွဲ့ ဖြစ်လာခဲ့သည်။

ယင်းရော့ခ်အဖွဲ့သည် Bitter Blood အမည်ရှိ ဂျပန်အက်ရှင်ဟာသဇာတ်မြူးကားအတွက် Do You Ever Shine? သီချင်းကို ရေးစပ်ပေးခဲ့ရပြီး ယင်းဇာတ်ကားကို ဧပြီ ၁၅ ရက်က ဂျပန်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

"ဂျပန်ဂီတပညာရှင်နဲ့ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်၊ ဒီသီချင်းဟာ နားထောင်တဲ့သူတွေကို လန်းဆန်းတဲ့ခံစားချက်တွေပေးစွမ်းနိုင်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ထိုင်ဝမ်ရော့ခ်ဂီတအဖွဲ့က ဆိုသည်။

Mayday အဖွဲ့ဝင်များအနေဖြင့် ယင်းဇာတ်ဝင်သီချင်းကို ဂျပန်ဘာသာဖြင့် ရေးစပ်သီဆိုထားခြင်းဖြစ်ပြီး ဂျပန်သီချင်းရေးဆရာ Takeshi Kobayashi လည်း ပူးပေါင်းပါဝင်ထားသည်။

Bitter Blood ဇာတ်ကားသည် သားအဖနှစ်ဦးလုံးက စုံထောက်များအဖြစ် မှုခင်းများကို ရှာဖွေစုံစမ်းသည့် ဂျပန်ရဲဟာသဇာတ်မြူးကားဖြစ်ပြီး ယင်းဇာတ်ကားတွင် ဂျပန်မင်းသား Atsuro Watabe နှင့် Takeru Sato တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

❒ ❒

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

MRTV

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ သီချင်းကြီးပဒေသာ
- ၆း၅၀ "ဂုဏ်ယူဖွယ်အထင်အရှား ကမ္ဘာ့ဇသာဒီနန်းတော် ပုံရိပ်များ"
- ၇း၂၀ ပြည်သူ့နီတိ "ရိုးရိုးကျင့်မြင့်မြင့်ကြံ"
- ၇း၃၅ "အလောင်းတော်ကဿပ တောဝယ်ကျင်လည်ကျက်စား ဆင်သတ္တဝါများ"(အပိုင်း-၂)
- ၈း၃၀ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ"(အပိုင်း-၂၀၇)
- ၉း၄၅ "သုံးပင်နှစ်ဆယ်"
- ၁၁း၀၀ နားဝင်ပီယံသူ့လက်သံ
- ၁၁း၂၅ "စီးဆင်းပါစေမေတ္တာရည်"
- ၁၂း၂၅ ဖြူမည်းရုပ်ရှင်"ဤလူ့ဘောင်တွင်" (ထွန်းဝေ၊ မောင်မောင်တာ၊ မြင့်မြင့်ခင်) (ဒါရိုက်တာ - ရွှေဒုံးဘီအောင်)
- ၄း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "မြတ်ဗုဒ္ဓ၏ တရားဦး" တရားတော်(အပိုင်း-၁) (ဆရာတော် တွံတေးအရှင်ဣန္ဒက)
- ၉း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ အနုပညာမိုးကောင်းကင်
- ၁၁း၀၅ ဟင်းချက်ရအောင်
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၆)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေသရဖူ" (အပိုင်း-၂)
- ၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၆၇)
- ၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၇)
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MWD

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၁ ဓမ္မပူဇာတေး
- ၆း၂၅ ယောဂ
- ၆း၃၅ မှတ်တမ်း
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၆ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၀၈ မျိုးချစ်တပ်မတော်
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၂၅ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ မြန်မာသကြံန်
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်ကြယ်များ" အပိုင်း(၁၁)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆေးစက်ကျရာမေ့မေတ္တာ" အပိုင်း(၃၆)
- ၆း၀၆ Star Show
- ၆း၂၅ ကာတွန်းအစီအစဉ် "ထူးခြားချစ်စရာဒမ်ဗာ" အပိုင်း(၂၀)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငါတို့သည်" အပိုင်း(၅)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အာဂလူ"အပိုင်း(၃၉)

မဟာဓမ္မနန္ဒီ ပဋ္ဌိပတ်ဓမ္မဗိမာန်တော်ကြီး
ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ရွှေပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ ဓမ္မနန္ဒီ ညောင်လွန့်ဘုမ်ကျဉ်းဝိပဿနာ ပဋ္ဌိပတ်ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးပြီးဖြစ်ပါ၍ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပမည်ဖြစ်ပါသည်။ ပါဝင်လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေ အလှူရှင်များ ဖိတ်ကြားလွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၇-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)
၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၃)ရက်
ကျင်းပမည့်အချိန် - နံနက် ၈နာရီ
ကျင်းပမည့်နေရာ - ရွှေပရိယတ္တိ စာသင်တိုက်ကြီး၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့။

သာသနာနုဂ္ဂဟအသင်း
ရွှေပရိယတ္တိစာသင်တိုက်ကြီး
ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၇၁၀၄

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘီလပ်မြေစက်ရုံ(နေပြည်တော်)
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဘီလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများကို ထုခွဲရောင်းချလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်-

(က)	သံထည်ပစ္စည်းအဟောင်း	၅၅. ၃၉	တန်ခန့်
(ခ)	စက်ဆီ၊ချောဆီအပျက်	၁၂၂	ပေပါ
(ဂ)	ဘက်ထရီအဟောင်း	၆၆	လုံး
(ဃ)	တာယာအဟောင်း	၄၅၉	လုံး
(င)	ပီနန်အိတ်ခွံအဟောင်း	၁၇၈၅၁	အိတ်
(စ)	ကြေးဝိုင်ယာအဟောင်း	၁၅၈	ပေါင်

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၃၀-၄-၂၀၁၄ရက် (၁၆း၀၀)နာရီ
ဆက်သွယ်ရန်လိပ်စာ (၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘီလပ်မြေအရောင်းဌာနခွဲ
ဖုန်း- ၀၆၇-၄၃၂၃၁၂
(၂) ဘီလပ်မြေစက်ရုံ(နေပြည်တော်)
ဖုန်း- ၄၉၂၁၀၀၈၆၊ ၅၁၁၀၃၃၁

စပိန်လာလီဂါရင်ခုန်သံ – ၃၅ ရှိုင်းမင်းမင်း

စပိန်လာလီဂါပြိုင်ပွဲနဲ့ ပွဲစဉ်(၃၅)ကို မေ ၂၆၊၂၇၊ ၂၈၊၂၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ဒီပွဲစဉ်မှာ ဗလန်စီယာနဲ့ အက်သလက်တီကို၊ ဗီလာရီးယဲလ်နဲ့ ဘာစီလိုနာတို့ ဆုံနေလို့ အကြိတ်အနယ်ရှိမှာပါ။

အဲလ်ချီ-လီဗန်တေး နံနက် ၁း၃၀ (၂၆-၄-၁၄)

အဲလ်ချီက တန်းမဆင်းရဖို့ အမှားမခံတဲ့ အခြေအနေမှာရှိပြီး အမှတ်လိုနေတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ခြေကုန်ထုတ်ကစားလာမှာဖြစ်ပြီး လီဗန်တေးကတော့ ခြေပျက်ယွင်းနေတယ်။ အထူးသဖြင့် လီဗန်တေးကအဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်း အားပျော့တတ်တာကြောင့် အိမ်ရှင်အဲလ်ချီရဲ့ ရှန်းအားကိုနှစ်သက်တယ်။

ဂရန်နာဒါ-ဗယ်လီကာနို ည ၈း၃၀ (၂၆-၄-၁၄)

နှစ်သင်းစလုံးရဲ့ခြေက တည်ငြိမ်မှုအားနည်းတယ်။ ဒါပေမယ့် ဂရန်နာဒါက အိမ်ကွင်းရလဒ်ပိုမိုကောင်းမွန်တတ်ပြီး ဗယ်လီကာနိုကတော့ အဝေးကွင်းပွဲတွေမှာ ရလဒ်ပိုင်းတည်ငြိမ်မှုသိပ်မရှိတတ်ဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ဖိအားပေးမယ့် ဂရန်နာဒါကို နှစ်သက်ပြီး သွင်းဂိုးနည်းမယ်လို့ ယူဆတယ်။

ဂီတာဖေး-မာလာဂါ ည ၁၀း၃၀ (၂၆-၄-၁၄)

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဂီတာဖေးက တန်းမဆင်းရဖို့ အိမ်ကွင်းမှာ အမှတ်ရအောင် ထိန်းကစားမှာပါ။ မာလာဂါက အခုနောက်ပိုင်းခြေကောင်းပေမယ့် အဝေးကွင်းအားနည်းမှုကို ပြုပြင်နိုင်စွမ်းသိပ်မရှိသေးဘူး။ဒါကြောင့် တန်းဆင်းဇုန်တွန်းအားနဲ့ အမှတ်လိုအပ်နေတဲ့ ဂီတာဖေးတို့ အနိမ့်ဆုံးသရေကစားနိုင်မှာပါ။

ရီးယဲလ်မက်ဒရစ်-အိုဆာစူနာ နံနက် ၀း၃၀ (၂၇-၄-၁၄)

အက်သလက်တီကိုက ဗလန်စီယာနဲ့ ပွဲကျပ်ကြုံနေချိန်မှာ ချန်ပီယံဆုအတွက် ရီးယဲလ်တို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် ရီးယဲလ်ဟာ ချန်ပီယံလိဂ်ကစားရဖို့ရှိသေးသလို အိုဆာစူနာကလည်း ခံကစားအားကောင်းပြီး တန်းဆင်းရမယ့် အန္တရာယ်ကြောင့် ခြေကုန်ထုတ်လာဖို့ရှိနေတယ်။ ရီးယဲလ်အနိုင်ရမှာ ဖြစ်ပေမယ့် မပြတ်သားနိုင်ဘူး။

ဘက်တစ်-ဆိုစီဒက် နံနက် ၂း၃၀ (၂၇-၄-၁၄)

ဥရောပဝင်ခွင့်ရဖို့ မသေချာသေးတဲ့ ဆိုစီဒက်ဟာ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ ဆိုစီဒက်က အဝေးကွင်းခြေအားနည်းမှုရှိပေမယ့် ဘက်တစ်က ဇယားအောက်ဆုံးကအသင်းပါ။ တန်းဆင်းရဖို့ကလည်း အတော်လေးနီးစပ်နေတယ်။ ဒါကြောင့် ဘက်တစ်ကွင်းဖြစ်ပေမယ့် ဆိုစီဒက်နဲ့ပဲ ရပ်တည်ချင်တယ်။

အက်စ်ပန်ညို-အယ်မာရီးယား ညနေ ၄း၃၀ (၂၇-၄-၁၄)

တန်းဆင်းဇုန်ထဲရောက်နေတဲ့ အယ်မာရီးယားဟာ တန်းမဆင်းရဖို့ တွန်းအားရှိတာမှန်ပေမယ့် ခြေကအားနည်းလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အားနည်းလွန်းတယ်။ ဒါကြောင့် အက်စ်ပန်ညိုရဲ့ အိမ်ကွင်းဖိအားကို အယ်မာရီးယားတို့ တုံ့ပြန်ဖို့ခက်ပြီး အက်စ်ပန်ညိုနဲ့ပဲ ရပ်တည်ချင်မိတယ်။ ဂိုးနည်းမယ်။

ဗလန်စီယာ-အက်သလက်တီကို ည ၉း၃၀ (၂၇-၄-၁၄)

ချန်ပီယံဆုအတွက် အက်သလက်တီကိုတို့မဖြစ်မနေ အနိုင်ကစားမှာဖြစ်ပေမယ့် သူတို့အတွက် ဒီပွဲဟာ ချန်ပီယံလိဂ်နှစ်ပွဲကြားရောက်နေတာကြောင့် ခြေကုန်ထုတ်ဖို့တော့ ခက်မယ်။ ဗလန်စီယာက လက်ရှိခြေမဆိုးသလို အိမ်ကွင်းဆိုပိုအားကောင်းပြီး ဥရောပဝင်ခွင့်အတွက်တွန်းအားရှိတယ်။ အက်သလက်တီကိုသရေလောက်ပဲရမယ်။

ဘီဘာအို-ဆီဗီလာ ည ၁၁း၃၀ (၂၇-၄-၁၄)

ဒီပွဲမှာ ဆီဗီလာနိုင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်မှန်းနိုင်မယ်။ ဘီဘာအိုနိုင်ရင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်သေချာမယ်။ ဒီလိုအနေအထားမှာ ဆီဗီလာက ယူရိုပါလိဂ်ကြောင့် ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်တယ်။ ဘီဘာအိုက အိမ်ကွင်းဆိုကစားပုံအထူးကောင်းမွန်တတ်ပြီး လက်ရှိခြေစွမ်းကလည်းကောင်းနေတယ်။ ဘီဘာအိုကိုပဲနှစ်သက်တယ်။

ဗီလာရီးယဲလ်-ဘာစီလိုနာ နံနက် ၁း၃၀ (၂၈-၄-၁၄)

ဖလားလက်မဲ့မဖြစ်ရေး လာလီဂါမှာ ကျန်နေတဲ့ မျှော်လင့်ချက်အနည်းငယ်ကို ဘာစီလိုနာ ဆက်လက်ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားမှာပါ။ ဗီလာရီးယဲလ်က ဥရောပဝင်ခွင့်ရဖို့ တွန်းအားရှိသလို အိမ်ကွင်းအားလည်းရှိပေမယ့် ခြေကတည်ငြိမ်မှုအားနည်းတယ်။ ဘာစီလိုနာခြေကျနေပေမယ့် ဘာစီလိုနာနဲ့ပဲအရဲစွန့်ချင်မိတယ်။

ဆဲလ်တာဗီဂို-ဗယ်လာဒိုးလစ် နံနက် ၂း၃၀ (၂၉-၄-၁၄)

ဆဲလ်တာဗီဂိုက ခြေသာမန်သာရှိတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ခံစစ်က ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတယ်။ ဗယ်လာဒိုးလစ်က တန်းမဆင်းရဖို့အတွက် အမှတ်လိုအပ်နေသေးလို့ အားစိုက်ကစားမှာဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းလည်း တည်ငြိမ်မှုရှိနေတာတွေ့ရတယ်။ ဗယ်လာဒိုးလစ်နဲ့ပဲ ရပ်တည်အားပေးရမယ်။

aiG , f

မော်ရင်ဟို၊ ဂွါဒီယိုလာနဲ့ အန်ဆယ်လော့တီတို့ထဲမှ ချန်ပီယံလိဂ်သမိုင်းမှာ ဘယ်သူအကောင်းဆုံးနည်းပြဖြစ်လာမလဲ

ယခုနှစ် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် အဆင့်သို့ တက်လှမ်းလာခဲ့တဲ့ အသင်းလေးသင်းအနက် အကောင်းဆုံးနည်းပြအဖြစ် သတ်မှတ်ခံထားရတဲ့ နည်းပြသုံးဦးအထိ ရှိထားခဲ့တယ်။ အဲဒီနည်းပြတွေကတော့ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ပက်ဂွါဒီယိုလာနဲ့ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီတို့ပဲဖြစ်ပါတယ်။

အဲဒီနည်းပြသုံးဦးစလုံးဟာ သူတို့ရဲ့ ချန်ပီယံလိဂ် သမိုင်းကြောင်းတစ်လျှောက်မှာ ဖလားနှစ်လုံးစီရယူပိုင်ဆိုင်ထားတဲ့ နည်းပြတွေလည်းဖြစ်တယ်။ ချန်ပီယံလိဂ် သမိုင်းကြောင်းပေါ်က နည်းပြတွေရဲ့ စွမ်းဆောင်ရည်ကို ပြန်ကြည့်မယ်ဆိုရင် မန်ယူအသင်းနည်းပြအဖြစ်ကနေ အနားယူသွားတဲ့ ဆာအဲလက်စ်ဖာဂူဆန်ကို အန်တုကာ ကျော်ဖြတ်နိုင်တဲ့နည်းပြ မပေါ်သေးဘူးလို့ ဆိုရမယ်။

ဘာကြောင့်လဲဆိုရင် ဖာဂူဆန် နည်းပြဘဝနဲ့ မန်ယူအသင်းချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တဲ့ အစဉ်အလာကို ကြည့်ရင် ကွာတားဖိုင်နယ် ၁၂ ကြိမ်၊ ဆီမီးဖိုင်နယ် ၆ ကြိမ်၊ ဗိုလ်လုပွဲ ၄ ကြိမ် စသည်ဖြင့် အသီးသီးတက်လှမ်းလာခဲ့ရာ နှစ်ကြိမ်မှာ ဖလားရယူနိုင်ခဲ့တဲ့ မှတ်တမ်းရှိခဲ့ပါတယ်။ ဒါ့ကြောင့် ဖာဂူဆန်ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲနဲ့ ဖလားရရှိမှု စုစုပေါင်းအကြိမ်ရေအများဆုံးနည်းပြအဖြစ် သတ်မှတ်ခံထားရတယ်။

ဖာဂူဆန်နောက်မှာ ရပ်တည်နေတာကတော့ လက်ရှိရီးယဲလ်နည်းပြ အန်ဆယ်လော့တီပါ။ သူဟာ ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ် ၈ ကြိမ်၊ ဆီမီးဖိုင်နယ် ၅ ကြိမ်၊ ဗိုလ်လုပွဲ ၃ ကြိမ် စသည်ဖြင့် တက်လှမ်းခဲ့ရာ နှစ်ကြိမ် ဖလားရယူနိုင်ခဲ့တယ်။ ထို့အတူ မော်ရင်ဟိုမှာ ကွာတားဖိုင်နယ် ၈ ကြိမ်၊ ဆီမီးဖိုင်နယ် ၈ ကြိမ် တက်လှမ်းလာအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ဗိုလ်လုပွဲနှစ်ကြိမ် တက်ခဲ့ရာ နှစ်ကြိမ်စလုံး ဖလားရယူထားနိုင်တဲ့ သမိုင်းရှိခဲ့တယ်။ ဂွါဒီယိုလာသည်လည်း ကွာတားဖိုင်နယ် ၅ ကြိမ်၊ ဆီမီးဖိုင်နယ် ၅ ကြိမ်နဲ့ ဗိုလ်လုပွဲနှစ်ကြိမ်တက်လှမ်းခဲ့ရာတွင် နှစ်ကြိမ်စလုံး ဖလားဆွတ်ခူးနိုင်သည်အထိ နည်းပြကောင်းတစ်ဦး၏ စွမ်းဆောင်ရည်ကို ပြသထားနိုင်ခဲ့ပါတယ်။

ဂွါဒီယိုလာမှာ ၂၀၀၉ နဲ့ ၂၀၁၁ မှာ ဘာစီလိုနာနဲ့အတူ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ အန်ဆယ်လော့တီမှာ ၂၀၀၃ နဲ့ ၂၀၀၇ မှာ အေစီမီလန်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ မော်ရင်ဟိုမှာ ၂၀၀၄ တွင် ပေါ်တိုအတွက်လည်းကောင်း၊ ၂၀၁၀ တွင် အင်တာမီလန်အတွက်လည်းကောင်း ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးထားနိုင်ခဲ့တယ်။ သို့ရာတွင် ယခုနှစ် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခဲ့တဲ့ အသင်းလေးသင်းအနက်မှ နည်းပြသက်တမ်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်စီ ဆွတ်ခူးကာ အကောင်းဆုံး နည်းပြများအဖြစ် မှတ်တမ်းဝင်ထားခဲ့တဲ့ နည်းပြသုံးဦးဖြစ်တဲ့ မော်ရင်ဟို၊ ဂွါဒီယိုလာနဲ့ အန်ဆယ်လော့တီတို့သုံးဦးထဲမှ ယခုနှစ် ချန်ပီယံလိဂ်ရာသီတွင် ၎င်းတို့၏ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်စီဆွတ်ခူးထားတဲ့ မှတ်တမ်းကို ကျော်ကာ တတိယမြောက် ချန်ပီယံဆုဆွတ်ခူးပြီး အဆိုပါ နည်းပြသုံးဦးအနက် ချန်ပီယံလိဂ် သမိုင်းတစ်လျှောက် ချန်ပီယံလိဂ် ဖလားသုံးလုံးပိုင်ဆိုင်ကာ အကောင်းဆုံးနည်းပြအဖြစ် မှတ်တမ်းကောင်းတစ်ခုကို ဘယ်နည်းပြပိုင်ဆိုင်ခွင့်ရမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ကြရဦးမှာပါ။

ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် နည်းပြများ၏ အကောင်းဆုံးစွမ်းဆောင်နိုင်မှုစာရင်း

နည်းပြအမည်	ဗိုလ်စွဲနိုင်မှု	ဗိုလ်လုပွဲ	ဆီမီးဖိုင်နယ်	ကွာတားဖိုင်နယ်
ဖာဂူဆန်	၂	၄	၆	၁၂
အန်ဆယ်လော့တီ	၂	၃	၅	၈
ဟစ်ဇ်ဖဲလ်	၂	၃	၄	၆
ပေးနက်ခ်	၂	၃	၃	၃
မော်ရင်ဟို	၂	၂	၈	၈
ဂွါဒီယိုလာ	၂	၂	၅	၅
ဒယ်ဘိုစကေး	၂	၂	၄	၄
မာဆယ်လိုလစ်ပီ	၁	၄	၅	၅
လူးဝစ်ဗန်ဂဲလ်	၁	၃	၅	၆
ကာပယ်လို	၁	၃	၃	၅

ရှေ့ယာဉ်ကို ကျော်တက်စဉ် ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၅၈/၂-၃) ကြားတွင် မေ ၁၉ ရက် နံနက် ၀၀း၁၅ နာရီက ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မန္တလေးမှ ရန်ကုန်သို့ ပြည်မြို့နယ် မြူကုန်းရွာနေ အောင်စုလှိုင် (၂၆)နှစ်မောင်းနှင်လာသည့် ၆င/--- ခရီးသည်တင်မှန်လုံယာဉ်သည် ရှေ့ယာဘက်ယာဉ်ကြောမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်နေ ကြည်ဝင်း(၄၁)နှစ်မောင်းနှင်သည့် ၁ဂ/---အပြာရောင်ဂျစ်ကားကို ကျော်တက်စဉ် နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ဂျစ်ကားမောင်း ဦးကြည်လွင်တွင် ဦးခေါင်းယာချိုစောင်း ပေါက်ပြဲ၊ ဝဲခြေသလုံးငါးလက်မခန့်အရေပြားစုတ်ပြဲ၊ ရင်ဘတ်နာကျင်ဒဏ်ရာများ ရရှိခဲ့ပြီး ဂျစ်ကားမှာ ဘော်ဒီနောက်ပိုင်းဝဲဘက်ခြမ်းကြေမွ၊ နောက်ဘီးကွဲ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်စုလှိုင်အား သာဂရအမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

■

ဓာတ်ငွေ့ကုန်၍ ဓာတ်ဆီထည့်မောင်းရာမှ မီးလောင်မှုဖြစ်

နေပြည်တော် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၉/၀-၁)ကြားတွင် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ မြောက်ဥက္ကလာပမြို့နယ် စက်ကွေ့ (၄)လမ်း (ဈ)ရပ်ကွက်နေ ကျော်လင်း(၄၀)နှစ် မောင်းနှင်လာသည့် X/---BM ဖြူစိမ်းကြား မှန်လုံယာဉ်သည် ဓာတ်ငွေ့ကုန်၍ ဓာတ်ဆီဖြင့် မောင်းနှင်လာစဉ် ကာဘရိုက်တာမှ ဆီများလျှံကျသဖြင့် ရပ်တန့်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးစဉ် ကာဘရိုက်တာမှာ မီးလောင်မှုဖြစ်ပွားပြီး ကျော်လင်း၏ ယာပေါင်၊ ခြေသလုံး၊ လက်မောင်းနှင့် လက်ဖျံတို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်ပေါ်ပါ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် မြောင်းကြီးလမ်းနေ ဒေါ်ခင်အေးမြင့်(၆၂)နှစ်သည် ယာဉ်ပေါ်မှခုန်ချရာမှ ယာဘက်ခြေသလုံးဖူးရောင်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ဖုန်းငွေဖြည့်ကတ်များခိုးလာသူသုံးဦး ဖမ်းမိ

မိတ္ထီလာ မေ ၂၂

မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ကြည်ရှိန်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒုတိယရဲအုပ် ဇင်ကိုကိုနှင့် အသိသက်သေများဖြစ်ကြသော ဦးဇော်မင်းနှင့် ဦးအောင်သိန်းတို့သည် မေ ၂၀ ရက် နံနက်က လုံခြုံရေးကင်းလှည့်ဆောင်ရွက်နေစဉ် မိတ္ထီလာဈေးကြီးအနောက်ပေါက် ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် W.S.C 125 CLICK နက်နီ ဆိုင်ကယ်နှင့်အတူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် မှု/ကူရုံးသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

ဤကဲ့သို့ စစ်ဆေးခဲ့ရာ ဆိုင်ကယ်ထိုင်ခုံအောက်မှ ကျပ် ၅၀၀၀ တန် GSM ငွေဖြည့်ကတ် ၆၁ ခု၊ MEC ကျပ် ၅၀၀၀ တန်ငွေဖြည့်ကတ် ၂၀၊ ကျပ် ၅၀၀၀ တန် CDMA 450 ငွေဖြည့်ကတ် ၁၄ ခု၊ ကျပ် ၁၀၀၀၀ တန် CDMA 450 ငွေဖြည့်ကတ် ၁၂ ခုနှင့် ၁၀၀၀၀ တန် GSM ငွေဖြည့်ကတ် ၁၀ ခု စုစုပေါင်း တယ်လီဖုန်းငွေဖြည့်ကတ် ၁၁၇ ခုနှင့် အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ငွေဖြည့်ကတ်များကို ပုသိမ်ကြီးမြို့နယ် ဥယျာဉ်ကုန်းကျေးရွာနေ သိန်းနိုင်အောင်(၂၅)နှစ်၊ ပုသိမ်ကြီးမြို့နယ် မြို့ရိုးကျေးရွာနေ ဘိုလင်း(၂၈)နှစ်နှင့် ပုသိမ်ကြီးမြို့နယ် ပန်းခြံကျေးရွာနေ မကြည်ဌေး (၃၁) နှစ်တို့ထံမှ သိမ်းဆည်းရမိပြီး ၎င်းတယ်လီဖုန်းကတ်များကို ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာ ဆိုင်တစ်ဆိုင်မှ ခိုးယူခဲ့ကြောင်း သိရသည်။

(၁၁၁)

အမည်ပြောင်းခြင်း

အထက(၁)ဒဂုံ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ စတုတ္ထတန်း(ဒီ)တွင် ပညာသင်ကြားခဲ့သော အဖ ဦးအောင်ကိုကိုသိုင်း အမိ ဒေါ်နီလာအေးတို့၏သား မောင်မင်းသန့်ကိုကိုအား ယနေ့မှစ၍ မောင်ကောင်းခန့်ကိုကို(ခ)အဲရစ်ကိုသိုင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်ကိုကို (ခ) **Eric** ကိုသိုင်း

တောမီးမှတစ်ဆင့် အကျဉ်းဦးစီးဌာန အရာရှိနေအိမ်လိုင်းခန်းများ မီးလောင်

တမူး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ မြို့သစ်အမှတ် (၁) ရပ်ကွက်ရှိ အကျဉ်းဦးစီးဌာန ဘ၀သစ်စိုက်ပျိုးမွေးမြူရေးစခန်းဝင်းအတွင်း အရာရှိများနေထိုင်ရာလိုင်းခန်းတွင် မေ ၁၉ ရက် ည ၇ နာရီ ၅၅ မိနစ်က မီးလောင်ခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနထံမှ သိရသည်။

"တောမီးလောင်ကျွမ်းခဲ့ရာမှတစ်ဆင့် အကျဉ်းဦးစီးဌာန အရာရှိများနေအိမ်လိုင်းခန်းကို မီးကူးစက်လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်"ဟု တိုင်းမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောပြသည်။

အဆိုပါ မီးလောင်ကျွမ်းခဲ့သည့် အကျဉ်းဦးစီးဌာန အရာရှိများနေအိမ်လိုင်းခန်းသည် လိုင်းခန်းအမှတ်(၃)ဖြစ်ပြီး အလျား ၄၉ပေ၊ အနံ ၂၃ ပေ၊ တစ်ထပ်အမျိုးအစား ပျဉ်ခင်း၊ ပျဉ်ကာ သွပ်မိုးဖြစ်ကြောင်း သိရသည်။ ထိုလိုင်းခန်းတွင် လူနေထိုင်ခြင်းမရှိသေးကြောင်း မြို့သစ်မြို့နယ်ခွဲထွေအုပ်ရုံး ဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါ တောမီးလောင်မှုကို လူအင်အား ၃၀၀ ခန့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရပြီး မီးလောင်ချိန်မှာ နှစ်နာရီကြာခဲ့ကြောင်း သိရသည်။

(တိုးတိုးဝင်း)

တမလန်းသစ်များ သိမ်းဆည်းရမိ
ကသာ မေ ၂၂

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် တောအုပ်ကြီး ဦးတင်ဝင်းနှင့်အတူ တောအုပ်များဖြစ်သော ဦးဝင်းမြင့်ဦး၊ ဦးကျော်ကျော်အောင်၊ ဦးမင်းစိုးတို့သည် မေ ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က ဝန်းသိုမြို့နယ် ဖီလေးကြိုးဝိုင်းအကွက်(၁၉) ဟသ်ာဘိနယ်အတွင်း ခန့်မှန်းမပည GB 890479 ၌ တမလန်းခားရှေ ၂၅ တုံး (၂ ဒသမ ၂၈၃၆)တန် ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)







ဆောင်းပါး

အထက်အညာထန်းတောများ၏အနာဂတ်ကံကြမ္မာပြန်လည်နာလန်ထူနိုင်ပါ့မလား

မင်းသစ္စာ(ကဒုံကနိ)

ထန်းပင်၊ ထန်းတောများသည် အထက်အညာဒေသ၏ ဂုဏ်ယူဖွယ် ပုံရိပ်များဖြစ်သည်။ ထို့ကြောင့်ပင်လျှင် အထက်အညာဒေသများနှင့် ပတ်သက်၍ စပ်ဆိုထားသော တေးစာသားများတွင် 'ထန်းပင်နှင့် ထန်းတော' များကိုထည့်သွင်း စပ်ဆိုလေ့ရှိသည်။ အထက်အညာဒေသများတွင် သားသမီးများကို အိမ်ထောင်ချပေးတော့မည်ဆိုလျှင် 'ထန်းပင်ဘယ်နှစ်ပင်လက်ဖွဲ့လိုက်သည်' ဟု ဂုဏ်ယူပြောဆိုလေ့ ရှိကြသည်။ 'မြင်မြင်သမျှ ငါ့ယောက္ခမထန်းတော' ဟူသောစကားမှာလည်း ကြွယ်ဝချမ်းသာမှုအတွက် ဂုဏ်တင်ပြောဆိုခြင်းပင်ဖြစ်သည်။ ထန်းပင်များများပိုင်လေ ဂုဏ်ရှိလေ ဖြစ်သည်။ ထို့ကြောင့် ထန်းတောများသည် အညာဒေသ၏ သင်္ကေတပုံရိပ်တစ်ခု၊ ဂုဏ်ကျက်သရေတစ်ခု၊ မြန်မာမှုတစ်ခု ဖြစ်သည်။ ထို့ပြင် ထန်းပင်ထန်းတောများသည် အညာဒေသ၏ အရိပ်ရအပင်များ ဖြစ်သည်။ အထက်အညာဒေသ၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးနေသည့် အပင်များလည်း ဖြစ်သည်။ သဲကန္တာရနှင့် စွန်ပလွန်ပင် ခွဲခြား၍မရသကဲ့သို့ ထန်းပင် ထန်းတောများနှင့် အညာဒေသ၊ အညာဒေသနှင့် ထန်းပင်ထန်းတောများကို ခွဲခြား၍လည်းမရနိုင်။ ထို့ကြောင့် ရွှေညာသူရွှေညာသားများမှာ ထန်းပင်ထန်းတောများကို အဖိုးတန်ရတနာများအဖြစ်၊ မိဘအမွေအနှစ်များအဖြစ် အမြတ်တနိုးနှင့် အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့ကြသည်။

ယခုအချိန်မှာတော့ ယခင်ကလို မဟုတ်တော့။ ယခင်နှင့်ယခု ဘာတစ်ခုမှ မတူတော့။ အိမ်ထောင်ချပေးမည့် သားသမီးများကို ထန်းပင်ဘယ်နှပင်ပေးလျှင် ပေးမည်ဟုဆိုလျှင် သားသမီးတွေ ဝမ်းနည်းပက်လက်ဖြစ်ကြပေလိမ့်မည်။ 'မြင်မြင်သမျှ ငါ့ယောက္ခမ ထန်းတော' ဟု ဝင့်ကြွားပြောဆိုမည့်သူလည်း မရှိတော့။ ထန်းပင်များစွာပိုင်ဆိုင်နေသော်လည်း အထင်ကြီးစရာအကြောင်း မရှိ။ ရွှေညာသူရွှေညာသားများမှာ ယခင်က အရိပ်တကြည့်ကြည့်ဖြစ်နေကြသည့် ထန်းပင်၊ ထန်းတောတွေကို အရေးမလုပ်ကြတော့။ ထန်းပင်ထန်းတောတွေကို အမြတ်တနိုးမရှိကြတော့။ ထို့ကြောင့် ရွှေညာသူရွှေညာသားတို့နှင့် ထန်းတောကြီးများမှာ သူစိမ်းဆန်ဆန်ဖြစ်လာခဲ့တော့သည်။ ထို့ကြောင့်တောကြီးများမှာ ရွှေညာသူရွှေညာသားတို့အတွက် တန်ဖိုးမဲ့သလို ဖြစ်နေခဲ့ကြရသည်။ တန်ဖိုးမဲ့နေရုံမျှ မကဘဲ အထက်အညာဒေသများမှ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားရတော့မည့် အန္တရာယ်တွေနှင့် ကြုံတွေ့နေကြရပြီ ဖြစ်သည်။ ပူပြင်းခြောက်သွေ့လွန်းသည့် သဲကန္တာရများ၏ ပုံရိပ်သင်္ကေတတစ်ခုဖြစ်သည့် စွန်ပလွန်ပင်များသည် သဲကန္တာရများမှ ပျောက်ကွယ်မသွားနိုင်သော်လည်း သဲကန္တာရများလောက် ပူပြင်းခြောက်သွေ့ခြင်းမရှိသည့် အထက်အညာဒေသမှ ထန်းပင်ထန်းတောကြီးများမှာ အထက်အညာဒေသများမှ ပျောက်ကွယ်သွားနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်ကို သတိပြုသင့်ပြီ ဖြစ်သည်။ အထက်အညာဒေသမှ ထန်းပင်ထန်းတောကြီးများ ပျောက်ကွယ်သွားခြင်းသည် အထက်အညာဒေသ၏ သင်္ကေတ ပုံရိပ်များ၊ အညာဒေသ၏ ဂုဏ်ကျက်သရေနှင့် အညာဒေသ၏ မြန်မာမှုများ ပျောက်ကွယ်သွားခြင်းပင်ဖြစ်သည်။ ထို့အတူ အညာဒေသ၏ လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေတွေလည်း ပျက်သုဉ်းပျောက်ကွယ်သွားမည် ဖြစ်သည်။ ဤသို့ဆိုလျှင် အထက်အညာဒေသမှ ထန်းပင်ထန်းတောကြီးများ ပျောက်ကွယ်မသွားစေရန် မည်သို့မည်ပုံ ကာကွယ်မည်ဆိုသည့်ကိစ္စကို ကြိုတင်စဉ်းစားကြရတော့မည် ဖြစ်သည်။

ဤကဲ့သို့ဖြစ်လာခဲ့ရသည့် အဓိကတရားခံမှာ ထန်းလျက်ဈေးကွက် ဈေးနှုန်းများကျဆင်းမှုကြောင့်ပင် ဖြစ်သည်။ အထက်အညာဒေသ ထန်းတောများမှာ ထန်းလျက်တစ်ပိဿာကို ငွေကျပ်လေးငါးရာသာ ပေါက်ဈေးရှိနေခဲ့သဖြင့် နှစ်စဉ်နှစ်တိုင်း တွက်ခြေမကိုက်ဖြစ်နေခဲ့ကြရသည်။ ထန်းတောပိုင်ရှင်များသည် ထန်းတက်လုပ်သားများ၏ လုပ်အားခကို ငွေကြေးပေးဆောင်ခြင်းမပြုရဘဲ ထန်းတောမှထွက်ရှိလာသည့် ထန်းလျက်ပိဿာချိန်၏ သုံးပုံတစ်ပုံကို လုပ်အားခအဖြစ် ပေးကြရသည်။ ထန်းတောတစ်တောမှ ထန်းလျက်ပိဿာချိန် တစ်ထောင်ရရှိလျှင် ထန်းတက်လုပ်သားများမှာ လုပ်အားခအဖြစ် ထန်းလျက်ပိဿာချိန်သုံးရာကျော် ရရှိကြမည်ဖြစ်သည်။ ထန်းလျက်တစ်ပိဿာ ငါးရာကျပ်ဈေးနှင့်တွက်လျှင် ထန်းတက်လုပ်သားအတွက် ထန်းတက်လုပ်အားခငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းခန့် ရရှိမည်ဖြစ်သည်။ ထန်းရာသီမှာ တပို့တွဲလမှ တော်သလင်းလအထိ ရှစ်လကြာသည်။ ထန်းတက်လုပ်သား၏ လုပ်အားခမှာ မိသားစု လရှစ်လစားသောက်၍ မဖြစ်နိုင်။ ထန်းတောပိုင်ရှင်တွေကလည်း ထန်းလျက်ဈေးနှင့် တွက်ခြေမကိုက်သဖြင့် ထန်းတက်လုပ်သားများကို သုံးပုံတစ်ပုံထက် ပိုမပေးနိုင်။ ထို့ကြောင့် ထန်းတက်လုပ်သားများမှာ အညာမှာမွေး၍ အညာသွေးပါနေသဖြင့် ထန်းပင်ကိုချစ်၊ ထန်းတောမှာ ပျော်နေကြသော်လည်း မိသားစုစားဝတ်နေရေး ပြေလည်ရေးအတွက် ထန်းပင်နှင့်ထန်းတောတွေကို မလွှဲသာ၍ ခွဲခွာကြရတော့သည်။

အညာဒေသရှိ ဇက်သတ်ထားသော ထန်းပင်များကို တွေ့ရစဉ်။

ချစ်ပါလျက်နှင့် ပြစ်ခွာထားခဲ့ကြရတော့သည်။ ထန်းပင်ထန်းတောများထက် ပိုမိုတွက်ခြေကိုက်နိုင်မည့်၊ မိသားစုစားဝတ်နေရေး အဆင်ပြေနိုင်မည့် အလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင်လာခဲ့ကြတော့သည်။

ဤတွင် အချို့မှာဒေသအတွင်း ခေတ်စားနေသည့် အင်ကြင်းကျောက်ရှာဖွေသည့်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ အင်ကြင်းကျောက်ရှာဖွေသည့်လုပ်ငန်းမှာ ကံကြမ္မာအပေါ်မူတည်နေသော်လည်း ကံကောင်းလာခဲ့လျှင် တစ်ခဏအတွင်းမှာပင် ငွေကျပ် သိန်းဆယ်ဂဏန်း၊ ရာဂဏန်းအထိ တွက်ခြေကိုက်နိုင်သည်။ ထန်းတက်လုပ်ငန်းကို ကိုးနှစ်ဆယ်နှစ်လုပ်ကိုင်ပြီး ရရှိလာသည့်လုပ်အားခကို မစားမသောက်ဘဲ စုဆောင်းခဲ့လျှင်ပင် မရရှိနိုင်သော ငွေကြေးပမာဏကို အင်ကြင်းကျောက်ရှာဖွေသည့် လုပ်ငန်းမှ တစ်ခဏအတွင်းမှာ ရရှိလာနိုင်သည်။ အချို့မှာ ရန်ကုန်၊ မန္တလေး မြို့ကြီးများနှင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများအထိ သွားရောက်လုပ်ကိုင်ခဲ့ကြသည်။ ထန်းလုပ်ငန်းထက် အလားအလာကောင်းများ များစွာရှိနေသည်။ အချို့မှာ ထိုင်းနှင့်မလေးရှားမှ ငွေထုပ်ပိုက်ကာ ပြန်ရောက်လာခဲ့ကြပြီး ဘဝအခြေအနေ ပြောင်းလဲသွားခဲ့သည်။ ထို့ကြောင့် သွားရောက်လုပ်ကိုင်သူတွေ တဖြည်းဖြည်းများပြားလာခဲ့သည်။ သို့နှင့် ဒေသအတွင်း အလုပ်လုပ်လိုသူ၊ အလုပ်လုပ်နိုင်သူတွေ တဖြည်းဖြည်း နည်းပါးလာကာ ထန်းတက်လုပ်သားများလည်း ရှားပါးလာခဲ့တော့သည်။

ထန်းတက်လုပ်သားများ ရှားပါးလာသဖြင့် ထန်းတက်လုပ်အားခဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ ထန်းတက်လုပ်အားခကို ယခင်က ထန်းတောမှထွက်ရှိလာသည့် ထန်းလျက်ပိဿာချိန်၏ သုံးပုံတစ်ပုံသာ ပေးရသော်လည်း ယခုတစ်ဝက် သုံးပုံနှစ်ပုံအထိပေးသည့်တိုင်၊ ထန်းတက်လုပ်သား ငှား၍မရ။ ထန်းတောပိုင်ရှင်တွေ အနေနှင့်လည်း ထန်းလျက်ပိဿာချိန် ၁၀၀၀ ထွက်လျှင် ပိဿာချိန် ၅၀၀၊ ၇၅၀ အထိ ပေးကြရမည်ဖြစ်သဖြင့် မည်သို့မျှ တွက်ခြေမကိုက်နိုင်။ ထို့ကြောင့်အလုပ်သမား မငှားဘဲ မိသားစုလုပ်ကိုင်ဆောင်ရွက်နိုင်သည့် ထန်းတောပိုင်ရှင်များသာ ထန်းလျက်လုပ်ငန်းကို လုပ်ကိုင်နေကြပြီး ထန်းတောပိုင်ရှင် တော်တော်များများမှာ ထန်းလျက်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုကြတော့။

> ထန်းတောပိုင်ရှင်တွေအနေနှင့်လည်း ထန်းလျက်ပိဿာချိန် ၁၀၀၀ ထွက်လျှင် ပိဿာချိန် ၅၀၀၊ ၇၅၀ အထိ ပေးကြရမည်ဖြစ်သဖြင့် . . .

ဆက်လက်ဖော်ပြပါမည်။

ဆရာကြီး ဒေါက်တာသန့်ကျွန်း
R.A.,H.G.P., R.L.D.I.L., D.M.A., D.B.A.(USA), Ph.D(Law)(USA)
ကံ့ကော်ရွှေပြည်
ပညာ့အောင်ဓမြေရိပ်သာ
၅တန်း၊ ၈တန်း၊ ၁၀တန်း မေ(၂၅)ရက်တွင် ထပ်မံ ဖွင့်လှစ်မည်

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
09 31268183
09 31589922

STYLE
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
သင်တန်းဖွင့်ရက် (3.5.2014)
09 73037491, 09 5096251

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
09 - 73005053
09 - 5122010

E-mail: kyemdoe@gmail.com

စွန့်ပစ်ပစ္စည်းများဖြစ်သည့်ကားတာယာများမှ ပြုလုပ်သည့်ရော်ဘာပစ္စည်းများ အရောင်းသွက်

မကွေး၊ မေ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက် (၁၄) လမ်း၊ မင်္ဂလာဈေးအနီးတွင် စွန့်ပစ်ပစ္စည်းဖြစ်သော မော်တော်ကားတာယာအဟောင်းများဖြင့် ပြုလုပ်သည့် ရော်ဘာရှော့ဘား၊ ရော်ဘာပါကင်ပြား၊ ရော်ဘာဖြင့် ပြုလုပ်သည့် လှူအသုံးအဆောင်ပစ္စည်းများ လူကြိုက်များခိုင်ခံ့၍ မော်တော်ကား၊ သုံးဘီးဆိုင်ကယ်၊ စက်အမျိုးမျိုးတွင် အသုံးပြုသော ရော်ဘာရှော့ဘား၊ ရော်ဘာပါကင်ပြားနှင့် ရော်ဘာဖိနပ်၊ ရော်ဘာဇလား၊ ရော်ဘာရေပုံးများ အရောင်း တွင်ကျယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပစ္စည်းများအား မြန်မာမှုလက်ရာစစ်စစ်ဖြင့် ပြုလုပ်၍ ကြာရှည်အသုံးခံကြောင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကိုလည်း မြန်မာ့လက်မှုပန်းပဲဖိုမှ ပြုလုပ်သည့် တူ၊ ပေခုံ၊ ဓား၊ ဆောက်၊ ပွန်ချူး စို့ စသည်တို့ကို အသုံးပြုခြင်းဖြင့် ကြာရှည်ခိုင်ခံ့ ဈေးနှုန်းချိုသာသောကြောင့် အရင်းအနှီးနည်းနည်းနှင့် တစ်နေ့ဝင်ငွေ ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ အထိရရှိကြောင်းသိရသည်။

လိုအပ်သည့် ပစ္စည်းများကို အထူးအော်ဒါလက်ခံလုပ်ဆောင်ပေးလျက်ရှိပြီး စွန့်ပစ်ပစ္စည်းမှ ဝင်ငွေရသော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ယင်း 'ကြီးမင်း ဝါရှာရှော့ဘားလုပ်ငန်း' လုပ်ကိုင်သူ ဦးအုန်းသန်းက "ဒီလုပ်ငန်းလုပ်တာ အနှစ် ၂၀ ကျော်ရှိပါပြီ။ အရင်ကတော့ ရော်ဘာရေပုံးတွေ၊ ရော်ဘာဖိနပ်တွေ၊ နွား၊ မြင်း၊ ဝက်စာခေါင်းတွေ၊ ဇလားတွေလုပ်တယ်ဗျာ။ ဟီးနိုးတာရာ တစ်ဘီးဆိုရင်ဆွဲရေပုံး ၁၂ လုံးရတယ်။ ဇလားဆိုရင် ရှစ်လုံးရတယ်၊ ရော်ဘာဖိနပ်ဆိုရင် ၂၅ ရန်လောက်ရတယ်။ အရင်က စွန့်ပစ်ပစ္စည်း ကားဘီးတာယာတွေက ပိုက်ဆံမပေးရဘူး အားလုံးမြတ်တယ်။ အခုကားဘီးတာယာအဟောင်းတစ်လုံးကို ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ အထိပေးရတော့ ကိုယ့်တွက် သိပ်မကျန်ဘူးပေါ့ဗျာ။ ဒါပေမယ့် ပြန်ရောင်းမည့်သူတွေ၊ သုံးမည့်သူတွေလက် ခနှင့် အော်ဒါလက်ခံပါဆိုပြီး ပစ္စည်းလာအပ်၊ လက်ခံပေးဆိုရင်လည်း လိုအပ်သလိုလုပ်ပေးပါတယ်။ တာယာထဲမှာပါတဲ့ သံမဏိကြိုးလေးတွေကို လည်း အုပ်စောင်း၊ ဘဲဥခြင်း၊ ကြွက်ထောင်ခြောက်၊ ငှက်လှောင်အိမ်ခြင်းလုပ်တဲ့သူတွေက လာဝယ်ကြတယ်။ ဒီလုပ်ငန်းနဲ့ပဲ ကျွန်တော်သားသမီးငါးယောက်ကို အစစအရာရာ တာဝန်ယူနိုင်ခဲ့တယ်ဗျ။ မြန်မာ့လက်ရာ ရော်ဘာဝါရှာရှော့ဘား၊ ရော်ဘာပါကင်ပြား၊ ရော်ဘာလှူအသုံးအဆောင်လုပ်ငန်းတွေကို လုပ်ငန်းဝါသနာပါသူတိုင်း လက်ဆင့်ကမ်းသင်ပေးခဲ့ချင်တယ်ဗျာ။ အရင်းအနှီးငွေ တစ်သိန်းခွဲလောက်ရှိရင် ကိုယ်ပိုင်လုပ်ငန်းရှင်တစ်ယောက် ဖြစ်နိုင်တယ်"ဟု ပြောသည်။

ရော်ဘာ လှူအသုံးအဆောင်ပစ္စည်းများကို ကျေးလက်တောင်သူကြီးများ ဈေးနှုန်းချို၊ ခိုင်ခန့်မှုရှိသဖြင့် ပိုမိုအသုံးများကြောင်းနှင့် ရော်ဘာဝါရှာရှော့ဘားများကို မော်တော်ကားသမားများနှင့် စက်အမျိုးမျိုး၊ သုံးဘီးဆိုင်ကယ်တွင် အသုံးများကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

နွားထိုးကြီးနယ်တွင် သခွားမွေးစိုက်တောင်သူများ စီးပွားရေးအဆင်ပြေ

နွားထိုးကြီး၊ မေ ၂၂

တရုတ်ဝယ်လက်ရှိသော သခွားမွေးများ နွားထိုးကြီးနယ်တွင် တွင်ကျယ်စွာစိုက်ပျိုးလာကြပြီး သခွားမွေးကို ပြင်စည်၊ ကန်နားရွာများတွင် စိုက်ပျိုးနေကြပြီး ရသစ်ရွာတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

သခွားမွေးအမျိုးအစား အမျိုးမျိုးရှိရာတွင် ပိုက်ကွက်၊ ရွှေသီး၊ ဖရဲသခွားများကိုသာ စိုက်ပျိုးကြပြီး ဖရဲသီးနှင့်သဏ္ဌာန်တူပြီး အခွံဝါနှင့် ဖရဲသခွားမှာ အချိုပေါ့ပြီး ပိုက်ကွက်မျိုးမှာ အများဆုံးစိုက်ပျိုးသော မျိုးဖြစ်ကြောင်း၊ ပိုက်ကွက်မျိုးမှာ အခွံစိမ်းမျိုးနှင့် အခွံမာမျိုးမှာ အကွက်များပါရှိကာ အရသာမှာ ချိုမြိန်၍ တရုတ်ပြည်အကြိုက်ဖြစ်ကြောင်း သိရသည်။

သခွားမွေးများမှာ တိုင်ထောင်စိုက်ရပြီး အသီးဘုရင်ခေါ်သော အကြီးဆုံးအလုံးကိုသာ ထိပ်စအဖြစ် နိုင်ငံခြား ဈေးကွက်သို့တင်ပို့ကြောင်း၊ ကျန်သည့် အလုံးသေးပါယ်သီးများကို ပြည်တွင်းတွင် အလုံးလိုက် ကျပ် ၄၀၀၊ ၅၀၀ မှ ၇၀၀၊ ၈၀၀ ထိ ဈေးကွက်ရရောင်းချရကြောင်းသိရသည်။

သခွားမွေးသီးနုနုကိုပင် အတို့အမြှုပ်အဖြစ် စားသုံးနေကြ၍ အသီးနုတစ်လုံးလျှင်ကျပ် ၅၀ ဖြင့် အသီးကင်းမှ ရင့်မှည့်ချိန်ထိ ဈေးကွက်ဝင်အရောင်းအဝယ်ရှိသောသီးနှံဖြစ်၍ သခွားမွေးစိုက်သူများ စီးပွားဖြစ်တွက်ခြေကိုက်ကြောင်း စိုက်ပျိုးသူများထံမှ သိရသည်။

ပိုက်ကွက်သခွားမွေးမှာ တရုတ်ပြည်ဈေးကွက်တွင် တွင်ကျယ်နေပြီး ထွက်သမျှတင်ပို့ရပြီး အမှာစာအတိုင်း နိုင်နင်းအောင်မတင်ပို့နိုင်သေးကြောင်း သခွားမွေးစိုက်တောင်သူများထံမှ သိရသည်။

သခွားမွေးစိုက်ခြင်းကြောင့်အရှုံးမရှိဘဲ တစ်နှစ်ပတ်လုံး ဈေးကွက်ရှိခြင်းကြောင့် သခွားမွေးမှာ စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း ရသစ်ရွာ သခွားမွေးစိုက်သူများက ပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ရွာသစ်ကြီး–ဂုမ္ဘဏီ–ပန်းတင်တောင်ဖြတ် ကျောက်သလားမြေသားလမ်းဖွင့်ပွဲကျင်းပ

သရက်၊ မေ ၂၂

သရက်မြို့နယ် ရွာသစ်ကြီးကျေးရွာနှင့် ဂုမ္ဘဏီကျေးရွာတို့ကို စည်းခြားထားသည့် ပန်းတင်တောင်ဖြတ် ကျောက်သလားမြေသားလမ်းကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ပန်းတင်တောင်ခြေ မုခ်ဦး၌ ကင်းမွန်ခြုံကျောင်း ဆရာတော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှနှင့် အလှူရှင် ဦးမြင့်အုန်း မိသားစုတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဂုမ္ဘဏီနှင့် ကျောက်မဲကျေးရွာတို့သည် ပဲစင်းငုံ၊ ပဲတီစိမ်း အထွက်ကောင်းရာဒေသဖြစ်ကြောင်း၊ အဆိုပါသီးနှံများ ဈေးကွက်အတွင်းရောက်ရှိရန် ယခင်က ၁၀ မိုင်ခန့်ဝေးသော ဘော်ကျေးရွာသို့ လှည်းဖြင့်ပို့ဆောင်ရသည်။ ထိုမှတစ်ဆင့် သရက်မြို့သို့လည်းကောင်း၊ တစ်ဖန် ပေ ၃၀၀ ကျော်မြင့်ပြီး လှည်းမောင်းရန်ခက်ခဲသော ပန်းတင်တောင်ကိုဖြတ်၍ ငါးမိုင်ခန့်ဝေးသော ဧရာဝတီမြစ်ကမ်း ရွာသစ်ကြီးကျေးရွာမှ စက်လှေဖြင့် အောင်လံ၊ သရက်မြို့များသို့ ခက်ခက်ခဲခဲသွားခဲ့ရကြောင်း၊ ယခုအခါ ငါးမိုင်ခန့်အရှည် ပန်းတင်တောင် ဖြတ်လမ်းကို မြေသားဖို့၊ ပေ ၃၀၀ ကျော်အမြင့်အား ၁၂ ပေခန့်နှိမ့်ချနိုင်ခဲ့သဖြင့် မော်တော်ဆိုင်ကယ်ဖြင့် အလွယ်တကူ သွားလာနိုင်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဂုမ္ဘဏီကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ပန်းတင်တောင်ဖြတ် ကျောက်သလားမြေသားလမ်းကို ရန်ကုန်မြို့နေ အလှူရှင် ဦးမြင့်အုန်း၊ ဒေါ်တင်လှိုင်၊ သမီး မမျိုးမိမိ မိသားစုတို့၏ ထည့်ဝင်ငွေ ကျပ် ၅၅ သိန်း၊ ဆရာတော်သံဃာတော်များဦးဆောင်သည့် ဒေသခံပြည်သူများ၏ လုပ်အားထည့်ဝင်ငွေ ကျပ် ၆၅ သိန်းတို့ဖြင့် ခက်ခဲလှသည့် မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် စုပေါင်းဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

မြဝတီ မေ ၂၁

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်သာယာ(၄)လမ်းတွင် ဧပြီလ ၁၉ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိခဲ့သည်။ မြဝတီမြို့အမှတ်(၃၂)မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်လွင် အမှတ်(၄)ရပ်ကွက်ဆယ်အိမ်မှူး ဦးလှဝင်း၊ အမျိုးသမီးသက်သေဒေါ်ဆွေဆွေဌေးနှင့် တာဝန်ရှိသူများသည် ပြည်သာယာ(၄)လမ်းရှိ မွန်မထမင်းဆိုင် ရှေ့အရောက် သန်းထိုက်စိုး(ခ)ကလေးနှင့်ချစ်ကိုကိုဖြိုး အောင်(ခ)ကိုကိုအောင်တို့နှစ်ဦးအား YAMAHA အမျိုးအစား အပြာရောင်ဆိုင်ကယ်ဘေးတွင် တွေ့ရှိသဖြင့် ရှာဖွေရန်ပြုလုပ်စဉ် သန်းထိုက်စိုး၏ ယာဘက်လက်အတွင်းမှ ပလပ်စတစ်အိတ်ဖြင့်ထုတ်ထားသော အထုပ်တစ်ထုပ်အားလွှတ်ချလိုက်သဖြင့် သက်သေများနှင့်ရှာဖွေရာ ၎င်းအထုပ် အတွင်းမှ WY စာတန်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ပြားတွေ့ရှိရပြီး သန်းထိုက်စိုးလွယ်ထားသော အစိမ်း၊ အဖြူ/နီကြားလွယ်အိတ်အတွင်းရှိ Beauty စာတန်းပါမီးခြစ်အိတ်အတွင်းမှ SU စာတန်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားလေးပြား၊ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြား၊ မူးယစ်ဆေးဝါးရောင်းချရငွေ ၁၁၀၀၀ ကျပ်နှင့် ချစ်ကိုကိုဖြိုးအောင် ဝတ်ဆင်ထားသော အစိမ်းရောင်ပြောက်ကျားအင်္ကျီအတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေ ကျပ် ၄၈၇၀၀နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည်ဟု ယူဆရသော YAMAHA အမျိုးအစား အပြာရောင်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

သတင်းတို

သုံးခွတွင် သက်ကြီး ပူဇော်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၉)ရပ်ကွက် ဝဲပြန်ကျောင်းတိုက် ဗုဒ္ဓရက္ခိတဓမ္မာ ရုံ၌ (၁၅) ကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို မေ ၁၇ ရက် နှစ်ဆန်းတစ်ရက် ညနေ ၆ နာရီတွင်အသက် ၈၀ နှင့်အထက် ဘိုးဘွား ၇၈ ဦးအား အလှူငွေနှင့် လှူဖွယ် ပစ္စည်းများဖြင့် ပူဇော်ပွဲကျင်းပခဲ့သည်။ ထို့ပြင် သုံးခွမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၈၄)တွင် သကြၤန်ကာလ (၁၅၈) ကြိမ်မြောက် ၁၃ ရက်ကြာ တရားစခန်းကို၁၃၇၅-၇၆ ခုနှစ် တန်ခူးလဆန်း ၇ရက်မှ တန်ခူးလဆုတ် ၄ ရက် မေ ၆ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့သည်။

ကိုကျော်(သုံးခွ)

ENGLISH
Conversation Practice
TAMWE- 540714, 09 5183636
09 49 285182

သဘောကျွက်
နှင့်ဇင်းထိထိ
01-8500355 09.73077755

(The Hole Line)
ဖုန်း-၀၉-၄၃၁၉၈၄၅၂

MTI
MYANMAR THAMES INTERNATIONAL
Marketing Management
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

ဒေါက်တာ ဆရာမြင့်(စကြာမင်း)ရဲ့
မြင့်မြန်မာ
အကြောပြေ ဝမ်းမှန်ဆေး

All Trainings are Essential for Your Success
Vehicle Driving & Maintenance Training
ရောင်နီဦး
AURORA
Ph- 09-73235126, 09-73248049, 09-43192144, 09-43162080, 09-43170116
Ph-09-43187831, 09-420317778

လာမည့်လွှတ်တော်တွင် လယ်မြေ အပိုင်း(၄) အစီရင်ခံစာ တင်ပြသွားရန်ရှိ

ရန်ကုန်၊ ဧပြီ ၂၂

ယခုတစ်ကြိမ် ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်တွင် လယ်မြေအစီရင်ခံစာ အပိုင်း(၄)ကို တင်ပြသွားရန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁)မှ အဖွဲ့ဝင် ဦးအောင်သိန်းလင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လက်ရှိအချိန်တွင် သိမ်းဆည်းခံ လယ်ဧကပေါင်း သုံးသောင်းကျော်အား တိုင်ကြားစာစောင်ရေ ၁၂၁၀ စောင်ဖြင့် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အစိုးရအဖွဲ့သို့ အပိုင်း(၄)အဖြစ် တင်ပြထားပြီးဖြစ်သည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပထမအကြိမ် မြေယာပေးအပ်မှုပြန်ကြားတဲ့နေရာမှာ ရန်ကုန်တိုင်းဒေသကြီးအတွက် နှစ်ဆယ့်သုံးမှုပါတယ်။ အဲဒီထဲကမှ ၁၆ မှုမှာ မြေပြန်ရတယ်။ ကိုးမှုကို တပ်က ပြန်ပေးတယ်။ ၁၆ မှုက ဧကသုံးရာလောက်ရှိတယ်။ ပြန်ကြားမှုက တစ်လတစ်ခါ နှစ်လတစ်ခါတော့ ရှိတယ်"ဟု ဦးအောင်သိန်းလင်းက ပြောသည်။

ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုမှ ပြည်သူများနစ်နာမှုမရှိစေရန် စုံစမ်းရေးကော်မရှင်အဖွဲ့သည် နိုင်ငံတစ်ဝန်း လယ်ယာမြေနှင့်ပတ်သက်၍ လွှတ်တော်သို့ အစီရင်ခံစာ (၃)ကြိမ်အထိ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုအစိုးရမှ လယ်ယာမြေနှင့်ပတ်သက်၍ ဒုတိယအကြိမ် ပြန်လည်အကြောင်းကြားထားပြီးဖြစ်၍ မကြာမီ ရန်ကုန်တိုင်းရှိ လယ်ဧကအရည်အတွက်ကို သိရှိနိုင်မည်ဖြစ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁) မှ သိရသည်။

> လက်ရှိအချိန်တွင် သိမ်းဆည်းခံ လယ်ဧကပေါင်း သုံးသောင်းကျော်အား တိုင်ကြားစာ စောင်ရေ. . .

ယခုအခါ တပ်မတော်မှလည်း သိမ်းဆည်းလယ်ယာမြေများအား မူလပိုင်ရှင်များထံ စနစ်တကျ ပြန်လည်ပေးအပ်နိုင်ရန်အတွက် နိုင်ငံနှင့်အဝန်း အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်လျက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားကြီးကျေးရွာရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ငါးကန်၊ စိုက်ပျိုးမြေများအဖြစ် သိမ်းဆည်းထားသည့်မြေများကို တပ်ပိုင်မြေမဟုတ်သည့်အတွက် မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

တင်မောင်ဦး

သမိုင်းဝင်ဗေဿဝတီမြို့ရိုးဟောင်း အချိန်မီထိန်းသိမ်းရန် လိုအပ်

ဖြူး ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ဗေဿဝတီမြို့ အရှေ့ဘက် ၅မိုင်ခန့်အကွာတွင်ရှိသည့် ဘုရင့်နောင်မင်းတရားကြီး တည်ခဲ့သော ဗေဿဝတီရေးမြို့ရိုးဟောင်းအား အချိန်မီ ထိန်းသိမ်းရန်လိုအပ်လျက်ရှိသည်ကိုမြင်တွေ့ခဲ့ရသည်။ အဆိုပါမြို့ရိုးဟောင်းဧရိယာအတွင်း၌မြေဧက(၁၁၀)ခန့်ရှိပြီး ယခင်တုန်းကတောကြီးများသာရှိခဲ့ရာ၂၀၀၀ ပြည့်နှစ်ခန့်မှစ၍ဒေသခံများမှစပါးနှင့်ယာသီးနှံများစိုက်ပျိုးလျက်ရှိသည်။

နန်းမြို့ရိုးဟောင်းအတွင်း သာသနိကအဆောက် အအုံများအနေဖြင့်ဓမ္မရွှေမိတ်ဆက်နန်းတွင်းကမ္မဋ္ဌာန်း ကျောင်း၊ ဗေဿသိဒ္ဓိစေတီတော်နှင့်သုဓမ္မာကျောင်းများ ရှိပြီး သာသနာ့နယ်မြေများနှင့် မြို့ရိုးဟောင်းကြားတွင် လယ်ပြင်ကြီးကျေးရွာနေ တောင်သူများက စိုက်ပျိုးမြေများ လာရောက်စိုက်ပျိုးနေကြသည်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဒေသခံအချို့ကပြောပြသည်။ ကြံသီးနှံဈေးနှုန်းမြင့်လာသည်နှင့်အမျှမြို့ရိုး၏ အတွင်းကုန်းစောင်းတစ်လျှောက်တွင် ကြံသီးနှံများစိုက်ပျိုးကြရာ စိုက်ခင်းဧရိယာတိုးတက်ရရှိရေးအတွက်မြို့ရိုးကိုပါ တဖြည်းဖြည်းချင်းဖြိုဖျက်လာကြပြီး အုတ်မြို့ရိုး၏အုတ်အကျိုးအပဲ့များ ကြံစိုက်ခင်းများအတွင်း အထိပ်ပုံ့ကြဲရောက်ရှိနေပြီဖြစ်သည်။

သက်ဆိုင်ရာမှ အချိန်မီ ကန့်သတ်တားမြစ်ထိန်းသိမ်းခြင်းမရှိပါက နှစ်အနည်းငယ်အတွင်း မြို့ရိုးဟောင်းကွယ်ပျောက်သွားနိုင်သည့်အခြေအနေတွင်ရှိနေကြောင်းနှင့် ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများမကြာခဏ လာရောက်ကြည့်ရှု၍ ကန့်သတ်နယ်မြေသတ်မှတ်မည်ဟု ပြောကြားခဲ့သော်လည်းယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် အချိန်မီဆောင်ရွက်မှသာ သမိုင်းဝင်မြို့ရိုးဟောင်းကို နောင်လာနောက်သားများ အတွက်ကြည့်ရှုလေ့လာစရာအဖြစ် ကျန်ရှိမည်ဖြစ်ကြောင်း ဓမ္မရွှေမိတ်ဆက်ကျောင်း ပဓာနနာယကဆရာတော်က ပြောကြားခဲ့သည်။

ကိုလွင်(ဆွာ)

စစ်ကိုင်းမြို့ ရွှေဗေဒါ တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးအဖွဲ့၏ နှစ်ပတ်လည်တွေ့ဆုံပွဲကျင်းပ

စစ်ကိုင်း၊ ဧပြီ ၂၂

စစ်ကိုင်းမြို့၊ ရွှေဗေဒါ (ဗေဒါစေတနာ)တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးအဖွဲ့၏ ရာသက်ပန် ငွေပဒေသာပင် လှူဒါန်းသည့် အလှူရှင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ ထောက်ပံ့ကြေးရရှိသူနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ မိဘများ တွေ့ဆုံပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ၂၀ရက်က ထူပါရုံ ရွှေကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်စန်းကြည်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မိုး၊ အတွင်းရေးမှူး ဦးဇော်ဝင်းတို့က ဆုံးမအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ထောက်ပံ့ကြေးရရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား ရာသက်ပန် ငွေပဒေသာပင် လှူဒါန်းသည့်အလှူရှင်များ၊ အလုပ်အမှုဆောင် ကော်မတီဝင်များနှင့် မိတ်ဆက်ပေးသည်။

ကျောင်းသူ၊ ကျောင်းသား ၃၁ ဦး အတွက် သုံးလတစ်ကြိမ် ကျပ်သိန်း ၂၀ ထောက်ပံ့ချီးမြှင့်ပေးလျက် ရှိနေကြောင်း၊ ယခုတွေ့ဆုံပွဲ ကျင်းပပြုလုပ်ရခြင်းမှာ ထောက်ပံ့ကြေးရရှိသူနှင့် ကျောင်းသူကျောင်းသားများအား ရာသက်ပန် ငွေပဒေသာပင် လှူဒါန်းသည့် အလှူရှင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တစ်နှစ်တစ်ကြိမ် မိသားစုဆန်ဆန် တွေ့ဆုံခွင့်ရရှိရန် စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ထောက်ပံ့နိုင်ဖို့အတွက် အလှူရှင်အသီးသီးတို့က မိမိတို့ချွေးနည်းစာမှ ၂၅ ကျပ်၊ ကျပ် ငါးဆယ်စသည့် အလှူငွေများကို စုဆောင်းထည့်ဝင် မတည်ကာ လှူဒါန်းလာခဲ့ကြခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ကြေးရရှိကြသည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် မိမိတို့ဘွဲ့ရရှိပါက မိမိတို့အား ကူညီထောက်ပံ့ပေးခဲ့သည့်အဖွဲ့၏ ကျေးဇူးတရားကို သိရှိနားလည်ကြပြီး မိမိတို့ကတစ်ဖန် ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသ၊ ကိုယ်တိုင်းပြည်၊ ကိုယ့်လူမျိုးအကျိုးကို လက်ဆင့်ကမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောကြားသွားသည်။

ရွှေဗေဒါ(ဗေဒါစေတနာ) တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးချီးမြှင့်ရေးအဖွဲ့အနေဖြင့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ပညာထူးချွန်သော်လည်း တက္ကသိုလ်ပညာဆက်လက်သင်ကြားရန်အခက်အခဲရှိကြသော ကျောင်းသူကျောင်းသားများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပေးလာခဲ့ရာ ယခုပညာသင်နှစ်အထိ ဘွဲ့ရရှိပြီးသူ ၃၁ ဦး၊ ပထမနှစ်မှ ပဉ္စမနှစ်အထိ ပညာသင်စရိတ် ထောက်ပံ့ပေးထားဆဲ ၇၅ ဦး၊ ထောက်ပံ့ကြေးရပ်စဲခဲ့သူ ခုနစ်ဦး စုစုပေါင်း ၁၁၃ ဦးရှိကြောင်း သိရသည်။

ပညာသင်စရိတ် ထောက်ပံ့ကြေးများကို ဇန်နဝါရီလ၊ ဧပြီလ၊ ဇူလိုင်လနှင့် အောက်တိုဘာလပိုင်းတို့တွင် သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်လျက်ရှိနေကြောင်း၊ ချီးမြှင့်ထောက်ပံ့ကြေးငွေအဖြစ် ဆေးတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအား တစ်လလျှင် ကျပ်လေးသောင်းနှုန်း၊ အခြား အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ရောက် နေသူများအား တစ်လလျှင် ကျပ်သုံးသောင်း နှုန်းနှင့် စစ်ကိုင်းတက္ကသိုလ်များတွင်တက် ရောက်နေသူများအား ကျပ်နှစ်သောင်းနှုန်း ချီးမြှင့်ပေးအပ်လျက်ရှိနေပြီး စတုတ္ထနှစ်နှင့်အထက်အား လစဉ်ကျပ်တစ်သောင်းနှုန်း အပိုထပ်မံချီးမြှင့်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

"Animation Contest for ASEAN 2014"

အတွေးအမြင်ဆောင်းပါး

"ပုပ္ပားတောင်ကလပ်ပေါ်က မျောက်တစ်ကောင်၏ အတွေး"

à crjfom(rvdEm)

ပုပ္ပားတောင်ကလပ်က ကျွန်တော်ရဲ့ မွေးရပ်ဇာတိချက်မြှုပ် ဖြစ်တယ်။ ဟိုးနှစ်ပေါင်းထောင်ချီပုဂံဘုရင် အနော်ရထာမင်း လက်ထက်မတိုင်မီ ကျွန်တော့်ရဲ့ ဘိုးဘေးဘီဘင်တွေလက်ထက်ကတည်းက ကျွန်တော်တို့မျိုးနွယ်စုတွေ ဒီတောင်ကလပ် အနီးဝန်းကျင် တောတောင်ထဲမှာ နေထိုင်ကျက်စားလာခဲ့တာပေါ့။ ဒါကြောင့် ပုပ္ပားတောင်ကလပ်က ကျွန်တော့်ရဲ့ မွေးဖွားရာဇာတိဖြစ်သလို ဘိုးဘွားဘီဘင်တွေရဲ့ အမွေအနှစ်တစ်ခုဆိုလည်း မမှားဘူးပေါ့။ ခုချိန်ထိ ကျွန်တော်အပါအဝင် မျိုးနွယ်စုဝင်တွေက ပုပ္ပားတောင်ကလပ်မှာ ကျင်လည်ကျက်စားနေတာ ဘိုးဘွားအမွေအနှစ်မြေကို ချစ်လို့လည်း ဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ရာချီမတိုင်မီကတော့ ပုပ္ပားတောင်ကလပ်ဆိုတာ ပုပ္ပားတောင်မကြီးရဲ့ အောက်ခြေချိုင့်ဝှမ်း မြေပြင်ကနေ ကောင်းကင်ကို ထိုးထွက်နေတဲ့ ကျောက်စိုင်ကျောက်ခဲတွေနဲ့ တည်ရှိနေတဲ့ သာမန်တောင်ကလပ်တစ်ခုသာ ဖြစ်ခဲ့တယ်။

အင်္ဂလိပ်ခေတ် ကာလတစ်ခုမှာ ဘိုးမင်းခေါင်ဆိုတဲ့ အလွန်ထူးခြားတဲ့ ပုဂ္ဂိုလ်ထူးကြီးတစ်ဦး ပေါ်ခဲ့ဖူးတယ်။ သူက ပုပ္ပားနယ်သားတော့ မဟုတ်ဘူး။ ပုပ္ပားအရှေ့ဘက်တော်တော်ဝေးတဲ့ စင်မြင့်ဆိုတဲ့ ကျေးရွာသားဖြစ်တယ်။ စင်မြင့်သားဖြစ်ပေမယ့် ပုပ္ပားနယ်မှာပဲ ကျင်လည်နေတာများတာမို့ ပုပ္ပားတောင်ကလပ်နဲ့ ဘိုးမင်းခေါင်ကို ခွဲခြားလို့မရဘူး။ ဘိုးမင်းခေါင်ကြောင့်ပဲ ပုပ္ပားတောင်ကလပ်ဟာ သာမန်တောင်ကလပ်တစ်ခုကနေ အခုလို စေတီပုထိုးတွေ၊ ပုပ္ပားမယ်တော်နတ်နန်းတွေ တည်ရှိလာခဲ့ပြီး ထူးခြားစည်ကားတဲ့အရပ်ဒေသတစ်ခု ဖြစ်လာတယ်။ ပုဂံမျှော်နန်းတို့၊ သားမွေးဂူ၊ ဆေးကျိုတ်ဂူတို့ ဆိုတာတွေနဲ့ တောင်ကလပ်ပေါ်မှာ ထူးထူးခြားခြားနေရာတွေ ပေါ်ထွက်လာသလို အနယ်နယ်အရပ်ရပ်က ပြည်တွင်းခရီးသွားဧည့်သည်တွေနဲ့ ပြည်ပခရီးသွားဧည့်သည်တွေ နေ့စဉ်မပြတ် တက်ရောက်ဝင်ထွက်စည်ကားလာတယ်။

အဲဒီလို ပုပ္ပားတောင်ကလပ်က ထူးခြားစည်ကားလာသလို ကျွန်တော်တို့ မျောက်မျိုးနွယ်စုတွေရဲ့ နေထိုင်စားသောက်မှုပုံစံက ပြောင်းလဲလာတယ်။ သဘာဝသစ်သီး သစ်ဥတွေကို ကြိုက်နှစ်သက်တဲ့သတ္တဝါတွေဖြစ်ပေမယ့် လူတွေပိုက်ဆံနဲ့ဝယ်ရတဲ့ ပဲစေ့လိုမျိုးဟာတွေကို တောင်ကလပ်ပေါ်တက်လာတဲ့သူတွေက ကျွေးမွေးလို့ စားလာကြတယ်။ ငှက်ပျောသီးကြိုက်တဲ့ မျောက်ကို ပဲစေ့ကျွေးတာ ရယ်စရာကောင်းပေမယ့် စားစရာမရှိတော့လည်း ကျွန်တော်တို့မျောက်တွေ ပဲစေ့ပဲစားကြတာပေါ့ဗျာ။ တစ်ခါတလေ အခြားအရသာများ စားချင်စိတ် မထိန်းနိုင်ဖြစ်တဲ့အချိန်ဆို တောင်ကလပ်ပေါ်တက်လာတဲ့ လူတွေလက်ထဲက တစ်ခုခုကို စားစရာမှတ်ပြီး ဝင်လုတော့တာပဲ။ လုပြီး တောင်ကလပ် တန်ဆောင်းအမိုးပေါ်တက်ပြေးတာပဲ။ သစ်ပင်ပေါ်တော့ တက်ပြေးခဲတယ်။

ဘိုးမင်းခေါင်ကြောင့်ဘဲ ပုပ္ပါးတောင်ကလပ်ဟာ သာမန်တောင်ကလပ်တစ်ခုက. . .

လုခဲ့တဲ့အရာက စားစရာမဟုတ်ရင် အနီးနားက ဒေသခံတစ်ယောက်ယောက်ခြောက်လှန့်ပေးတဲ့အခါ အလွယ်တကူပြန်ပစ်ချပေးရတာပေါ့ဗျာ။ စားစရာမဟုတ်ရင် ကျွန်တော်တို့အတွက် ဘာမှအသုံးဝင်တာမှ မဟုတ်တာဗျာ။ အဲဒီလို လုတတ်လို့ တန်ဆောင်းနားကို ကျွန်တော်တို့ကပ်ရင် အနီးကလူတွေက ခြောက်လှန့်မောင်းထုတ်တာဗျ။ ဟိုတစ်နေ့က ကျွန်တော့် အစ်ကိုကြီးတစ်ယောက် ရေဆာလွန်းလို့ တောင်ကလပ်ပေါ်သွယ်ထားတဲ့ ရေပိုက်က စိမ့်ထွက်တဲ့ရေကိုဆင်းသောက်တာ အနီးက သကောင့်သားတစ်ယောက်က ဖိနပ်နဲ့ပစ်လို့ ခွေးပြေးမျောက်ပြေး တန်ဆောင်းခေါင်မိုးပေါ်တက်ပြေးရတယ်။ ရေမသောက်ရဘဲ ဖိနပ်နဲ့ ပေါက်တာခံရတယ်ဗျ။ အဲဒီဖိနပ်နဲ့ ပစ်တဲ့သူကို ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ဘုရားဖူးဧည့်သည်တွေ တောင်ကလပ်ပေါ်တက်ရင် လှေကားသုတ်ပြီး အလှူငွေ (သဒ္ဓါကြေး) တောင်းတာ နေ့စဉ်ပေါ့။ သူ့နေရာ သူ့လှေကားအနီးမှာ လှေခါးထစ်လေးတွေ ကြေးချွတ်ရည်ဖျန်းလိုက်၊ အဝတ်စနဲ့သုတ်လိုက်၊ အနီးရောက်လာတဲ့ သူတွေဆီက သဒ္ဓါကြေး အဲ-အလှူငွေ တောင်းလိုက်ပေါ့။ နေ့စဉ်နံနက်က မိုးချုပ်အထိ အဲဒီလှေကားထစ်နားမှာပဲ တောင်ကလပ်တက်သူတွေ အနီးအနားရောက်လာလိုက် အဝတ်စနဲ့ လှေကားထစ်သုတ်ဟန်ပြုလိုက်၊ အလှူငွေတောင်းလိုက်ပေါ့။ ပြီးတော့ ပြန်နားလိုက်နဲ့။ သူ့အလုပ်က ဟန်ကျတယ်။ သူ့လိုလူတွေကလည်း ပုပ္ပါးတောင်ကလပ် အထက်တောင် တန်ဆောင်းလှေကားထစ်တွေမှာ ဒုနဲ့ဒေးပဲဗျ။ မျောက်က လူအကြောင်း ပြောပြနေရတာ သိပ်မကောင်းပါဘူးဗျာ။

အမြင်မတော်တော့လည်း ပြောမိတာပေါ့။ ပုပ္ပားတောင်ကလပ်ကြီးကို အမှီသဟဲပြုအသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေ အများကြီးရှိတယ်။ အချို့က အမှတ်တရလက်ဆောင်ပစ္စည်းနဲ့ အထည်ဆိုင်ဖွင့်ရောင်းသူ၊ ဆေးဥဆေးမြစ်ရောင်းသူ၊ ပန်းရောင်းသူ၊ အလှူငွေသဒ္ဓါကြေးတောင်းသူ (လှေကားထစ်များအနီးမှာ)၊ ပြီးတော့ တောင်ကလပ်အလယ် ခါးပန်းအနီးက ဆိုင်းဘုတ်ရေးမထားတဲ့ ရေလောင်းအိမ်သာခ တောင်းတဲ့သူ အဲလိုလူတွေ အများကြီး ပုံစံမျိုးစုံနဲ့ပေါ့။ အချို့က နဖူးကချွေး ခြေမကျတဲ့အထိ ရှာတဲ့သူ။ တချို့ကထိုင်လျက် နဖူးကချွေး လက်ဖျားကျတဲ့အထိသာရှာတဲ့သူ ပုံစံမျိုးစုံ ကျွန်တော်နေ့တိုင်း တွေ့ရတယ်။

တစ်ခါတလေ သစ်ပင်ပေါ်မှာထိုင်ပြီး တောင်မကြီးဆီငေး အကြောင်းအရာတစ်ခုခုကို ကျွန်တော်တွေး နေတတ်တယ်။

မြန်မာလူမျိုးတွေက ဘာသာတရားကို ကြည်ညိုကိုင်းရှိုင်းပြီး မိရိုးဖလာကို မပစ်ပယ်တဲ့သူတွေလည်းဖြစ်တော့ ပုပ္ပားတောင်ကလပ်ပေါ်ကို ဘုရားလည်းဖူး နတ်နန်းလည်းပူဇော်ရင်း ရောက်ကြတယ်။ အဲဒီလိုရောက်ကြတဲ့ သူတွေထဲမှာ အမှိုက်ပစ်စရာနေရာ ရှားလို့ပဲလား အလွယ်တကူ အမှိုက်ပစ်တတ်တဲ့အကျင့်ရှိတဲ့သူတွေဖြစ်လို့လား မသိဘူး။ တောင်ကလပ်တန်ဆောင်းအနီးနဲ့ တောင်ကလပ် ခါးပန်းတွေမှာ အမှိုက်တွေ စည်းကမ်းမဲ့ ပစ်ချကြတယ်။ မြင်မကောင်းဘူးဗျာ။ အဲဒီအမှိုက်မျိုးတွေက လွန်ခဲ့နှစ်ပေါင်းထောင်ချီ ရာချီလောက်တုန်းက တောင်ကလပ်ပေါ်မှာ မရှိခဲ့ဖူးပါဘူးဗျာ။ အဲဒီတုန်းက တောင်ကလပ်မှာ သစ်ပင်သစ်တောနဲ့ စိမ်းလန်းစိုပြည်ပုံကို ဒီနေ့ခေတ်လူတွေ မြင်ဖူးစေချင်လိုက်တာ။ အဲဒီတုန်းက ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေက လူတွေလို ခါတ်ပုံ၊ ဗီဒီယို ရုပ်ရှင်မှတ်တမ်းတွေများ တင်ထားနိုင်ခဲ့ရင် ဒီနေ့လူတွေ ပြန်ပြနိုင်တာပေါ့ဗျာ။ နောက်တစ်ခုရှိသေးတယ်ဗျာ။ တောင်ကလပ်ပေါ်တက်လာတဲ့ ဧည့်သည်တွေထဲမှာ ကျွန်တော်တို့ အမျိုးအနွယ်ဟောင်းတွေကို ပြန်တွေ့မိတာ ပြောချင်တာပါ။ လူပျိုအပျိုငယ်ငယ်လတ်လတ် ကြီးကြီးမရွေး တချို့လူသတ္တဝါတွေအသွင်နဲ့ သူတို့ကို တောင်ကလပ်ရောက် ဧည့်သည်တွေအဖြစ် ပြန်တွေ့ရတာဗျ။ ဘောပင်လား၊ ဆော့ပင်လားတော့ မသိဘူးဗျ။ အဲဒါတွေနဲ့ တောင်ကလပ်တန်ဆောင်းသစ်သားဘောင်တွေနဲ့ စေတီပုထိုးငယ်တွေမှာ ပါမကျန် လက်ဆော့ လက်ကမြင်းကြတယ်။ ကျွန်တော်တို့နဲ့ အရင်ဘဝတုန်းက ဆော့ဖော်ဆော့ဖက် ကစားဖော်ကစားဖက် ဦးကြီးဦးလေး ဒေါ်ကြီးဒေါ်လေးတွေဖြစ်ပေမယ့် အဲဒီဘဝတုန်းက ဆော့တာ ကစားတာ အမြင်တော်တယ်။ သူတို့က လူ့ဘဝရောက်ပြီးမှ တောင်ကလပ်ပေါ်မှာ လက်လာဆော့တာ အမြင်မတော်ဘူးပေါ့ဗျ။

စေတနာရှင် ပါရမီရှင်တွေက တောင်ကလပ်ပေါ်တက်ရောက်သူတွေ အရိပ်ရစေဖို့ ဖူးမြော်နိုင်စေဖို့ တန်ဆောင်းတွေဆောက်လှူ စေတီပုထိုးတည် ကုသိုလ်ယူလုပ်ကြတာ။ ကောင်းမှုပြုသူတွေရဲ့ စေတနာကို လက်ဆော့ပြီး ဖျက်ဆီးပစ်တာတော့ ဘယ်ကောင်းမလဲဗျာ။ ကျွန်တော်မွေးကတည်းက ပုပ္ပားတောင်ကလပ်မှာ ကျွန်တော်တို့ မျောက်တွေ ဖျက်ဆီးပစ်လို့ ပျက်စီးသွားရတဲ့ တန်ဆောင်းလှေကား၊ စေတီပုထိုး ဘာတစ်ခုမှ ရှိခဲ့တယ် မကြားဖူးဘူး။ ရုပ်ဆိုးအကျည်းတန်အောင် လုပ်ပစ်ထားတာကို မမြင်ဖူးဘူး။ အဲ-ပုပ္ပါးတောင်ကလပ်ပေါ်ရောက်လာတဲ့ လူသတ္တဝါတချို့ လက်ဆော့လို့ ပျက်စီးရုပ်ဆိုးနေတာတွေကိုတော့ နေ့စဉ်နဲ့အမျှ ကျွန်တော်မွေးလာကတည်းက မြင်ဖူးတွေ့ဖူးနေတာ ခုထိပဲဗျ။

ထားပါတော့ဗျာ။ အိမ်သာလို့ ဧည့်လာ။ ခိုကိုးအပန်းဖြေရာ နေရာတစ်ခုလို ပုပ္ပါးတောင်ကလပ်ပေါ် ရောက်လာပြီဆိုမှဖြင့်ဗျာ အိမ်ရှင်ကလည်း ပျူငှာတဲ့အပြုံး စစ်မှန်တဲ့နှလုံးနဲ့ ကြိုဆိုဖို့ လိုသလို၊ ဧည့်သည်ကလည်း ဧည့်လှန်မဖြစ် ဧည့်သည်စစ်ဖြစ်ဖို့လိုတယ်လို့ပဲ နောက်ဆုံးပြောချင်တယ်။ ဒါမှ ကျွန်တော့်ရဲ့ မွေးဖွားရာဒေသဖြစ်တဲ့ ပုပ္ပားတောင်ကလပ်ကြီးက နောင်နှစ်ပေါင်းထောင်ချီတဲ့အထိ ပန်းဆက်သမားကိုဗျတ္တနဲ့ ပုပ္ပားသူမယ်ဝဏ္ဏတို့ရဲ့ လွမ်းမောဖွယ်ဇာတ်လမ်း၊ ထူးခြားအံ့ဩဖွယ်ကောင်းတဲ့ ဘိုးမင်းခေါင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ သမိုင်း၊ ထူးခြားတဲ့ပါရမီများနဲ့ ပုပ္ပားနယ်မှာ သာသနာပြုခဲ့သူ ရသေ့ကြီးဦးခန္တီရဲ့ ရာဇဝင်အစရှိတဲ့ အကြောင်းခြင်းရာများနဲ့အတူ အထူးထူးအသွယ်သွယ်သော ဆေးဖက်ဝင် သစ်တောသစ်ပင်များနဲ့ ထာဝစဉ်စိမ်းလန်းစိုပြည် အသက်ဝင်လှုပ်ရှားနေနိုင်မှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း တွေးရင်းနဲ့ တောင်မကြီးဘက် တစ်ချက်ငေးမိတယ်ဗျာ။

ကိုယ်တိုင်စာရင်းပြုစုပြီး အသုံးအဆောင်ပစ္စည်းများလှူဒါန်း

မန္တလေး၊ ဧပြီ ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၁ လမ်းနှင့် ၈၆ လမ်းထောင့်၊ ပြည်လုံး ချမ်းသာရပ်ကွက် အလှူရှင် ဒေါ်ခင်မြင့်၊ သား ဦးမြင့်သိန်းတို့၏ နေအိမ်ရှေ့၌ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက အသုံးအဆောင်များအား လှူဒါန်းပွဲ ကျင်းပခဲ့သည်။

အဆိုပါအလှူရှင် မိသားစုမှ ၂၀၁၀ ပြည့်နှစ်မှစ၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အထိမ်းအမှတ်အဖြစ် ရပ်ကွက်အတွင်းရှိ ဆင်းရဲနွမ်းပါးသော၊ ချို့တဲ့သောရပ်ကွက်ပြည်သူများကို ကိုယ်တိုင်စာရင်းပြုစုပြီး ၂၀၁၄ ခုနှစ်၌ စတုတ္ထအကြိမ်မြောက် ဆင်းရဲနွမ်း ပါးသော ပြည်သူ ၃၁၀ ဦးကို ဆန်တစ်ပြည်၊ ရုပ်အင်္ကျီလက်ရှည် တစ်ထည်၊ သွားတိုက် ဆေးတစ်ဘူး၊ ကိုယ်တိုက်ဆပ်ပြာလေးခဲပါတစ်ထုပ်ကို တစ်ဦးချင်းပေးအပ် လှူဒါန်းခဲ့သည်။ ပျော်ပွဲရွှင်ပွဲအဖြစ် ရေခဲသေတ္တာ၊ တီဗွီ၊ EVD၊ ဓာတ်ဘူး၊ ထမင်းချိုင့်များကို မဲနှိုက်၍ မဲပေါက်သူကို ထပ်ဆင့်လှူဒါန်းခဲ့သည်။ (၁၈၇)

"ကန့်ကွက်နိုင်ပါသည်"

စာအုပ်စာပေ
လူပီတ်ဘွေ

တိုက်ခန်းရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)
1250sqft (30'x40')
ph : 09 73019461, 095156122

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးဝင်း H.A.,H.G.P., H.L.
တရားလွှတ်တော်ရှေ့နေ (၄၁၇၈)

တက္ကသိုလ်ပြင်ဆင်ဖွဲ့စည်းရေးနှင့် အရည်အသွေးထိန်းသိမ်းရေး

ယမန်နေ့မှအဆက်

အဆင့်မြင့်ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံတကာတွင် ဝေါဟာရ အသုံးအနှုန်းအခက်အခဲတစ်ခုရှိပါသည်။ ဘွဲ့လက်မှတ်အပ်နှင်းခွင့်ရှိသော ပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ အမည်ကို ကျောင်း (School)၊ ဌာန (Centre)၊ အဖွဲ့ (Institute)၊ ကောလိပ် (College)၊ တက္ကသိုလ် (University) ဟူ၍အမျိုးမျိုးခေါ်ဆိုတတ်ကြပါသည်။

ဥပမာအဖြစ် ၂၀၁၃ ခုနှစ် ချက်သမ္မတနိုင်ငံမှ စီးပွားရေးတက္ကသိုလ်၏ ဖွဲ့စည်းပုံတွင်

- Faculty of Management,
- Faculty of Business Administration,
- Faculty of Informatics and Statistics,
- Computer Centre,
- Institute of Property Appraisal,
- University the Third Age

အစရှိသဖြင့် ဌာန၊ မဟာဌာန၊ ကောလိပ်၊ တက္ကသိုလ်ဟူ၍ တက္ကသိုလ်တစ်ကျောင်းတည်းကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။ ဤအချက်သည် အမျိုးသားတက္ကသိုလ်နှင့် မိမိတက္ကသိုလ်ကောလိပ်ကို အစုအဖွဲ့ (Cluster)အဖြစ် ပူးတွဲဆောင်ရွက်ခွင့်ရှိကြောင်းကို ပေါ်လွင်ထင်ရှားစေပါသည်။ စင်စစ်တွင် အစုအဖွဲ့ဝင်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ ဘာသာရပ်အမျိုးမျိုးနှင့် နီးနွယ်သော သုတေသနလုပ်ငန်း (Inter Disciplinary Research) ပြုလုပ်ရာတွင် ဓာတ်ခွဲခန်း၊ စက်ကိရိယာ၊ ကြီးကြပ်မှု၊ ကျွမ်းကျင်မှုအရပ်ရပ်ကို အလွယ်တကူ လွှဲပြောင်းရယူနိုင်သည့် အခွင့်အလမ်းရှိပါသည်။ တစ်နည်းအားဖြင့် အမျိုးသားတက္ကသိုလ်များတည်ထောင်မည့်အစီအစဉ် အကယ်၍ရှိခဲ့လျှင် အဆိုပါအမျိုးသားတက္ကသိုလ်သည်ဘာသာစုံ တက္ကသိုလ် (Comprehensive / Multi-field University) နှင့် အလားသဏ္ဌာန်တူသည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။

အမေရိကန်နိုင်ငံနှင့် အာရှပစိဖိတ်နိုင်ငံအချို့တွင် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် တက္ကသိုလ်များ ရှိကြပါသည်။ နိုင်ငံပိုင်တက္ကသိုလ်များသည် တက္ကသိုလ်စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (Governing Board) အောက်တွင်ရှိ၍ တက္ကသိုလ်တည်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းထားသော နယ်မြေခံ ညှိနှိုင်းရေးဘုတ်အဖွဲ့ (Local Coordinating Boards) က တက္ကသိုလ်ကောလိပ်များကို အနီးကပ်ကြီးကြပ်ကြသည်ကို တွေ့ရပါသည်။

Ekdif&Sjc;ynmESifh tvkyftudkif&SmazG (Student/ Labour Overseas Mobility)

ကုန်ထုတ်လုပ်ငန်းတိုးတက်မှုသည် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။ ယခင် မြေယာ၊ လုပ်သားနှင့် အရင်းအနှီးသည် အဓိကစွမ်းအားစုများဖြစ်ခဲ့ကြပါသည်။ ယခုအခါ နည်းပညာဖွံ့ဖြိုးမှုက ပဓာနအခန်းက ပါဝင်လာပါသည်။ သဘာဝသယံဇာတကြွယ်ဝမှုသည် အားသာချက်တစ်ရက်မျှသာ ဖြစ်လာပါတော့သည်။

၂၀ ရာစုနှစ် နှောင်းပိုင်းမှစတင်၍ အဆင့်မြင့်ပညာကဏ္ဍကို ပိုမိုအာရုံစိုက်လာကြပါသည်။ သတင်းအချက်အလက် ဆက်သွယ်ရေးနှင့်အတူ ယာဉ်ရထား၊ ရေကြောင်းလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ ချောမွေ့လာသောကြောင့် ခရီးသွားလာမှု လွယ်ကူလာသဖြင့် လူငယ်လူရွယ်များ ရေခြားမြေခြား ခရီးထွက်၍ ပညာသို့မဟုတ် အလုပ်အကိုင် ရှာဖွေလျက်ရှိကြပါသည်။ ၂၀၁၄ ခုနှစ် မေ ၅ ရက်နေ့ထုတ် 7 Day Daily သတင်းစာတွင် Myanmar Survey Research (MSR) နှင့် International Republican Institutes (IRI) တို့က ကောက်ယူသော စစ်တမ်းအရ မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့နှုန်း ၁၉ ရာခိုင်နှုန်းရှိကြောင်းသိရပါသည်။

မြန်မာနိုင်ငံလုပ်သားများ 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ National Skills Standard Authority (NSSA) ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး National Skills Certification System ကို စင်ကာပူ ပိုလီနည်းပညာကျောင်းများ၊ ဂျပန်နိုင်ငံ JAVADA တို့နှင့် ပူးပေါင်း၍ သင်တန်းများပို့ချလျက်ရှိကြောင်းကို ၂၀၁၄ ခုနှစ် မေ ၅ ရက်ထုတ် Trade Times အရ သိရပါသည်။ ၂၀၁၅ ခုနှစ် ASEAN ECONOMIC COMMUNITY (AEC) ဖြစ်ပေါ်လာလျှင် အလုပ်

a'|uf/mouf/Ql;pDrDuf&;)

အကိုင်အခွင့်အလမ်းများ၊ လုပ်သားခံစားခွင့်နှင့် လစာနှုန်းထားများ တစ်ပြေးညီ ရရှိလာမည့်အပြင် လုပ်သားအရည်အသွေး 'စံ' နှုန်းများကိုလည်း ထည့်သွင်းစဉ်းစားလာစရာအကြောင်းရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် အင်ဂျင်နီယာအသင်းမှ သင်တန်းသား ၈၀ တို့အား (၁)နည်းပြ၊ (၂)အကဲဖြတ်ခြင်း၊ (၃)လုပ်ငန်းတွင်း လေ့ကျင့်ရေးနည်းပြ၊ (၄)သင်ကြားမှုဆိုင်ရာ ချဉ်းကပ်နည်းစနစ်အကြောင်း

တက္ကသိုလ်၊ ကောလိပ်များမှ အပ်နှင်းနေသော ဘွဲ့များကို . . .

များကို သင်ကြားပို့ချပေးခဲ့ပါသည်။

ta0;oifwuúodkvf (University of Distance Education)

မြန်မာနိုင်ငံအတွင်း၌ ၂၀၁၃ ခုနှစ်တွင် လူဦးရေ သန်းပေါင်း ၆၀ ခန့်ရှိပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ငါးသိန်းခန့်ရှိ၍ အောင်မြင်သူ နှစ်သိန်းခန့်ရှိကာ ပထမနှစ်ကျောင်းသားသစ်အဖြစ် တက္ကသိုလ်သို့ဝင်ရောက်လာသူ ခုနစ်သောင်းခန့်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်နေ့ကျောင်းမတက်ရောက်နိုင်သူ တစ်သိန်းခန့်ရှိပါသည်။

၁၉၇၆ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနက နေ့ကျောင်းသားအဖြစ် အချိန်ပြည့် ပုံမှန်တက္ကသိုလ်တက်ရန် အခက်အခဲရှိသူများအား အသက်အရွယ်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးပြီးနောက် တက္ကသိုလ်ကောလိပ်များက သင်ကြားပေးသော ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများအတိုင်း မခြွင်းမချန် သင်ခန်းစာအားလုံးကို စာပေးစာယူစနစ်ဖြင့် ပို့ချပေးခဲ့ပါသည်။ မိမိဝင်ငွေဖြင့် ရပ်တည်လာခဲ့သော စာပေးစာယူသင်တန်းသည် နောင်အခါအဝေးသင်တက္ကသိုလ် ဖြစ်လာပါသည်။ ဤစနစ်သည် ၁၉၉၈ ခုနှစ်မှစတင်၍ တက္ကသိုလ်ကောလိပ် အသီးသီး၌ ဖွင့်လှစ်ထားသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်း (Human Resource Development Program) အတွက် ရွှေ့ပြောင်းလုပ်ငန်းဖြစ်ခဲ့ပါသည်။

အဝေးသင်တက္ကသိုလ်တွင် စီမံအုပ်ချုပ်ရေး၌ ဝန်ထမ်းအား အပြည့်အဝရှိပြီး သင်ကြားရေးအပိုင်း၌ ဝန်ထမ်းအင်အားနည်းနေသဖြင့် ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်ကောလိပ်တိုင်း၌ အဝေးသင်ဌာနခွဲများဖွင့်လှစ်ကာ စာစဉ်စစ်ခြင်း၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွင် လက်တွေ့သရုပ်ပြသင်တန်းဖွင့်လှစ်ခြင်း၊ အတန်းတင်စာမေးပွဲအတွက် အနီးကပ်သင်တန်းများကို ပင်မတက္ကသိုလ်၊ ကောလိပ်ဌာနများမှ ဆရာ ဆရာမများအား ယာယီဖိတ်ခေါ်၍ စာပေပို့ချပေးလျက်ရှိပါသည်။ ပြဋ္ဌာန်းစာအုပ်၊ ရုပ်သံ၊ ရေဒီယိုမှတစ်ဆင့် သင်ခန်းစာများကို ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ချက်သမ္မတနိုင်ငံတွင် တန်းညှိစနစ်အရ အရည်အသွေးကို ထိန်းသိမ်းထားသောကြောင့် သင်တန်းသားများ ပုံမှန်တက္ကသိုလ်စနစ်အရဖြစ်စေ၊ အဝေးသင်စနစ်အရဖြစ်စေ ပုံမှန်နှင့်အဝေးသင်နှစ်မျိုးစလုံးအရ ဖြစ်စေ မိမိစိတ်ကြိုက်ဘာသာရပ်ကို ရွေးချယ်သင်ယူခွင့်ပြုထားပါသည်။ ဤအချက်သည် ပုံမှန်တက္ကသိုလ်မှ ကောင်းစွာ တတ်မြောက်အောင်မြင်ကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် အပ်နှင်းနေသော ဘွဲ့လက်မှတ်သည် အဝေးသင်တက္ကသိုလ်မှ အပ်နှင်းသောအလားတူ ဘွဲ့လက်မှတ်သည်လည်းတတ်ကျွမ်းမှုနှင့် အရည်အသွေးအရာ၌ တပ်တူထပ်မျှ တူညီနေကြောင်းကိုထင်ဟပ်စေပါသည်။

t&nftaoG;tmrcHcsuf (Quality Assurance)

ဝန်ကြီးဌာန(၁၃)ခု၏ကွပ်ကဲမှုအောက်တွင်ရှိသော တက္ကသိုလ်၊ ကောလိပ်များကဘွဲ့ကြို၊ ဘွဲ့လွန်၊ ပါရဂူ၊ ဒီပလိုမာစသဖြင့် ဘွဲ့လက်မှတ်အမျိုးမျိုးကို အပ်နှင်းလျက်ရှိရာ ပြည်တွင်း၌မည်သည့် တက္ကသိုလ်၊ ကောလိပ်မှ ဘွဲ့လက်မှတ် ရရှိသူဖြစ်စေ ဘာသာရပ်တူပြီး အကယ်၍ ဘွဲ့ချင်းတူခဲ့လျှင် ဘွဲ့ရယူထားသူတို့၏ အရည်အချင်းသည် မတိမ်းမယိမ်း တူညီနေရပါမည်။ တက္ကသိုလ်၊ ကောလိပ်များအကြား၌ ယင်းဘွဲ့နှင့်စပ်လျဉ်း၍ သင်ရိုးညွှန်းတမ်း၊ ပို့ချပုံ၊ စာမေးပွဲစနစ်၊ ဓာတ်ခွဲခန်း၊ သင်ထောက်ကူပစ္စည်းအစရှိသည်တို့ အခြေအနေအရပ်ရပ်ချင်း တူညီနေနိုင်သောကြောင့် အပ်နှင်းသော ဘွဲ့၏အရည်အသွေးမှာလည်း တူညီနေချေမည်ဟုမှတ်ယူစရာရှိပါသည်။ ထို့ကြောင့် ဘွဲ့ရများ၏ အရည်အချင်းကို နှိုင်းယှဉ်နိုင်ရေးအတွက် ထင်သာမြင်သာရှိသော အရည်အသွေးမူဘောင် (Qualification Framework,QF) တစ်ခုချမှတ်ထားရေးမှာ အရေးကြီးလာပါသည်။

ပထမအဆင့်တွင်အမျိုးသားအဆင့် အရည်အသွေး မူဘောင်(National Qualification Framework-NQF) ကိုချမှတ်ပြီးနောက် အာဆီယံနိုင်ငံများအကြား၌ ဘွဲ့လက်မှတ်ချင်းနှိုင်းယှဉ်နိုင်ရေးအတွက် အရည်အသွေးအာမခံ အာဆီယံတက္ကသိုလ် ကွန်ရက် (ASEAN University Network on Quality Assurance Framework-AUN-QAF) နှင့် ညှိနှိုင်းရန် လိုအပ်ပါမည်။ အာဆီယံတက္ကသိုလ်ကွန်ရက်အဖွဲ့ဝင်မြန်မာတက္ကသိုလ်များမှ ဆရာ ဆရာမအချို့အား အရည်အသွေးအာမခံ အာဆီယံတက္ကသိုလ်ကွန်ရက်နှင့်ချိတ်ဆက်၍ QA Assessor သင်တန်းများသို့စေလွှတ် ထားပြီးဖြစ်ပါသည်။

tvkyftudkiftcGifhtvrf; (Employment Opportunity)

မြန်မာနိုင်ငံအတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ဖြင့်စက်မှုဇုန်များကို တည်ထောင်လျက်ရှိနေသဖြင့် ရေနံဓာတ်ငွေ့ရှာဖွေရေး၊ သတ္တုတူးဖော်ရေး၊ ကောက်ပဲသီးနှံစိုက်ပျိုးရေး၊ ကျွဲနွားမွေးမြူရေး၊ ရေချိုရေငန်ငါး ပုစွန်မွေးမြူရေး၊ အထည်ချုပ်လုပ်ငန်း၊ ဧည့်ကြိုခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း အစရှိသော စားကုန်သောက်ကုန်ထုတ်လုပ်ရေး အပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း၌ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာစရာအကြောင်း ရှိသောကြောင့် ကျွမ်းကျင်လုပ်သားနှင့်အသိပညာရှင်၊အတတ်ပညာရှင်အများအပြား လိုအပ်လာလိမ့်မည်ဟု မျှော်မှန်းရပါသည်။ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းရပ်လုံးပေါ်လာလျှင် အာဆီယံဒေသတွင်း၌ ကျွမ်းကျင်လုပ်သားများ (Qualified Labour) လွတ်လပ်စွာဝင်ရောက်လုပ်ကိုင်ခွင့်ရကြမည်ဖြစ်သဖြင့် အရည်အချင်းတူညီသော အာဆီယံအဖွဲ့ဝင် မည်သည့်နိုင်ငံသားကိုမဆို မြန်မာနိုင်ငံ၌ အလုပ်ခန့်အပ်ရန်တာဝန်ရှိလာပါမည်။ မိမိနိုင်ငံသားများ၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုမှာ အာဆီယံအသိုက်အဝန်းမှ နိုင်ငံသားများနှင့် အလုပ်အကိုင်ယှဉ်ပြိုင်လျှောက်ထားရန် လိုအပ်ပါလိမ့်မည်။ သို့ဖြစ်၍ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းမှာ တက္ကသိုလ်ကောလိပ်များအတွက် အရေးတကြီးဖော်ဆောင်ရမည့်လုပ်ငန်းဖြစ်လာပါသည်။

အလုပ်ခန့်အပ်ရာ၌ ဘွဲ့အရတူညီနေသော်လည်းအရည်အသွေးအရာ၌ ကွဲလွဲမှုရှိနိုင်သဖြင့် ညှိနှိုင်းပေးရန် ရည်ရွယ်လျက် အရည်အသွေးစိစစ်ရေးနှင့် အသိအမှတ်ပြုရေး (Quality Assessment and Accreditation, QAA)အတွက် တက္ကသိုလ်၊ ကောလိပ်များ၏ စွမ်းဆောင်ရည် (Performance) ကို အကဲဖြတ်ရန်လိုအပ်လာပါသည်။ အစဉ်အလာအရ တက္ကသိုလ်၊ ကောလိပ်တိုင်းတွင် ဌာနတွင်း၌အရည်အသွေးကို အကဲဖြတ်သည့် (Internal Quality Assessment, IQA)အလေ့အထရှိနေပါသည်။ ဘွဲ့လွန်သင်တန်းပိုင်းတွင် ပြင်ပစာစစ်များအား ဖိတ်ခေါ်၍ အရည်အသွေးအကဲဖြတ်သည့် စနစ် (External Quality Assessment System, EQA)ကို ကျင့်သုံးနေပါသည်။

t&nftaoG;ujrwfa&;ESifh todtrSwfjyKa&; (Assessment and Accreditation)

တက္ကသိုလ်၊ ကောလိပ်များမှ အပ်နှင်းနေသော ဘွဲ့များကို ပြည်တွင်းနှင့် နိုင်ငံတကာ၌ အသိအမှတ်ပြုရေးအတွက် တက္ကသိုလ်ပြင်ပမှ သီးခြားလွတ်လပ်သောပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့က အကဲဖြတ်ပေးရန်လိုပါသည်။

နိုင်ငံအချို့တွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသော စိစစ်ရေးနှင့် အကဲဖြတ်ရေးအဖွဲ့ (HEI Assessment and Accreditation Committee) ကို တက္ကသိုလ်၊ ကောလိပ်များမှ ဝါရင့်ပညာရှင်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအပိုင်းမှ ကိုယ်စားလှယ်များ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ အမျိုးသားစံချိန်စံညွှန်းနှင့် အကဲဖြတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတတ်ကြပါသည်။

စာမျက်နှာ ၂၀ သို့

မြန်မာ့ပင်ရင်းတိုက်ခံ့မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာဖိတ်ခေါ်ခြင်း

ရွှေပုပ္ပားကျွန်းမာရေးစောင့်ရှောက်မှုသင်တန်း

ရွှေပုပ္ပားအများကုဆေးခန်း

ရှေးဟောင်း၂ထပ် သစ်သိမ်ကြီးဖျက်ရောင်းမည်
အလျား×အနံ 45'၊ အမြင့် 30'

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေငြာခြင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စာမျက်နှာ ၁၉ မှ
စိစစ်ရေးနှင့် အကဲဖြတ်ရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) တက္ကသိုလ်ကောလိပ်များ၏ ပို့ချရေးအစီအစဉ် (Program of Study/Course)နှင့် ဝန်ဆောင်မှုအရပ်ရပ်တို့အား အဆင့်သတ်မှတ်ရန်၊

(၂) တက္ကသိုလ်ကောလိပ်များ၏ **ပညာရေးအဝန်းအဝိုင်း** (Academic Environment)၊ **သင်ကြားရေးအရည်အသွေး** (Quality of Teaching) နှင့် **သုတေသနလုပ်ငန်းများ** (Research Projects) ပိုမိုတိုးတက်စေရေးအတွက် ပံ့ပိုးအားပေးရန်၊

(၃) တက္ကသိုလ်ကောလိပ်များသည် နိုင်ငံ၏ ပညာရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ (Reforms) ကို ဖော်ဆောင်ရာတွင် အခါအားလျော်စွာ အကြံဉာဏ်များပေးရန်၊

(၄) တက္ကသိုလ်ကောလိပ်များက တီထွင်ကြံဆမှုကို အားပေးသည့်အပြင် အပ်နှင်းနေသော ဘွဲ့အားလုံး အရည်အသွေးပြည့်မီကြောင်း အာမခံရန်၊

ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ထက်မြက်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များအား ဖိတ်ခေါ်၍ သင်တန်းများပေးခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း၊ ထူးချွန်သူများအား ထိုက်သင့်သည့် အခွင့်အရေးများ ခံစားခွင့်ပေးခြင်းတို့ဖြင့် သင်ကြားရေးနှင့် စီမံဝန်ထမ်းများ၏ အရည်အချင်းကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများက (ISO International Organization for Standardization) လက်မှတ်ကို ရယူထားကြပါသည်။ အဆင့်မြင့်ပညာကဏ္ဍအပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်၌ရှိသော မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့သည် ISO လက်မှတ် ရယူထားသည့်နည်းတူ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ် စသည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်များကလည်း အလားတူ ISO လက်မှတ်များ ရယူထားသင့်သည်ဟုယူဆကြောင်း အကြံပြု တင်ပြအပ်ပါသည်။ ■

ယခုနှစ် ဖျာပုံမြို့နယ် မဟာသင်္ကြန်တွင် ခိုက်ရန်ဖြစ်ပွားမှုနည်း

ဖျာပုံ၊ မေ ၂၂

ဖျာပုံခရိုင်၊ ဖျာပုံမြို့တွင် ယခင်နှစ်များနှင့်မတူ ယခုနှစ်မဟာအတာသင်္ကြန်ကာလအတွင်း တမူထူးခြားစွာ တစ်ပိုင်တစ်နိုင် မိမိတို့၏ အိမ်ရှေ့များ၌ အုန်းလက်မဏ္ဍပ်များတွင် ရေကစားကြပြီး၊ ရေပက်ခံထွက်သူပြည်သူများကလည်း ခြေလျင်၊ ဆိုင်ကယ်များဖြင့်သာ အဓိကအားထားရေပက်ခံထွက်ကြကြောင်း တွေ့ရှိရသည်။

ယခုနှစ်တွင် (၂)လမ်း၊ ဂူကြီးကျောင်းအနီး ပင်လယ်ကျားပိုက် ရေလုပ်ငန်းရှင်အသင်း ရေကစားမဏ္ဍပ်တစ်ခုတည်းသာ အကြီးဆုံးမဏ္ဍပ်နှင့် အစည်ကားဆုံးရေကစား၊ ရေပက်ခံမဏ္ဍပ်တွင်သာ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြပြီး၊ အဆိုပါမဏ္ဍပ်တွင် သင်္ကြန်အကြတ်နေ့ညပိုင်း ဖျော်ဖြေမှုအစီအစဉ်တွင် ယိမ်းအကများ၊ သံချပ်အဖွဲ့များ ကပြဖျော်ဖြေခဲ့ရာ လမ်းပိတ်ဆို့ သွားသည်အထိ ပြည်သူများ ကြိတ်ကြိတ်တိုး အားပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဖျာပုံမှာ အရင်နှစ်တွေက မဏ္ဍပ်ကြီးတွေ အပြိုင်အဆိုင်ဆောက်ပြီး ရေကစားကြတော့ မူးယစ်သောက်စားတာတွေ၊ ရန်ဖြစ်တာတွေ၊ ယာဉ်တိုက်မှုဖြစ်တာတွေကို တွေ့ရပါတယ်။ အခုနှစ်မှာတော့ မဏ္ဍပ်ကြီးတွေ မရှိတော့ဘဲ ရပ်ကွက်တွေက လူငယ်တွေ မိမိတို့အိမ်ရှေ့မှာ အုန်းလက်မဏ္ဍပ်တွေပဲဆောက်ပြီး ရေကစားတော့ တစ်မြို့လုံးကို လည်းပြီး ရေပက်ခံထွက်တဲ့ ပြည်သူတွေ မြန်မာ့ယဉ်ကျေးမှုနဲ့အညီ အေးချမ်းသာယာစွာ ရေကစားကြပါတယ်" ဟုဖျာပုံမြို့နယ်တွင် နေထိုင်သူတစ်ဦး ကပြောသည်။

ရေပုံးတွေ၊ရေခွက်၊ရေပြွတ်တံလေးတွေ၊ရေပိုက်အသေးစားလေးတွေနဲ့ ရေလောင်းရေကစားနေတာဆိုတော့ပိုပြီး အန္တရာယ်ကင်းတာပေါ့ဗျာ။ ဒီနှစ်မဟာသင်္ကြန်ကာလအတွင်းမှာ လူငယ်လူရွယ်တွေဒုလ္လဘရဟန်းဝတ်ပြီး တရားစခန်းဝင်ကြတာများပါတယ်" ဟု ၎င်းကပြောသည်။

ယခုနှစ် ဖျာပုံသင်္ကြန်ကာလအတွင်း ခိုက်ရန်ဖြစ်ပွားမှုနည်းပါးပြီး တန်ခိုးကြီးဘုရားများတွင် ကောင်းမှုကုသိုလ်ပြုလုပ်သူ များပြားကြောင်း သိရသည်။

ပြည်လုံးချမ်းသာ ဆုတောင်းပြည့်မဟာစည်သာစည် ဘုရားကြီးတွင်လည်း ဘုရားဖူးများ ပိုမိုများပြားစွာလာရောက်ဖူးမြော်ကြကြောင်း တွေ့ရှိရသည်။

မေ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် ဖျာပုံမြို့ ရပ်ကွက်အသီးသီး လမ်းဆုံလမ်းခွများတွင် အန္တရာယ်ကင်းပရိတ်တရားတော်နာခြင်း၊ ဘိုးဘွားများကို လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဇီဝတိဒါန သက်လွှတ်ပွဲများကို ဖျာပုံမြို့ပေါ် ရပ်ကွက်အားလုံးနီးပါး စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ-ဖျာပုံ**

နွေရာသီတွင် ဒေသထွက် ထန်းလက်ထိုင်ခုံများ ပိုမိုအရောင်းသွက်

စစ်ကိုင်း၊ မေ ၂၂

နွေရာသီပူပြင်းလာသည်နှင့်အမျှ အေးအေးလူလူ နားနေအပန်းဖြေလိုသူများ နှစ်သက်သဘောကျသည့် ဒေသထွက် ထန်းလက်ကုလားထိုင်များ အရောင်းသွက်လာကြောင်း သိရသည်။

"ဈေးနှုန်းအနေနဲ့ကတော့ ကျပ်နှစ်ထောင့်ငါးရာကနေ ကျပ်ရှစ်ထောင်အထိ ရောင်းကြတယ်။ အများဆုံး ရောင်းချရတာက ကျပ်ငါးထောင်ဝန်းကျင် ထိုင်ခုံတွေပါ။ နွေရာသီမှာ ထိုင်ရအိပ်ရတာ အေးမြတော့ ပိုပြီး အရောင်းသွက်တယ်။ အများစုက စုံတွဲတွေ လာတတ်တော့ စုံတွဲခုံတွေကို သဘောကျလို့ ဝယ်ကြတယ်။ တောင်သမန် အင်းတို့၊ ကန်တော်ကြီးတို့မှာရှိတဲ့ချစ်သူစုံတွဲတွေအထိုင်များတဲ့ စားသောက်ဆိုင်တွေက အများဆုံး ဝယ်ယူကြတာပါ" ဟု ထန်းလက်ခုံ လုပ်ကိုင်ရောင်းချသူတစ်ဦးက ပြောသည်။

ထန်းလက်ကုလားထိုင် လုပ်ကိုင်ရောင်းချသူများသည် ထန်းပင်အမြောက်အမြားရှိသည့်ဒေသမှ သင့်လျော်သည့် ထန်းလက်များကို ထန်းလက်တစ်ဖတ်လျှင် ၂၅ ကျပ်၊ ကျပ် ၃၀ စသည်ဖြင့် ဝယ်ယူကာ မိုးရေမစိုစွတ်၊ မိုးရေမထိအောင် သိုလှောင်ထားကြရသည်။

ထန်းလက်များ ခြောက်သွေ့ချိန်ရောက်ရှိမှ ကုလားထိုင်လုပ်ကိုင်ကြပြီး မိုးရေနှင့်ထိလျှင် အရောင်အဆင်း ပျက်တတ်သဖြင့် ထန်းလက်ဖက်များနှင့် ပြုလုပ်ပြီး ကုလားထိုင်များကို မိုးရေမစိုစွတ်အောင် ထားရှိရောင်းချကြသည်။

ထန်းလက်ထိုင်ခုံတစ်လုံးလျှင် ထန်းလက်ပြား ၂၀ခန့်အသုံးပြုလုပ်ကိုင်ရကြောင်း၊ တစ်ယောက်ထိုင်ခုံ၊ နှစ်ယောက်တွဲထိုင်ခုံ၊ စားပွဲခုံ၊ဆော့ကုလားထိုင် စသည်ဖြင့်သုံးစွဲသူများ ကြိုက်နှစ်သက်အောင် တီထွင်လုပ်ကိုင် ပေးကြရကြောင်း၊ နှစ်ယောက်တွဲ ထိုင်ခုံများမှာ ချစ်သူစုံတွဲများလာရောက်စားသောက်ကြသည့် အပန်းဖြေစားသောက်ဆိုင်ကအများဆုံး ဝယ်ယူကြပြီး တစ်ယောက်ထိုင်ရှယ်ခုံကြီးများကိုမူ မိသားစုထိုင်ရန် ဝယ်ယူကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စစ်ကိုင်း-ရွှေဘိုလမ်းရှိ၊ သိမ်တော်ကုက္ကိုတန်းဈေး၊ နတ်ခရိုင်ကုက္ကိုတန်းတို့တွင် အများအပြား ပြုလုပ်ရောင်းချလျက်ရှိပြီး စစ်ကိုင်းမြို့ပေါ်တွင်လည်း ပြုလုပ်ရောင်းချကြောင်း သိရသည်။

ဒေသထွက်ထန်းလက်ကုလားထိုင်များ ရောင်းချသည့်ဆိုင်တွင် ဝယ်ယူရန် စိတ်ဝင်တစားကြည့်ရှုနေသူတစ်ဦးကို တွေ့ရစဉ်။

ထန်းလက်ထိုင်ခုံများသည် ရာသီဥတုနှင့် လိုက်လျောညီထွေရှိခြင်းကြောင့် အများစုက ဝယ်ယူအသုံးပြုကြကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

နတ်ကျွန်း-ကင်ပွန်းခါးရွာ၌ သဒ္ဓမ္မမာမက ယဉ်ကျေးလိမ္မာသင်တန်း ဒုတိယအကြိမ်မြောက် ဖွင့်လှစ်

နတ်ကျွန်း၊ မေ ၂၂

သဒ္ဓမ္မမာမက ယဉ်ကျေးလိမ္မာ (ဒုတိယအကြိမ်မြောက်) သင်တန်းဖွင့်ပွဲနှင့် အကြိုဓမ္မသဘင်ပွဲကို မေ ၂၀ ရက် ည ၈ နာရီတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်မည့် နတ်ကျွန်း-ကင်ပွန်းခါးကျေးရွာ၊ သဒ္ဓမ္မမာမက ဘုန်းတော်ကြီးကျောင်း၌ ပခုက္ကူမြို့ မဟာဝိပုလာရာမ (မန္တလေးတိုက်)ဆရာတော်၊ သာသနဓဇဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပညိန္ဒက ယဉ်ကျေးလိမ္မာသင်တန်းတွင် တရားဟောကြားပြသခဲ့ပြီး တရားပွဲမှ အလှူခံရရှိငွေများအား အဆိုပါ သင်တန်းအတွက် ဆရာတော်က လှူဒါန်းခဲ့သည်။

သဒ္ဓမ္မမာမက ယဉ်ကျေးလိမ္မာ (ဒုတိယအကြိမ်မြောက်) သင်တန်းဖွင့်ပွဲကို မေ ၂၁ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီ အထိတစ်ကြိမ် တစ်ရက်လျှင် နှစ်ကြိမ်စီဖြင့် သင်တန်းကာလ တစ်လကြာမြင့်မည် ဖြစ်သည်။

နတ်ကျွန်း-ကင်ပွန်းခါးကျေးရွာ သဒ္ဓမ္မမာမကကျောင်း နာယကဆရာတော် ဘဒ္ဒန္တကုမာရက ကြီးမှူးလျက် တပည့်ရဟန်းသံဃာတော်များက သင်တန်းသား ၁၄၉ ဦးတို့အား ယဉ်ကျေးလိမ္မာသင်ခန်းစာများကို သွန်သင်ဆုံးမသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင် ခံခွက်မမေ့နှင့်

ရွှေပါရမီကျွန်းမာရေးဖောင်ဒေးရှင်းမှ မြင်ပလူနာ၊ ခွဲစိတ်လူနာ(၉၃၃၇)ဦးတို့အား
အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို မိုးကုတ်မြို့နယ်အသင်းမှ အထူးကျေးဇူးတင်လွှာ

မိုးကုတ်မြို့နယ်အသင်း

ပါမောက္ခဦးခင်မောင်ဝင်း၏ ကျန်းမာရေးဟောပြောပွဲ

မြတ်ဆရာမှုဇော်ပွဲဖိတ်ကြားလွှာ

ကြော်ငြာ

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးစိုးမြင့်**(ဒုတိယဌာနမှူး-ငြိမ်း)နှင့် ချစ်မေမေ **ဒေါ်ငြိမ်းငြိမ်းဝင်း** (ဒုတိယဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏ ၂၃-၄-၂၀၁၄ ရက်တွင် ကျရောက်သည့် နှစ်(၄၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်သော မိသားစုဘဝခရီးလမ်းကို လျှောက်လှမ်း၍ သာသနာ့အကျိုးများ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ဦးရဲသူရစိုး (အင်/ယာလမ်းတံတား) YCDC
ဒေါ်ကလျာချောစုရီ (အင်/ယာအဆောက်အအုံ)YCDC
ချစ်သမီးလတ် - ဦးဆန်းမင်း } စိတ်ကြိုက်
- ဒေါ်အေးသီတာစိုး(ခ)အိဖြူ } စားသောက်ဆိုင်၊မ/ဒဂုံ
ချစ်သားငယ် - ဗိုလ်ကြီးဟိန်းလတ်အောင်(မြဝတီရုပ်မြင်သံကြား)
- ဒေါ်ရွှေဝတ်ရည် (ရွှေဝတ်ရည်မိတ်ကပ်-ဆံပင်)
ချစ်မြေးများ

ရွှေရတုချိန်ခါ-နှစ်(၅၀) မင်္ဂလာဆုတောင်းလွှာ

သားသမီးများနှင့် မြေးအားလုံး၏ ချစ်ခင်လေးစားအားကိုးရသော ဖေဖေ-မေမေ၊ ဘိုးဘိုး-ဘွားဘွား **ဦးတင်မောင်ဝင်း**နှင့် **ဒေါ်ဖွားသန်း**တို့၏ အိမ်ထောင်သက်နှစ်ငါးဆယ် (၅၀)ပြည့်သော ၂၃-၄-၂၀၁၄ရက် ရွှေရတုရက်မြတ်မင်္ဂလာနေ့မှစ၍ စိန်ရတုကျော်လွန် နှစ်တစ်ရာမက သက်ရှည်ကျန်းမာချမ်းမြေ့စွာဖြင့် ချစ်သားသမီးများ၊ မြေးများနှင့်အတူတကွ နေထိုင်ရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားသမီးများ

ဗိုလ်မှူးစည်သူ(ငြိမ်း)-ဒေါ်ခိုင်ခိုင်တင်
ဒေါ်သူဇာတင်
ဒုတိယဗိုလ်မှူးကြီး စိုးမင်းသူ(ငြိမ်း)-ဒေါက်တာနီလာတင်မောင်ဝင်း

မြေးများ

ထက်ထက်ဦး၊ ယမင်းအေး၊ စံထိပ်ထားလင်း၊
ထက်နန္ဒာအောင်၊ ဆုရတီစိုး၊ အောင်ကောင်းဆက်

မွေးနေ့ဆုမွန်လွှာ

အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ပုံကိုင်မှူး တစ်ယောက်ဖြစ်တဲ့ ကျောင်းအုပ်ဆရာမကြီး **ဒေါ်မိုးမိုး**၏ (၂၃-၄-၂၀၁၄) မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး အမျိုး ဘာသာ သာသနာ့အကျိုးကို ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

အမေ့အိမ်တာဝန်ခံကျောင်းအုပ်နှင့်
ဆရာ ဆရာမများ

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်/ ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက်၊ Expression of Interest (EOI) အဆိုပြုလွှာပေးပို့တင်ပြရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် ရထားပြေးဆွဲခြင်းလုပ်ငန်းများနှင့် လွတ်ကင်းပြီး အနာဂတ်စီမံကိန်းလျာထားချက်များတွင်မပါရှိသော အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင် မြေကွက်(၃)ကွက်ကို စီးပွားရေးအရ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest (EOI) အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဝါတန်း(၁)လမ်းထောင့်ရှိ မြေကွက် ပေ(၁၁၇×၅၀) **နှစ် (၃၀)လုပ်ကိုင်ခွင့်ပြုပါမည်။**
(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရှေ့၊ ဗဟိုလမ်းမဘေးရှိ မြေကွက် ပေ(၄၁၆× ၄၀) **နှစ်(၃၀)လုပ်ကိုင်ခွင့်ပြုပါမည်။**
(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်မြောက်လမ်းဆုံအနီး၊ တိုးကြောင်ကလေးဘူတာယာဒ်ဝင်း၊ အမှတ်(၂) လမ်းမကြီးဘေးရှိ မြေကွက် ပေ(၃၀၀×၁၅၀)၊ **(၁၅)နှစ်လုပ်ကိုင်ခွင့်ပြုမည်။**

၂။ အထက်ပါ မြန်မာ့မီးရထားပိုင်မြေနေရာအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest(EOI) (ဆောင်ရွက်လိုသောလုပ်ငန်း ဖော်ပြရပါမည်။) အဆိုပြုလွှာများကို ၇-၅-၂၀၁၄ရက်(ရုံးချိန်အတွင်း) နောက်ဆုံးထား၍ မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး (ပထမထပ်)သို့ ပေးပို့သွားရန်ဖြစ်ပါကြောင်းနှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ ပေးပို့လာသည့် (EOI) အဆိုပြုလွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ မြေကွက်(၁)ကွက်ချင်းအလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းအမျိုးအစား ရွေးချယ်သတ်မှတ်ပြီး ဒုတိယအဆင့် Open Tender ထပ်မံခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊
မိမိ မိသားစုအတွက်ဖြစ်စေ သင်ထားပါ။

အေးမွန်ရတနာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဒေါ်ခင်ဝင်းရီ B.A, B.Ed

အမှတ်-၃၉(ဂ)၊ အောင်ဇေယျလမ်းမကြီး၊
ကျောက်ကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့နယ်
အိမ်သင် - (တာမွေ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်း) နယ်မှလူများအတွက် အဆောင်ရှိသည်။
ဖုန်း - ၅၇၉၈၂၅၊ ၅၆၄၇၃၆၊ ၀၉-၄၂၀၃၂၀၃၆၈၊ ၀၉-၄၂၀၀၀၆၈၀၉

မွေးနေ့ဆုမွန်လွှာ

"**အမေ**" တစ်ယောက်၏ မေတ္တာမျှောနှင့်မခြား သင်ကြားလေ့ကျင့်စီမံအုပ်ချုပ်သော အမေ **ဒေါ်မိုးမိုး**၏ (၂၃-၄-၂၀၁၄) မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ထူးချွန်သောတပည့်များ မွေးထုတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

ချစ်တပည့်များ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(ခ/၁၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၆၀/ခ)၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးမောင်အေး+ဦးခင်မောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား (၂၀၁၁)ခုနှစ် တရားမကြီးမှုအမှတ်(၄၇/၂၀၁၁) အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၅/၂၀၁၂) နှင့် ဘီလစ်အရာရှိခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် ဂရန်မူရင်းတင်ပြ၍ တရားရုံး(ဦးခင်မောင်) ကိုယ်စားဘီလစ် ဦးဆောင်းလွင်ဦး[၁၂/တမန(နိုင်) ၀၂၉၅၃၁]နှင့် ကျန်အမည်ပေါက် ဦးမောင်အေး (P/RGN-၀၀၃၂၅၆)တို့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာဒါနအလှူရှင်သို့ မွေးနေ့ဆုမွန်

မြိုင်သီလာမွှေ့စာသင်ကျောင်း၏ ပညာဒါန အလှူရှင် ဆရာမ **ဒေါ်မိုးမိုး** (အမေ့အိမ်ကိုယ်ပိုင်ကျောင်း) ၏ (၂၃-၄-၂၀၁၄) တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နှစ်ပေါင်းများစွာ ပညာရေးအလှူ ဘာသာရေးအလှူများဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ။

ဆရာလေး ဒေါ်သုနန္ဒာနှင့် ကျောင်းအကျိုးဆောင်အဖွဲ့
ရွှေပြည်သာ

စာအုပ်စာပေ လူ့မိတ်ဆွေ

အမေ့အိမ်အတွက် မွေးနေ့ဆုမွန်

[illegible] အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ ကျောင်းအုပ်ဆရာမ **ဒေါ်မိုးမိုး**၏ (၂၃-၄-၂၀၁၄) တွင်ကျရောက်သော မွေးနေ့မှသည် မွေးနေ့ပေါင်းများစွာ အလှူအတန်းများဖြင့် ပျော်ရွှင်စွာ ကျင်းပနိုင်ပါစေ။

[illegible]
မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

KBZ Industries Ltd.,

ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး(ပင်းပက်ဒေသ)ရှိ တစ်ရက် တန်(၁၀၀၀)ကျ ကမ္ဘောဇ ဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေးများအား စက်ရုံအရောက် နေ့စဉ် တန်(၁၀၀) စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေး လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ ၂၂-၄-၂၀၁၄ ရက်မှစ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် မေးမြန်းစုံစမ်းနိုင်ပါသည်-

KBZ Industries Ltd
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ Strand Condo၊ (ဒု)ထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

"နိုင်း ခွန် နောင်" ကုမ္ပဏီ (ထိမ်း မြား ရေး) နှင့် ဥပဒေအကြံပေးလုပ်ငန်း

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ တွံ့ဖက်မြို့နယ်တရားသူကြီး(၁)ရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဒေါ်ဆွေဇင်သိမ်း နှင့် ၁။ ဒေါ်ဒေါ်န်(ခ)ဒေါ်တိုးတိုး ၂။ ဦးလှကျော် ၃။ ဒေါ်ချိုချိုမာ
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၁၀၈၃/ခ)နေ ဒေါ်ဒေါ်(န်)(ခ)တိုးတိုး၊ (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၉)လမ်း၊ အမှတ်(၂၆၉/ခ)နေ ဦးလှကျော်၊ ဒေါ်ချိုချိုမာ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဧပြီလ ၃၀ရက် (၁၃၇၆ခုနှစ်၊ ကဆုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်ဝယ်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဧပြီလ ၁၁ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ထွေး)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)၊
တောင်ဥက္ကလာပမြို့နယ်တရားရုံး

(၃)နှစ်ပြည့် လွမ်းဆွတ် သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒကာကြီး

ဦးချစ်ခင် အသက် (၆၂)နှစ်

ဆင်မင်း-စိန်ရွှေရတနာဆိုင်

(ပေါင်မြို့)

မမျှော်လင့်ပဲ ခွဲခွာသွားခဲ့တာ (၃)နှစ်ရှိခဲ့ပါပြီ။ မိသားစုအတွက် တာဝန်ကျေပွန်ခဲ့သူဖြစ်လို့ မြင့်မြတ်တဲ့ ခွဲခွာခြင်းလို့မှတ်ယူပြီး ရင်ထဲမှာ အမြဲတမ်းတမ်းတနိုးထားလျက်ပါအဖေ။ အဖေနဲ့ အတူရှိစဉ်ကပြုခဲ့သော ကုသိုလ်ကောင်းမှုများနှင့် ယခုပြုလုပ်ဆဲကုသိုလ်ကောင်းမှု များကို မြင့်မြတ်၍ အေးချမ်းသောဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ ...။

- ချစ်ဇနီး - ဒေါ်အေးမြိုင်
- သမီးကြီး - မအိမြိုးဝေ
- သား - မောင်ဟေမာအောင်
- သမီးလတ် - မွေ့ဟန်ညီမြိုး
- သမီးငယ် - မဆုတာနမြိုး (ဆင်မင်း-စိန်ရွှေရတနာဆိုင်) မိသားစု ပျော်ဘွယ်မြို့

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးလွန်းကြည်(ရေစကြို)

ဦးစီးအရာရှိ(ဆ/မ-ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ ၂၃-၄-၂၀၁၄ရက်တွင် တစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း ဖခင်ကြီး၏ ကျေးဇူးတရားများနှင့် ဆုံးမသြဝါဒများကို တစ်နေ့မှမမေ့မရပါ။ ဖခင်ကြီးအား ရည်စူး၍ ပြုလုပ်ခဲ့သော လှူဒါန်းမှုအစုစုကို ဖခင်ကြီးအား အမျှပေးဝေပါသည်။

မြင့်မြတ်သောဘုံဘဝမှ အဖေ သာဓုခေါ်ပါ။

အဖေရေ အမျှ . အမျှ . အမျှ

မိခင်ကြီး-ဒေါ်ခင်မြင့်မြင့်နှင့်

သားသမီးမြေးတစ်စု

ဒေါ်အေးသန့် (၈၆)နှစ်

(ကွမ်းသဲရွာ၊ ချောင်းဆုံ/သထုံ)

သထုံမြို့၊ မြို့ပတ်လမ်း၊ အမှတ် (၂၀၀)နေ (ဦးမြခက်-ဒေါ်သင်ရွှေ)တို့၏သမီး၊ (ဦးအုန်းသန့်)၏ဇနီး၊ (ဒေါ်မြ သန်း)၊ (ဦးသိန်းလွင်)တို့၏ ညီမ၊ ဒေါ်ခင်ညွန့်၏ အစ်မ၊ ဒေါက်တာမောင်မောင် (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)-ဒေါ်ခင်ပုလဲ (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးမျိုးမြင့်-ဒေါ်ရီ၊ ဒေါ်အေးအေးသန်း၊ ဒေါ်လှလှသန်း-ဦးခင်မောင်လှ၊ ဦးကျော်ကျော်-ဒေါ်အေးအေးလှိုင်၊ ဒေါ်ဝါဝါသန်း-ဦးသန်းထွေးတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်အေးသန့်သည် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သထုံမြို့ ကျောက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ခင်မြ(တောင်ငူ)

အသက်(၉၄)နှစ်

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင်၏မိခင် ဒေါ်ခင်မြ အသက်(၉၄)နှစ်သည် ၁၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတိုင်းဒေသကြီးစစ်တုရင်

ဆပ်ကော်မတီအဖွဲ့၊ မန္တလေးမြို့

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu Cheuchina (၇၈)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မွန်လွကျေးရွာနေ Pu Liansela -Pi Lalrot- uaii တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ် မြို့နယ်၊ ဆင်ရေတွင်းလမ်း၊ (၂၂/ပထမထပ်)နေ Pi Roengi ၏ ချစ်လှစွာသောခင်ပွန်း၊ Pi Laldinthair-Rev. Lal Ro Hngak, Pi Tlangneihnuni-Pu Zosanga(L), Kamneithangi, Pi Zoramvuli-Pu Lalruatliana, Pu Lalsawizama (Principal, STEP Centre for Acadamic, Kamayut)-Pi Pamela D.Linsted Zama တို့၏ချစ်လှ စွာသောမွေးသဖခင်၊ Malsawmtlu-angi, Rebecca Van Cermawii, Zothanmawii, Lalrindingi, Joseph Lalmuanpuia, Malsawmsangi, Benjiamin Zoramliana, Zakaria Linsted Zama, Kyron Moriah Linsted Zama တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၄-၂၀၁၄ရက် နံနက် ၂း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အင်းစိန်လမ်းမကြီး၊ ဆင်ရေတွင်းလမ်း နေအိမ်နှင့် ဆူးလေ (မောရှေလဘုရားကျောင်းရှေ့)မှကားများ မွန်းလွဲ ၁း၃၀ နာရီ၊ မြောက်ဒဂုံ (မန္တလေးမှတ်တိုင်)၊ အင်းစိန်(သရက်တောဘိုကုန်း-ပန်းခြံ)တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါ မည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်

စာရေးဆရာ၊ သတင်းစာဆရာကြီး

ဟံသာဝတီ ဦးဝင်းတင်

အသက်(၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ၊ စာရေးဆရာ၊ သတင်းစာ ဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် နိုင်ငံရေးလောကအတွက် လည်းကောင်း၊ ဒီမိုကရေစီရေးအတွက် လည်းကောင်း ဆုံးရှုံးမှုကြီးဖြစ်သဖြင့် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းအလုပ်အမှုဆောင်အဖွဲ့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ

စာရေးဆရာ၊ သတင်းစာဆရာကြီး

ဟံသာဝတီဦးဝင်းတင်

အသက်(၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ၊ စာရေးဆရာ၊ သတင်းစာ ဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲရ ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟန်းမြို့နယ်

ဦးတင့်လွင် (၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၃၄၄/B)၊မြေညီထပ်နေ (ဦးဝင်းအောင်-ဒေါ်ကျင်တင်)၏သားကြီး၊ ဒေါ်ရင်မြ၏ခင်ပွန်း၊ ဒေါ်မြကြည်၊ ဦးကရင်၊ ဦးမောင်မောင်(ဟောင်ကောင်)၊ ဒေါ်ရှုကြည် (ဟောင်ကောင်)တို့၏အစ်ကိုကြီး၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်စမ်းစမ်းဝင်း (Shwe Toung Co.,)၊ ဦးဉာဏ်ဝင်းထွန်း-ဒေါ်မိုးမိုးလှိုင်၊ ဒေါ်ခိုင်ခိုင်တင့် (T.Z.T.M CO.,)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင့်လွင်သည် ၂၁-၄-၂၀၁၄ရက် နံနက် ၈း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ

စာရေးဆရာ၊ သတင်းစာဆရာကြီး

ဟံသာဝတီဦးဝင်းတင်

အသက်(၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင် ပြည်သူ့သတင်းစာဆရာကြီး၊ ဒီလှိုင်းစာစောင် ပဲ့ကိုင်ဦးဆောင်ခဲ့သူ ဖခင်ကြီး ဆရာဦးဝင်းတင် ကွယ်လွန်ခြင်းသည် စာပေနှင့်နိုင်ငံရေးလောကအတွက်လည်းကောင်း၊ အဖွဲ့ချုပ်အတွက်လည်းကောင်း ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးအတွက် လည်းကောင်း အနိုင်းမဲ့ဆုံးရှုံးခြင်းဖြစ်သဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒီလှိုင်းစာစောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိ

စာရေးဆရာ၊ သတင်းစာဆရာကြီး

ဟံသာဝတီဦးဝင်းတင်

အသက်(၈၅)နှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ၊ စာရေးဆရာ၊ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲရ ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကင်းမြို့နယ်

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မြင့်ထွန်း အသက်(၆၀)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့သစ်နေ (ဦးထွန်းမြင့်-ဒေါ်ထွန်း)တို့၏သမီး၊ ဒေါ်နွဲ့၏ညီမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၁၆)၊ ပထမထပ်နေ ဦးညီညီ၏ဇနီး၊ ကိုမျိုးကိုကိုထွန်း- Josephine Loo၊ ကိုမျိုးညီညီထွန်း၊ ကိုမျိုးမောင်မောင်ထွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ Anderson Loo, Christopher Loo တို့၏အဘွား ဒေါ်ခင်မြင့်ထွန်းသည် ၂၀-၄-၂၀၁၄(တနင်္ဂနွေနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၄ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ထွင့်

အမှတ်(၁)၊ ရေနံချက်စက်ရုံ(ငြိမ်း)

အသက်(၆၃)နှစ်

သန်လျင်မြို့၊ ရုံးတော်ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(B-5)နေ ဒေါ်မြတ်မြတ်ထွေး၏ ခင်ပွန်းသည် ၁၈-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မုဒိတာလူမှုဖွံ့ဖြိုးရေးစင်တာ(သန်လျင်မြို့)

အထူးဝမ်းနည်းကြေကွဲခြင်း

ယခင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (Burma Journalists Association)၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး သတင်းစာဆရာတစ်ဦးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့သော သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် သည် ၂၁-၄-၂၀၁၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် အထူး ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံသတင်းစာဆရာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက်(၈၃)နှစ်

ဦးမောင်မောင်ကြီး-ဒေါ်တင်တင်မွေး (Natural Clay Co.,Ltd)တို့၏ဖခင် ဦးရွှေသည် ၆-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးသောင်းလွင်-ဒေါက်တာ ရီရီထွေးနှင့် မိသားစု

အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၂၉)တွင် ဖွင့်လှစ်ထားသည့် ငွေကြိုးကြာဝန်ဆောင်မှုကုမ္ပဏီလီမိတက်(ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ၊ လိုင်စင်အမှတ် ၅၆/၂၀၁၂)သည် နာမည်ကောင်းဖြင့် မှန်ကန်စွာလုပ်သားများ ပို့ဆောင်ပေးနေသော ကုမ္ပဏီဖြစ်ပါသည်။ ငွေကြိုးကြာကုမ္ပဏီတွင် ယခင်ကလုပ်ကိုင်ခဲ့သော ဦးရဲနိုင်ထွန်း(ခ)ကိုနိုင်[၃/မဝတ(နိုင်)၀၅၄၂၀၅]အား ၂၃-၁၀-၂၀၁၃ ရက်တွင်လည်းကောင်း၊ ဒေါ်ရီရီခိုင်(ခ)မရင်[၃/ကဆက(နိုင်)၀၂၉၃၈၅]အား ၁၃-၁၁-၂၀၁၃ရက်တွင်လည်းကောင်း ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ တရားဝင်ထုတ်ပယ်ပြီးဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးအား ဒါရိုက်တာအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်သော်လည်း ကုမ္ပဏီ၏နာမည်ကို အသုံးပြုပြီး လူစုဆောင်းကာ ထိုင်းနိုင်ငံသို့ ဆက်လက်ပို့ဆောင်နေသည်ဟု သိရပါသဖြင့် ၎င်းတို့နှစ်ဦးနှင့် ပတ်သက်သည့်ကိစ္စအဝဝကို ကုမ္ပဏီမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ငွေကြိုးကြာကုမ္ပဏီ၏ရုံးခွဲအား ကရင်ပြည်နယ်၊ မြဝတီမြို့တွင် ဖွင့်လှစ်ထားခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်၏မိတ်ဆွေ ငွေကြိုးကြာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်(ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်း အလွဲသုံးစားပြုလုပ်ခြင်းများပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ငွေငွေဝင်း(LL.B,D.B.L,B.A.S)

တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၉၃)

အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၁၇၅၄၀

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာငွေငွေအောင် အသက်(၆၈)နှစ်

၁၇-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသော သူငယ်ချင်း ငွေငွေအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ခုနှစ်ဝင် ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်(၁၆၉)၊ မြေကွက်တည်နေရာ အမှတ်(၁၆၉)၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးစိန်ရွှေ CF-141548)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်ရွှေ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနွဲ့[၁၂/ဗတထ(နိုင်)၀၁၄၇၅၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် (၂၆၅) မြေပေါ်ရှိဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ပထမထပ်(ကန်ထရိုက်တာ ရရှိထားသော) ပေ(၁၂×၅၀)အကျယ်ရှိ ရေမီးအစုံ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မူမူအောင်[၁၄/ဖပန(နိုင်)၀၀၄၆၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ဥပဒေနှင့်အညီ ခိုင်မာသောတရားဝင် အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွင့်	**ဒေါ်ဆန်းစန္ဒာ**
B.A,H.G.P,R.L,D.B.L,Advocate(5004)	**LL.B,WIPO**
No.118-120,1st Fr,Bandolagarden St.	**အထက်တန်းရှေ့နေ**
Kyauktada, Yangon. HP:09-31042082	**(စဉ်-၂၈၂၆၉)**

တရားလွှတ်တော်ရှေ့နေ

အမှတ်-၁၂၀၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ကြော်ငြာ

ဒေါ်ကြည်ကြည် (၈၅)နှစ်
(အလက-၂၊ ရန်ကင်း)
(စိန့်ဖေဗီးယားကျောင်းဆရာမဟောင်း)

ရွှေပန်းထိမ်ဆရာကြီး(ဦးကျော်ဝင်း) ၏ဇနီး၊ (ဦးအေးလွင်)-ဒေါ်ဆွေဆွေသိန်း၊ ဦးခင်မြင့်(အကောက်ခွန်)-ဒေါ် ခင်မာကြည်၊ ဦးအေးသွင်-ဒေါ်နီလာ၊ ဦးအေးကြူ-ဒေါ်စီစီဝင်း(မူ/အုပ်-ငြိမ်း၊ အမက-၇၊ စမ်းချောင်း)၊ ဒေါ်ကြည်ကြည်ဝင်း(အထက-၁၊ တောင်ဥက္ကလာပ)၊ ဒေါ်နီနီဝင်း(မနီပန်းထိုးဆိုင်၊ အင်းစိန်ဈေး)တို့၏မိခင်၊ မြသီတာ၊ ဟန်မင်းအောင်၊ ကိုဆန်းဦး-မသက်သက်မာ၊ ဦးအောင်သူ(M.P.P.E သာကေတ)-မယဉ်မင်းမာ(လုပ်ငန်းအရာရှိ၊ ရန်ကင်းကလေးဆေးရုံ)၊ နေအောင်မြင့်-မြတ်မိုးနွယ်၊ ဒေါက်တာဖြိုးအိမ်စည်၊ မောင်အေး(သွားဆေးတက္ကသိုလ်)၊ မအိပ္ပွင့်ဖြူ၊ မောင်ထက်လင်းအောင်၊ မောင်အေးချမ်းကိုကို(B.E လှိုင်သာယာ)၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၄ ရက် နံနက် ၁၀း၀၉ နာရီတွင် သာကေတ M.P.P.E ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွန့်ညွန့်သန်း (၆၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၅)၊ သုံး/လေးလွှာနေ (ဦးထွန်းကြိုင်-ဒေါ်ကြူကြူ)တို့၏သမီးကြီး၊ (ဦးကိုကိုကြီး)၊ (ဒေါ်လှမြင့်)၊ (ဦးသောင်း-ဒေါ်သန်းသန်း)တို့၏ သမီးချွေးမ၊ ဦးဇော်မြင့်(Nagoya)၏ဇနီး၊ မအိအိခင်၊ ကိုချမ်းကျော်ကျော်ပိုင်-မမေသဇင်(ဇင်ဇင်ဇော်မြင့်)၊ မလင်းလင်းဇော်တို့၏မွေးသမိခင်၊ ဦးမိုးမင်း(Rays)- Dr. ကြူကြူဆွေဝင်း၊ ဦးထွန်းထွန်း-ဒေါ်အိအိနိုင်တို့၏အစ်မ၊ မထူးရွှေအိမ်၊ မမေသူထွန်း၊ မဆုရွှန်းပြည့်တို့၏ကြီးကြီး ဒေါ်ညွန့်ညွန့်သန်းသည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးဘရန်ရှောင်(ငြိမ်း)
ဒါရိုက်တာ၊ဂျိန်းဖော့အကယ်ဒမီကျောက်မျက်တူးဖော်ရေးကုမ္ပဏီလီမိတက်
ကြည်း/၁၂၄၃၈
OTS- (44)
အသက်(၇၃)နှစ်

၁၆-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဗိုလ်မှူးဘရန်ရှောင်(ငြိမ်း)အား နာမကျန်းဖြစ်စဉ် မေတ္တာဖြင့်စောင့်ရှောက်ကုသပေးပါသော ဒေါက်တာဇော်မွန်း၊ ပါမောက္ခ ဒေါက်တာဦးထွန်းဦး၊ ပါမောက္ခ ဒေါက်တာဦးသိန်းစော၊ သမားတော်ကြီး ဦးညွန့်နိုင်၊ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးကျော်မြင့်၊ ခွဲစိတ်ဆရာဝန် ဒေါက်တာဒေါ်သစ်သစ်ဦးနှင့် သျှင်ပါကူဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ နာမကျန်းဖြစ်စဉ် ဆုတောင်းပေးကြသော သိက္ခာတော်ဆရာတော်များနှင့် အသင်းသူ၊ အသင်းသားများ၊ ဈာပနကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ဝိုင်းဝန်းမေတ္တာဖြင့် ကူညီပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေ/ဆွေမျိုးများ၊ ချင်းနှင့် ချင်းအသင်းတော်(စမ်းချောင်း)၊ မြင်သာနှင့် ကံဘဲ့နှစ်ခြင်းအသင်းတော်များမှ မိသားစုများနှင့် ကူရှင်ကျောင်းသားဟောင်းများ၊ လုပ်ဖော်ဆောင်ဖက်များကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ [အောက်မေ့ဖွယ်ဆုတောင်း ဝတ်ပြုခြင်း အစီအစဉ်ကို ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမှတ်(၂)ပါရမီလမ်း၊ ငွေကြာရံရိပ်သာနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင့်လွင်
အသက်(၇၇)နှစ်

ဒေါ်စမ်းစမ်းဝင်း(လက်ထောက်ဒါရိုက်တာ၊ Shwe Taung Development Co., Ltd.)၏ဖခင် ဦးတင့်လွင် အသက်(၇၇)နှစ်သည် ၂၁-၄-၂၀၁၄ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
Shwe Taung Development Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းလှိုင် (မင်းပြား)
ကိုဦးမောင် (မြောက်ဦး)

၁၀-၄-၂၀၁၄ရက်တွင် အမ်းမြို့နယ်အတွင်း၌ ရုတ်တရက် ကွယ်လွန်ခဲ့ကြသော ဦးသန်းလှိုင် (မင်းပြားမြို့နယ်)နှင့် ကိုဦးမောင် (မြောက်ဦးမြို့နယ်)တို့အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေကံ့ကော်မိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မိမိကြီး(ခ)ဒေါ်ခင်မမ
အသက်(၈၂)နှစ်

(အလင်္ကာကျော်စွာ ဒဂုန်ဆရာတင်-ဒေါ်မေမေကျင်)တို့၏သမီးကြီး၊ (ဒေါ်မိမိလေး)၊ ဒါရိုက်တာမြတ်ဘုန်းမိုရ်တို့၏အစ်မ၊ [ဦးတင်မောင် (ရုပ်ရှင်ပဒေသာမဂ္ဂဇင်း)]၊ ဦးစိန်အောင်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ [ဦးတင်ထွန်း (Peter)]-ဒေါ်မိမိအေး၊ ဦးတင့်ဆန်း (ဗန္ဓုလမြို့တွင်းသယ်ယူပို့ဆောင်ရေး)-ဒေါ်မိမိထွေး၊ ဦးတင်ထွန်း(ခ)ဇောရိုး (ရင်သွေးကလေးဂျာနယ်)၊ (ဦးစိုးခိုင်)-ဒေါ်အေးမိစံ၊ (ဦးကျော်ဆန်း)၊ ဦးအေးနိုင်၊ ဦးမောင်မောင်ဟိန်း(အောင်လံသားထမင်းဆိုင်)၊ (ဦးကျော်မိုး)၊ ဦးတင်မောင်ထွဋ်(ခ)ကိုတိုး-(မတိုးတိုးအိလှိုင်)တို့၏မိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၂၁ နာရီတွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၅၃၂) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်လှမြင့်(ခ)ဒေါ်မြင့် (၇၅)နှစ်
(ပန်းတနော်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဃ/ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၄၀၁)နေ (ဦးစောမောင်-ဒေါ်စောချစ်)တို့၏ သမီး၊ (ဦးမောင်တင်-ဒေါ်လုံး)တို့၏သမီးချွေးမ၊ (ဦးထင်ကျော်)၏ချစ်လှစွာသောဇနီး၊ (ဦးလှရှိန်)-ဒေါ်ခင်နွဲ့တို့၏အစ်မ၊ ဒေါ်မျိုးမျိုးဦး(ထ-၁၊ မ/ဥ)၊ ဒေါ်မိုးမိုးမြတ်(မ-၁၊ ဗဟန်း)၊ (တကက ဦးဇော်ဝင်းထူး)၊ ဦးအောင်စိုးထက် (SEACOR MARINE Co., Ltd.)-ဒေါ်စိုးစိုး၊ ဦးအောင်ကျော်မိုး၊ ဒေါ်တိုးတိုးကျော်(ထ-၂၊ ဗဟန်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုထက်ဗိုလ်ဇော် (AMAS Shipping Co., Ltd.)၊ မဆုမြတ်နိုး(ခေတ္တ-ဂျပန်)၊ မောင်စိုးထက်လင်း (1st ဒဂုံတက္ကသိုလ်)၊ မစင်ဒီစိုးထက် (Grade-V, A၊ မ-၁၊ ဗဟန်း) တို့၏ ချစ်လှစွာသောအဘွားသည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) ည ၉း၃၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နာရေး

ဒေါ်အေးအေးသန်း (၆၇)နှစ်
(မြန်အောင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၅)၊ တေဇက္ကီကျောင်းဝန်း၊ ဇေယျာခေမာလမ်းနေ ဦးခင်ဝင်း(ခ) ဦးဝင်းထွန်းမြတ်၏ဇနီး၊ မြန်အောင်မြို့နယ်နေ (ဦးထွန်းညွန့်)-ဒေါ်ညိုတင်တို့၏ သမီး၊ (ဦးညိုစ-ဒေါ်စိန်လှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးကျော်သူ-ဒေါ်သင်းသင်းနိုင်၊ ဦးဝင်းဟန်-ဒေါ်အေးအေးခိုင်၊ ဦးအောင်ထွေး-ဒေါ်ဆွေဇင်မွန်၊ မောင်ညဏ်လူမိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်မင်းသုခ၊ မလမင်းသူ၊ မအေးသူသူမောင်၊ မောင်ဇင်မျိုးသန့်၊ မောင်ဖြိုးပြည့်စုံတို့၏ အဘွားသည် ၂၂-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးနိုင်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်၊ အိမ်ကြီးလမ်း၊ အမှတ်(၂၈)နေ (ဦးရန်နား-ဒေါ်ကျင်မွေး)တို့၏သား၊ ဦးမောင်မောင်ဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်ခင်ဝင်း၊ ဦးမျိုးမြင့်-ဒေါ်အေးအေးဝင်း၊ ဦးမြမောင်-(ဒေါ်စန်းစန်းဝင်း)၊ ဦးစိုးပိုင်-ဒေါ်မေနှင်းကြူတို့၏ အစ်ကို/မောင်၊ ကိုမင်းသူ-မဥမ္မာ၊ ကိုဇော်နိုင်-မဝင်းဝင်းဝေ၊ ကိုရန်အောင်နိုင်-မခင်ခင်ဆွေ၊ ကိုဟန်ထွန်းအောင်တို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၄(တနင်္လာနေ့) ည ၈း၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နွယ်နီ (၅၈)နှစ်
အလပြ(ငြိမ်း)၊ အထက(၁) ဒဂုံ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၅)၊ သုံးလွှာ (A)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်မောင်-ဒေါ်စန်းရင်)တို့၏သမီး၊ (ဦးအောင်မြင့်-ဒေါ်ခင်တင့်)တို့၏သမီးချွေးမ၊ ဦးမောင်ငြိမ်း-ဒေါ်အေးမြင့်၊ ဦးမြခိုင်-ဒေါ်ခင်ကြူ၊ ဦးအုန်းသော်-ဒေါ်စုစု၊ ဦးသောင်းလွင်-ဒေါ်မြမြခင်တို့၏ညီမ၊ (ဦးမောင်မြင့်)-ဒေါ်စမ်းစမ်းမြင့်၊ မဖြူဖြူဝင်း၊ မညိုညိုဝင်းတို့၏အစ်မ၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်၊ ဦးတင့်အောင်၏ဇနီး၊ မခင်စုစုအောင် (3rd Year Y.U.F.L. English)၏မိခင် ဒေါ်နွယ်နီသည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲထွေး (၄၃)နှစ်
M.O.G.E

တောင်ငူမြို့နေ (ဦးသက်)-ဒေါ်ခင်ဝင်းကြည်တို့၏ သား၊ ပဲခူးမြို့နေ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်ဆွေတို့၏ သားသမက်၊ တောင်ငူမြို့နေ (ဦးမျိုးသက်ဦး)၊ ဒေါ်ပိပိ၊ ရန်ကုန်မြို့နေ ဦးကျော်ဝင်းဦး (လ/ထ ညွှန်မှူး၊ M.P.P.E)၊ ဒေါ်ခင်နန်းဝေ၊ ဦးနိုင်ဝင်းတို့၏ ညီ/မောင်၊ ဗိုလ်ကြီးမြင့်ဇော်လင်း-မအေးသီရိ(New Day ဆီဆိုင်)၊ ကိုပြည့်စုံဟိန်း (M.P.P.E)-မယုယုလွင်တို့၏ အစ်ကိုကြီး၊ အမှတ် (အေ/၃)၊ အခန်း(၃၀၅)၊ ရှုခင်းသာအိမ်ရာနေ ဒေါ်ချယ်ရီအောင်၏ခင်ပွန်း၊ မမေမီခင်၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၄ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဟံသာဝတီဦးဝင်းတင် (၈၅)နှစ်
အယ်ဒီတာချုပ်ဟောင်း၊ ဟံသာဝတီသတင်းစာတိုက်၊ မန္တလေးမြို့
သဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးပု-ဒေါ်အမာ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးမျိုးကျော်(ငြိမ်း) (နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင်ပထမဆင့်)-(ဒေါ်လှတင့်)၊ (ဦးအုန်းကျော်)-ဒေါ်ခင်စန်း၊ ဦးတင့်ဝေ-ဒေါ်မေရှု၊ [ဦးအုန်းကျော် (ဒု-ညွှန်ကြားရေးမှူး၊ စစစ-ငြိမ်း)]-ဒေါ်တင်တင်၊ [ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) အယ်ဒီတာချုပ်၊ မြန်မာ့အလင်းသတင်းစာ-ငြိမ်း]-ဒေါ်ခင်ခင်နုတို့၏တူ၊ [ဦးမြင့်သိန်း (စခန်းမှူး-ငြိမ်း)]-ဒေါ်တင်တင်မြင့်(အမက-၂၊ လမ်းမတော်၊ ငြိမ်း)၊ ဦးမျိုးဦး-ဒေါက်တာဝေဝေနွယ်၊ ဦးကျော်မြင့်-ဒေါ်ခင်မျိုးကြည်၊ ဒေါ်ခင်မျိုးအေး၊ ဦးမျိုးအောင်-ဒေါ်သီတာစမ်း၊ ဦးတင်မောင်အေး-ဒေါ်ခင်မျိုးအုန်း (အလက-၆၊ ရန်ကင်း)၊ ဒေါ်သီတာဦး (အထက-၂၊ ရန်ကင်း)၊ ဦးကျော်စော-ဒေါ်ကေသီ၊ ဦးကျော်တင်ဦး-ဒေါ်စန္ဒာအေး၊ ဦးဝင်းကျော်-ဒေါ်နှင်းသီတာကျော်၊ ဦးအောင်ကျော်လင်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်မင်းဦး-ဒေါ်နီလာဦးတို့၏အစ်ကိုကြီး၊ ဦးကိုကိုဦး-ဒေါ်အေးအေးသက်၊ မထွန်းပပအောင်၊ မသူသူထက်၊ မမေသူသူအောင်တို့၏ ဘဘကြီးသည် ၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄ ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်
အသက်(၈၅)နှစ်
(ကြို့ပင်ကောက်)
(သဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

ကြို့ပင်ကောက်မြို့နေ (ဦးပု-ဒေါ်အမာ)တို့၏သား၊ ဥက္ကံမြို့နေ ဒေါ်တင်တင်မြင့်၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၁၀)၊ တပင်ရွှေထီးလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဒေါ်ခင်သူဇာထွန်း)၊ ဒေါ်ခင်ဆွေဆွေထွန်း၊ ဒေါ်ခင်ယဉ်ယဉ်ထွန်း(မတူး)တို့၏ မွေးစားဖခင်ကြီး ဦးဝင်းတင်သည် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၁၀)၊ တပင်ရွှေထီးလမ်း၊ အနောက်ရန်ကင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ပြည်လမ်း၊ ယုဒသာန်ခန်းမနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုရုံး(ရွှေဂုံတိုင်)တို့မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဟံသာဝတီဦးဝင်းတင်သည် ၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မေမြို့ချစ်ဆွေ

ဦးတီအောင်(ခ)ခေါ့ဘွန်တိန်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ မင်္ဂလာရိပ်သာလမ်း၊ အမှတ်(၃၄)နေ ဒေါ်ဂင်ရီ(ခ)လီကွေးရင်း၏ခင်ပွန်း၊ ဦးကြည်လင်-ဒေါ်ကေသီဦး၊ ဦးတီမင်း-ဒေါ်ကြင်ငွေး၊ ဦးအောင်မင်း-ဒေါ်ညိုညိုစိမ်း(ခ)ဒေါ်သိမ့်သီရိတို့၏ဖခင်၊ မခင်ဆုဆုလွင်၊ Jansom၊ မဆုပြည့်ရတနာတို့၏အဘိုးသည် ၂၁-၄-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်ညွန့်သန်း (၆၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၅)၊ သုံး/လေး လွှာနေ (ဦးထွန်းကြိုင်-ဒေါ်ကြူကြူ)တို့၏ သမီးကြီး၊ (ဦးကိုကိုကြီး)၊ (ဒေါ်လှမြင့်)၊ (ဦးသောင်း-ဒေါ်သန်းသန်း)တို့၏ သမီးချွေးမ၊ ဦးဇော်မြင့် (Nagoya)၏ ဇနီး၊ မအိအိခင်၊ ကိုချမ်းကျော်ကျော်ပိုင်-မမေသဇင်(ဇင်ဇင်ဇော်မြင့်)၊ မလင်းလင်းဇော်တို့၏မွေးသမိခင်၊ ဒေါ်ဆွေဆွေသန်း၏ အစ်မ ဒေါ်ညွန့်ညွန့်သန်းသည် ၂၂-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရန်ကုန်တက္ကသိုလ်
ဓြေလျှင်နှင့်တောင်တက်အသင်း
သဘာဝဓါ်သံဖောင်ဒေးရှင်း
ဒေါ်ခင်မြင့်ထွန်း
အသက်(၆၀)

၂၀၁၄ ဧပြီလ ကနေဒီတောင်တက်အဖွဲ့ဝင် ကိုမျိုးမောင်မောင်ထွန်း၏မိခင် ဒေါ်ခင်မြင့်ထွန်းသည် ၂၀-၄-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ တောင်တက်အသင်းဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။ [လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၁၆) နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။] အမှုဆောင်အဖွဲ့

ဦးလယ်ဂျီ
အသက်(၇၇)နှစ်
(မြိတ်)

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ (ဦးတော်မီ-ဒေါ်ငွေမြင်)တို့၏ သားကြီး၊ ရေပုန်းရပ်နေ (ဦးအော်ကောင်း)-ဒေါ်လားမတို့၏ သားသမက်၊ (ဦးရှိန်)-ဒေါ်တင်စိန်၊ ဒေါ်မြင့်ကြည်၊ ဒေါ်သီငယ်တို့၏အစ်ကိုကြီး၊ အမှတ်(၂၁)၊ လေးလွှာ၊ (၁၀)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြူ၏ခင်ပွန်း၊ ဦးစိုးငယ်-ဒေါ်ရီဝင်း၊ ဦးထွန်းဝေ-ဒေါ်ငွေးမူ၊ ကိုကျော်နိုင်၊ မခင်သော်တာမိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၁-၄-၂၀၁၄ ရက် ည ၁၀း၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် မြိတ်အသင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ယဉ်ကြည်(ခ)မလုံး
အသက်(၅၁)နှစ်
(မှော်ဘီ)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ပြည်လမ်း၊ (၄)ရပ်ကွက်နေ (ဦးသာအောင်-ဒေါ်တင်ရီ)တို့၏သမီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၀၂)၊ အရိုးစက်ဝန်းနေ ဦးစိုးဝင်း၊ ဦးဝင်းအောင်-ဒေါ်စန္ဒာထွန်း၊ ဦးစိုးတင့်၊ ဦးဉာဏ်ထွန်း(ခ)ဦးမိုးသီး-ဒေါ်ဝင်းဝင်းကြည်တို့၏ ညီမ၊ (ဦးငွေးအောင်)-ဒေါ်နှင်းဥမ္မာဦး၊ ဒေါ်ရင်ရင်ထွေး၊ ဒေါ်ခင်တိုးရီ၊ ဦးအောင်မျိုးခိုင်-ဒေါ်မိုးစန္ဒာတို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၂၂-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

[၂၈-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးသြဘာသ(ခ)ဗိုလ်ကြီးအောင်ကြီး
တပ်မတော်(လေ) (ငြိမ်း)
သိက္ခာတော်(၂၀)၊ သက်တော်(၈၅)နှစ်

ဒုအရာခံဗိုလ်ဝင်းဗိုလ်-ဒေါ်ငွေးငွေးဦး၊ ဗိုလ်မှူးကြီးဇော်မင်း [တပ်မတော်(လေ) (ငြိမ်း)၊ လေယာဉ်မှူးကြီး၊ Air Bagan]-ဒေါ်နီလာညွန့်၊ ဒေါ်ခင်အေးမင်း၊ တပ်ကြပ်ကြီးဟန်မင်း-ဒေါ်မိုးနှင်းအေး၊ ရဲအုပ်ထွန်းထွန်း-ဒေါ်ဝင်းစန္ဒာ၊ ဒေါ်သိင်္ဂီဇွန် (DCA)တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သူရမောင်သိန်းခန်းမ၊ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်(ဟသ်ာတ) (၈၉)နှစ်

